www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ကြူမွေး

# အဝါကတ်ပြုပြီး မှန်းတာလား
# အနီကတ်ပြုပြီး မှန်းတာလား

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

# အခန်း(၁)

## ထူးရှယ် ဒါရိုက်တာကြီး

ဒါရိုက်တာကြီး မင်းဘီလူးဟုဆိုလျှင် ရုပ်ရှင်နှင့် ဗီဒီယိုလောကတွင် မသိသူ မရှိအောင် ကျော်ကြားလှသည်။ ကျော်ကြားသလောက်လည်း သူရိုက်ကူးပြသခဲ့သမျှ ရုပ်ရှင်ကားတွေမှာ အကုန်လုံးလိုလို ပေါက်သွားခဲ့ကြသည်ချည်းပင်။

သူသည် ဇာတ်ကားရိုက် တော်သည်သာ မဟုတ်သေး။ မျက်နှာသစ်မင်းသားနှင့် မင်းသမီးများကိုလည်း မွေး

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပေးနိုင်သူ။ ထို့ပြင် နာမည်ရမင်းသား၊ မင်းသမီးများနှင့် အရံဇာတ်ကောင်များကို ဇာတ်လမ်းနှင့် အံဝင်ခွင်ကျအောင် လည်း သင်ပြပေးနိုင်သူ။ ထိုသို့ သင်ပြပေးရာ၌လည်း သူမတူ အောင် ထူးချွန်လှသည်။

ဒါရိုက်တာကြီး မင်းဘီလူး၏အသက်မှာ ဤဝတ္ထု စတင်နေသောအချိန်တွင် အသက် (၆၀)ကျော်ခန့်ရှိနေပြီ ဖြစ် သည်။

သူ၏ရုပ်သွင်ကို အဟုတ်မြင်အောင် သရုပ်ဆောင်ကာ တင်ပြရမည်ဆိုလျှင် အသားကမည်းမည်း၊ လူက ဝဝဖြိုဖြိုး။ အရပ်က ငါးပေနှင့်နှစ်လက်မခန့်ဆိုတော့ ပုပုဖြတ်ဖြတ် အရုပ်မျိုး ရှိသူဟု ဆိုရပေမည်။ သူထားသော ဆံပင်ကလည်း ကတုံး ဆံတောက်။

သူက အရက်တော့ လုံးဝမသောက်။

သို့သော် ကွမ်းယာနှင့် ဆေးလိပ်ကိုတော့ သောက်မှ သောက်။ အံ့ဩလောက်သည်က သူသည် စိတ်တိုတတ်သူ တစ်ဦး မဟုတ်သော်လည်း သူသင်ကြားပြသမှုများကို တိတိ ကျကျမလုပ်ဘဲ မကြာခဏ ချွတ်ချော်လွဲမှားရင်တော့ အဆဲ





များနှင့် မလွဲမှားဘဲ ဆူပူကြိမ်းမောင်းတတ်သည်။

သူသည် ရုပ်ရှင်နယ်သို့မရောက်မီအချိန်က စီးပွားရေး ကြော်ငြာလောက်ကိုသာ ရိုက်ကူးနေသော ဒါရိုက်တာတစ်ဦး ဖြစ်ခဲ့သည်။

ထိုစီးပွားရေး ကြော်ငြာများကို လေးငါးခုမျှ ရိုက်ကူး ၍အပြီးတွင် သူ့မှာ နာမည်ရလာခဲ့သည်။

သူနှင့်ခင်မင်သော မိတ်ဆွေအချို့က ရုပ်ရှင်နှင့်ဗီဒီယို ကားများ ရိုက်ကူးရန် ဝိုင်းဝန်းတိုက်တွန်းခဲ့ကြသည်။

ထိုတိုက်တွန်းချက်အတိုင်း သူသည် ဗီဒီယိုငါးကား အထိ ရိုက်ကူးကြည့်ခဲ့သည်။

ထိုဗီဒီယိုကားများကလည်း အောင်မြင်ခဲ့တော့မှ သူ သည် ရုပ်ရှင်ကားကြီးဘက်သို့ တစ်ဆင့်လှမ်းကာ မြေစမ်း ခရမ်းပျိုးသလို လုပ်ကြည့်ခဲ့သည်။

သူ၏ ပထမဆုံးကားကြီးမှာ ယုံနိုင်ဖွယ်မရှိအောင် ဝင်ငွေကောင်းကာ ပေါက်သွားခဲ့သည်။

ဤတွင် သူထံသို့ ရုပ်ရှင်ကုမ္ပဏီပေါင်းစုံက ငွေထုပ် ပိုက်ကာ ရောက်လာခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ ယနေ့မြန်မာနိုင်ငံတော်၏ အနုပညာလောကတွင် မဆန်းတော့ပါ။

အနုပညာရှင်တစ်ဦး အောင်မြင်လျှင် ငွေရှင်ကြေးရှင်များက ငွေထုပ်ပိုက်ကာ ဖူးဖူးမှုတ်ထားကြသည်။

အဲ… ကျဆုံးသွားလျှင် ပိုးတူဟဲ(လ်)လုပ်ကာ လှည့်၍ပင် မကြည့်ကြတော့ပေ။

ဒါရိုက်တာကြီး မင်းဘီလူးတွင် ထူးခြားချက်တစ်ချက်ရှိသည်။ ဒါကတော့ သူရိုက်ကူးခဲ့သော ရုပ်ရှင်ကားကြီးများတွင် ရုပ်ပါတန်းဝင် မင်းသား၊ မင်းသမီးများကို မသုံးခဲ့ခြင်းပင်။

ထိုသို့ သူ မသုံးခဲ့ရခြင်းမှာ အကြောင်းသုံးချက်ရှိသည်။ (တစ်) ရုပ်ပါတန်းဝင် မင်းသား၊ မင်းသမီးများကိုသုံးလျှင် သူလိုသလောက် ရိုက်ရက်မရခြင်း။ (နှစ်) ဇာတ်လမ်းတွင်ပါရှိသော ဇာတ်ကောင်အတိုင်း သရုပ်ဆောင်နိုင်းလျှင် ဆင်ခြေဆင်လက်တွေပေးကာ ကြေးထူတတ်ခြင်းနှင့် (သုံး) ရက်ချိန်းလည်းမမှန်၊ အချိန်ကိုလည်း လေးစားမှုမရှိခြင်းတို့ကြောင့်ပင်။

သည်တော့ ဒါရိုက်တာကြီး မင်းဘီလူးမှာ သူရိုက်ကူးမည့် ဇာတ်လမ်းအတိုင်း လိုက်ဖက်မည့် သရုပ်ဆောင်အသစ်များကိုသာ ရှာကြံ၍ ရိုက်ကူးနေတော့သည်။





မျက်နှာသစ် သရုပ်ဆောင်တွေကတော့ သူပြောသမျှ၊ ခိုင်းသမျှတွေကိုလည်း ကျိုးနွံစွာလုပ်တတ်ကြသည်။ ရိုက်ရက်အတွက်လည်း သူ့မှာ ပူပင်စရာလုံးဝမရှိ။ သူအလိုရှိသလောက် ရက်တွေကိုယူ၍ ရိုက်ကူးနိုင်သည်။

သို့ဖြစ်၍ ဒါရိုက်တာကြီး မင်းဘီလူးမှာ ဇာတ်ကားသစ်တစ်ကား ရိုက်ကူးတော့မည်ဆိုလျှင် မျက်နှာသစ်ထဲက မင်းသား သို့မဟုတ် မင်းသမီးကို ရှာဖွေရတော့သည်။

သူတင်ပေး၍ နာမည်လည်းကြီး၊ အကယ်ဒမီဆုကြီးကိုလည်း ရသွားကြသော မင်းသား၊ မင်းသမီးများလည်း ရှိပေသည်။

သို့သော် နာမည်မရခင်ကသာ သူ့စကားနားထောင်ပြီး ရုပ်ပါစတားဘဝသို့ ရောက်သွားခဲ့ကြသောအခါတွင်တော့ သူ့စကားနားထောင်ရန် မဆိုထားဘိနှင့်၊ သူရိုက်မည့် ဇာတ်ကားကိုပင် လက်မခံကြတော့ပေ။

သူ့ကို ကျော်ဖူးကန်းသွားခဲ့ကြသည်။ ကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲတွင် သူ့ကျေးဇူးကို အထူးသိတတ်သော စူပါ မင်းသမီးတစ်ဦးရှိနေသည်။

သူကား ယနေ့ ရုပ်ရှင်၊ ဗီဒီယိုနှင့် ကြော်ငြာလောက တွင် စူပါထိပ်တန်းဝင် မင်းသမီး မြတ်ဝင်းလဲ့မွန်ဆိုသူကလေး ပင်။

သူမတော့ ဒါရိုက်တာမင်းဘီလူးကို အလွန်လေးစား ကာ မိဘတစ်ဦးလိုလည်း သဘောထားသည်။

အမှန်တော့ ဒါရိုက်တာမင်းဘီလူးမှာ မြတ်ဝင်းလဲ့မွန် အတွက် အလွန်ကျေးဇူးတင်ထိုက်သော ကျေးဇူးရှင်ကြီးလည်း ဖြစ်သည်။

သူမကို သာမန်အရုပ်သူကလေးဘဝမှ ယခုလို နိုင်ငံ ကျော် စူပါမင်းသမီးကြီး ပြုလုပ်ပေးသူမှာ ဒါရိုက်တာ မင်း ဘီလူးဖြစ်သည်။

ဒါရိုက်တာမင်းဘီလူးမှာ သရုပ်ဆောင်ပညာနှင့်ပတ် သက်၍ လုံးဝ တတ်ကျွမ်းခြင်းမရှိခဲ့သော သူမကို စိတ်ရှည် လက်ရှည် သင်ကြားပြသပေးခဲ့သည်။

သူမကလည်း ဆရာ မင်းဘီလူး သင်ကြားပေးသည့်





အတိုင်း ကြိုးစားပမ်းစား လိုက်နာခဲ့သည်။

သို့ဖြစ်၍လည်း မြတ်ဝင်းလဲ့မွန်မှာ ပထမဆုံးပါဝင် ခဲ့သော ရုပ်ရှင်ကားကြီးတစ်ကားတည်းနှင့် အောင်မြင်ကျော် ကြားသွားခဲ့သည်။

ယခုမူ မြတ်ဝင်းလဲ့မွန်မှာ ရုပ်ရှင်ချစ်သူများ၏ ပါးစပ် များတွင် ရေပန်းစားလျက်ရှိသည်။

မြတ်ဝင်းလဲ့မွန်ဟူသော အမည်တို့လည်း မင်းဘီလူး က ပေးခဲ့ခြင်းပင်။

သူမ၏အမည်ရင်းမှာ လဲ့မွန်သာဖြစ်သည်။

လဲ့မွန်မှာ ရန်ကုန်မြို့သူမဟုတ်ပေ။

ရွှေမန်းသူကလေးဖြစ်သည်။

ရွှေမန်းသူပီပီ အရုပ်အမောင်းကောင်းသည်။

သူမ၏အရုပ်မှာ ငါးပေခြောက်လက်မခန့် ရှိနေ၍ အရပ်ပုသောမင်းသားများနှင့် တွဲရန် မလိုက်ဖက်ပေ။ ကိုယ်လုံး ကိုယ်ထည်ကလည်း အလွန်လှပ၍ တောင့်တင်းသည်။ သူမ၏ အသားကတော့ ညိုသည်။

သို့သော် ထိုညိုသောအသားကို မိတ်ကပ်များနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခြယ်သကာ မီးအလင်းရောင်နှင့် ရုပ်ရှင်ရိုက်လျှင်ဖြစ်စေ၊ ဓာတ်ပုံရိုက်လျှင်ဖြစ်စေ လဲ့မွန်၏မျက်နှာကလေးမှာ အလွန်ပေါ်လွင်ကာ အရမ်းကိုလှပနေသည်။

ခေတ်ပညာအနေနှင့်တော့ ဆယ်တန်းအောင်ရုံသာရှိသည်။ အသက်ကလေးကလည်း ငယ်သေးသည်။

လဲ့မွန် မင်းသမီးဖြစ်စဉ်က အသက် (၁၈)နှစ်ခန့်သာရှိသည်။

ယခုအချိန်တွင်တော့ လဲ့မွန်၏အသက်မှာ (၂၀)နှစ်ကျော်ရုံခန့် ရှိနေပြီဖြစ်သည်။

ဒါရိုက်တာကြီး မင်းဘီလူးကို ဆရာသမားအဖြစ်နှင့်သာမက မိဘတစ်ဦးလိုလည်း သဘောထားသူမို့ တစ်ခါတစ်ရံ၌ လဲ့မွန်သည် သမီးငယ်ကလေးလို နွဲ့ဆိုးဆိုးတတ်သောညာဉ်ကလည်း ရှိသည်။

ဒါရိုက်တာကြီး မင်းဘီလူးတွင် ဒေါ်ရွှေယုန်အမည်ရှိ ဇနီးသည်တစ်ဦးရှိသည်။

အသက်ကတော့ မင်းဘီလူးထက် ငါးနှစ်ခန့်ငယ်သည်။





ဒေါ်ရွှေယုန်မှာ မင်းဘီလူး ဒါရိုက်တာမဖြစ်မီကတည်းက ပေါင်းသင်းခဲ့သူဖြစ်သည်။

ဒါရိုက်တာမဖြစ်မီက မင်းဘီလူး၏ဘဝမှာ ဆင်းရဲလှသည်။ ဝင်ငွေလည်း ရှိရှာသူမဟုတ်။

သူ့ကို ဇနီးဖြစ်သူ ဒေါ်ရွှေယုန်က အကြော်စုံရောင်း၍ ရှာဖွေကျွေးမွေးခဲ့ရသည်။

မင်းဘီလူး အလွန်ဝါသနာပါလှသော အနုပညာလုပ်ငန်းကိုလည်း အားပေးခဲ့သူဖြစ်သည်။

အားပေးသည်ဟုဆိုသော်လည်း ဒေါ်ရွှေယုန်က သူ့ကို ရာဇသံတစ်ခုတော့ ပေးထားခဲ့သည်။

ထိုရာဇသံမှာ အခြားမဟုတ်ပေ။

'ရှင် ဒါရိုက်တာဖြစ်ရင် အခုအတိုင်းပဲ ကျွန်မ အပေါ်မှာ သစ္စာရှိရှိနဲ့ ပေါင်းပါ။ ဒီလိုမဟုတ်ဘဲ မင်းသမီးတွေနဲ့ရှုပ်မယ်၊ အငယ်အနှောင်းတွေလည်း ထားမယ်ဆိုရင်တော့ ရွှေယုန်က ရှင့်ကို အကြောင်းပြလိုက်မယ်သိလား'

ထိုပြောသံကြောင့် မင်းဘီလူးက ဟာသနှောတာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောသည်။

'အလိုလေးလေး… မင်းရဲ့အကြောင်း ပြနေစရာမလို ပါဘူး မိန်းမရယ်၊ ငါက နေ့တိုင်းမြင်တွေ့နေရတဲ့ ဟာ။ ဟဲ… ဟဲ…'

'ဘာ… ဘာ… ဘာမြင်တွေ့နေရတာလဲ။ မဟုတ် တာမပြောနဲ့နော်'

'မဟုတ်တာပြောတာ မဟုတ်ပါဘူး။ မင်း ဘယ်လို စိတ်ထားရှိတယ်ဆိုတဲ့ မင်းအကြောင်းကို သိနေတယ် လို့ပြောတာပါကွာ'

'ကောင်းပြီ… အကြောင်းသိရင် ပြီးတာပဲ။ နောင် နိုင်ငံကျော်ဒါရိုက်တာကြီးဖြစ်မှ ဖောက်ပြန်တယ် ဆိုရင်တော့ ရွှေယုန်က လေကုန်ခံပြီး ပြောမနေတော့ ဘူး။ ရှပ်ရှပ်ယှက်ယှက်လုပ်တာနဲ့ ရှင့်ကို ဒုတ်ဒုတ် ဒုတ်ဒုတ်မြည်အောင် ဆော်ထည့်လိုက်ရင် ဝုတ်ဝုတ် ဝုတ်ဝုတ်နဲ့အော်ရင်း ငုတ်တုတ်ကလေး အသက် ပျောက်ပြီး နရက်ကို ရောက်သွားစေရမယ် သိလား၊ ဟွန်း…'





'ဒီအတွက်တော့ စိတ်ချပါ။ ငါ့ အနုပညာလောက ဝင်တာဟာ မိန်းမတွေနဲ့ ဇာတ်လမ်းရှုပ်ဖို့ မဟုတ် ပါဘူးကွာ။ ငါ အာမခံပါတယ်။ ဟဲ… ဟဲ…'

ဒါရိုက်တာကြီး မင်းဘီလူးက ဒေါ်ရွှေယုန်ကို အာမခံ ပေးနေသည်။ အာမခံပေးထားခဲ့သည့်အတိုင်းလည်း မင်းဘီလူး မှာ ယနေ့ နိုင်ငံကျော်ဒါရိုက်တာကြီးဖြစ်နေသည့်အထိ မိန်းမ များနှင့် ရှုပ်ပွေခြင်းမရှိခဲ့ပေ။

ထိုကဲ့သို့ ရှုပ်ပွေခြင်းမရှိသည်မှာ သူ၏ဂုဏ်သိက္ခာကို အပျက်မခံသည်ကတစ်ကြောင်း၊ နောက်တစ်ကြောင်းမှာ သူ သည် ဇနီးဖြစ်သူကို အလွန်ကြောက်ရသော Hen pecked husband မယားကြောက်ကြီး ဖြစ်နေ၍ပင်။

ထိုအကြောင်းချည်းနှင့်သာမက အမှန်တော့ မင်းဘီလူး မယားကြောက်ခြင်းမှာ သူ့ဇနီးဒေါ်ရွှေယုန်ကို ချစ်လွန်း၍ ကြောက်နေခြင်းလည်း ဖြစ်ပေသည်။ သူတစ်ဦးတည်းသာ မဟုတ်ပေ။

•မယားကိုကြောက်ကြရသော လင်ယောကျ်ားတိုင်းမှာ ဇနီးမယားကို အလွန်ချစ်ကြ၍ ချစ်ရာမှ ကြောက်နေခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြောက်သည်ဟုဆိုရခြင်းမှာ ဇနီးဖြစ်သူ စိတ်ဆိုး စိတ်ကောက်မည်ကို စိုးရိမ်၍ ကြောက်နေကြခြင်းသာ။

သူ့ရာသက္ကိနည်း၍ ကြောက်ကြခြင်းတော့ မဟုတ်ပေ။

တစ်နေ့တွင် သူ၏တပည့်တစ်ဦးဖြစ်သော ရဲနီ လာပေးခဲ့သည့် ဇာတ်လမ်းတစ်ခုကို ဖတ်ပြီး ရုပ်ရှင်ကားကြီးရိုက်ရန် ဆုံးဖြတ်လိုက်သည်။ ဇာတ်ကားအမည်ကိုလည်း 'ချစ်ကြစို့ ပျော်ပျော်' ဟူ၍ သူက အမည်ပေးလိုက်သည်။

ထိုဇာတ်လမ်းအတွက် မင်းသမီးကိုတော့ သူ့တပည့်မ မြတ်ဝင်းလဲ့မွန်နှင့် ရိုက်မည်ဖြစ်ပြီး မင်းသားနေရာကိုတော့ သူ စဉ်းစားနေသည်။

လက်ရှိစူပါမင်းသားများကို စဉ်းစားကြည့်သည်။

တစ်ဦးမှ သူရိုက်မည့်ဇာတ်လမ်းနှင့် အံဝင်ခွင်ကျမည့် သူကိုမတွေ့ပေ။ သည်တော့ သူ့မှာ ဇာတ်လမ်းနှင့် အံဝင်ခွင်ကျ ကာလိုက်ဖက်ညီမည့် မင်းသားသစ်ကို ရှာရပေတော့မည်။

မင်းဘီလူးအတွက်တော့ မျက်နှာသစ်မင်းသားကိုရော မင်းသမီးကိုပါ ရှာဖွေရသည်မှာ အဆန်းမဟုတ်တော့ပေ။

ယခင်ကလည်း သူရိုက်ကူးမည့်ဇာတ်လမ်းနှင့် လိုက်





ဖက်မည့် မျက်နှာသစ် မင်းသားနှင့် မင်းသမီးကို ရှာခဲ့ဖူးသူ ဖြစ်သည်။

သူ့ရုပ်ရှင်ကုမ္ပဏီကလည်း သူ ဇာတ်ကားရိုက်မည် ဆိုလျှင် မျက်နှာသစ်ဇာတ်ကောင်တွေနှင့်ပဲရိုက်ရိုက်၊ စူပါ စတားတွေနှင့်ပဲရိုက်ရိုက် သူ့စိတ်တိုင်းကျ လွှတ်ပေးထားခဲ့ သည်။ မည်သည့်အခါမှ ဝင်ရောက်စွက်ဖက်ခြင်း မပြုပေ။

မင်းဘီးလူး ရိုက်လျှင် အသစ်နှင့်ရိုက်ရိုက်၊ အဟောင်း နှင့်ပဲရိုက်ရိုက် စွံရမည်ဟု ယုံကြည်ထားကြ၍ပင်။

မင်းဘီလူးအနေနှင့် မျက်နှာသစ်ဇာတ်ကောင်များကို ရှာရသည်မှာ သိပ်တော့မလွယ်ပေ။

သူက အခြားဒါရိုက်တာများလို သတင်းစာမှနေ၍ မင်းသား၊ မင်းသမီးသစ်များကို ကြော်ငြာကာ ခေါ်လေ့ရှိသူ မဟုတ်။ သူ့ဘာသာ နယ်တကာဆင်း၍ ဇာတ်လမ်းနှင့် လိုက် ဖက်ညီမည့် မင်းသား၊ မင်းသမီးသစ်များကို ရှာတတ်သည်။

ယခု စူပါမင်းသမီးဖြစ်နေသော မြတ်ဝင်းလဲ့မွန်ကို လည်း ဒါရိုက်တာကြီးမင်းဘီလူး လိုက်လံရှာဖွေရာမှ တွေ့ရှိ ခဲ့ခြင်းပင်။ ထိုကဲ့သို့ ရှာဖွေရာတွင် အချိန်အားဖြင့် တစ်လမှ



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လ၊ တစ်ခါတစ်ရံ တစ်နှစ်အထိ ကြာတတ်သည်။

အချိန်မည်မျှပင် ကြာစေကာမူ ဒါရိုက်တာကြီးမင်းဘီလူးကတော့ ဖွဲမလျှော့ဘဲ စိတ်ရှည်ရှည်နှင့် သူ့ဇာတ်နှင့် လိုက်ဖက်ညီမည့် ဇာတ်ကောင်ကို ရှာတတ်သည်။

ဟော… ယခုလည်း သူ့ဇာတ်နှင့်လိုက်ဖက်ညီမည့် မင်းသားသစ်ကို စတင်၍ရှာဖွေနေလေပြီ။

✵ ✵ ✵



# အခန်း(၂)

'ရေငတ်တုန်း ရေတွင်းထဲကျ' ဟူသော စကားကို သုံးရမလား၊ သို့မဟုတ် 'နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်' ဟူသော စကားကို သုံးရမည်လားမသိ။

ဒါရိုက်တာကြီး မင်းဘီလူးမှာ သူရိုက်ကူးတော့မည့် **'ချစ်ကြစို့ပျော်ပျော်'** ဇာတ်လမ်းနှင့် လိုက်ဖက်မည့် မျက်နှာသစ် မင်းသားလောင်းတစ်ဦးကို ရှာဖွေနေသည်မှာ တစ်လခန့်အရွယ်တွင် မမျှော်လင့်ဘဲ တွေ့ရှိသွားခဲ့၍ပင်။

ထိုသူကား ချစ်ဦးမောင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးမောင်မှာ အသက် (၂၂)နှစ်ခန့်သာ ရှိသေးသည်။ အသားကဖြူဖြူ၊ အရပ်က ငါးပေရှစ်လက်မခန့်။ ကိုယ်လုံးကိုယ်ထည်က ကြံ့ခိုင်၍ မျက်နှာသွယ်သွယ်နှင့် ယောကျ်ားချော ချောသူဖြစ်သည်။

ချစ်ဦးမောင်၏ ဇာတိမှာ မော်လမြိုင်မြို့မှ ဖြစ်သည်။

ခေတ်ပညာအနေနှင့်တော့ ရန်ကုန်တက္ကသိုလ်တွင် တတိယနှစ်အထိ သမိုင်းအဓိကဘာသာနှင့် သင်ယူခဲ့ဖူးသည်။

တက္ကသိုလ်မှထွက်ခဲ့ပြီး နှစ်နှစ်ခန့်တော့ ဟိုယောင်ယောင် သည်ယောင်ယောင်နှင့် ဖြစ်နေခဲ့ပေသေးသည်။

ထို့နောက်မှ သင်္ဘောသားအဖြစ်နှင့် ဂရိကုမ္ပဏီပိုင် ပင်လယ်ကူးသင်္ဘောကြီးတွင် လုပ်ကိုင်နေသည်။

ယခု ဤဝတ္ထုစတင်ချိန်တွင် ချစ်ဦးမောင်မှာ နိုင်ငံခြားတွင် နှစ်နှစ်ခန့် သင်္ဘောလိုက်နေရာမှ အမိနိုင်ငံတော်သို့ ခေတ္တ ပြန်ရောက်လာခြင်းဖြစ်သည်။

မင်းဘိလူးနှင့် ဆုံတွေ့ရခြင်းမှာ အခြားကြောင့်မဟုတ်ပေ။ ချစ်ဦးမောင်နှင့် သင်္ဘောအတူလိုက်နေသော သူငယ်ချင်းဖြစ်သူ သိန်းထိုကြောင့် ဖြစ်သည်။





တစ်နေ့တွင် သိန်းထိုက မင်းဘိလူး၏ဇနီး ဒေါ်ရွှေယုန်ထံသို့ နိုင်ငံခြားမှယူလာခဲ့သော ပစ္စည်းများကို လက်ဆောင်ပေးရန် ချစ်ဦးမောင်ကိုပါ ခေါ်သွားခဲ့သည်။

သိန်းထိုမှာ ဒေါ်ရွှေယုန်၏ တူအရင်းဖြစ်သည်။

ချစ်ဦးမောင်ကလည်း အလုပ်အားနေသူမို့ သိန်းထိုနှင့်အတူ လိုက်ပါသွားခဲ့သည်။

ထိုအချိန်တွင် ဒါရိုက်တာကြီး မင်းဘိလူးမှာလည်း ဒေါ်ရွှေယုန်နှင့်အတူ အိမ်တွင်ရှိနေခိုက်ဖြစ်သည်။

မင်းဘိလူးမှာ ချစ်ဦးမောင်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက်–

'ဟာ… ဟုတ်ပြီ၊ ငါ့အကြိုက်တွေ့သွားပြီဟေ့'ဟု၍ အရင်းမရှိ အဖျားမရှိ ဝမ်းသာအားရနှင့် ထအော်တော့သည်။

အနီးရှိ ဒေါ်ရွှေယုန်က သူ့ဘက်သို့ မျက်စောင်းထိုးကာ ကြည့်ရင်း ဆူတော့သည်။

'ဘာအကြိုက်တွေ့တာလဲ။ ဟိုက မောင်သိန်းထိုဖြင့် အိမ်ပေါ်မရောက်သေးဘူး။ အထုပ်တွေကို မြင်တာနဲ့ အရှက် မရှိဘဲ ဝမ်းသာအားရ ထအော်ရသလားတော့၊



www.burmeseclassic.com

www.burmeseclassic.com



ဣန္ဒြေလည်း ထိန်းစမ်းပါဦး၊ ဟွန်း…'

'ဟာကွာ… ငါက လက်ဆောင်ပေးဖို့လာတဲ့ အထုပ်တွေကိုမြင်လို့ ဝမ်းသာပြီး အော်တာမဟုတ်ဘူး။ မောင်သိန်းထိန့် ပါလာတဲ့ သူငယ်ကိုမြင်လို့ ဝမ်းသာပြီး အော်မိတာ'

'အမယ်လေးတော်… လူကိုမြင်ရုံနဲ့ ဝမ်းသာအားရနဲ့ ထပြီးအော်ရအောင် ဒီသူငယ်ကို ရှင်က သားမက်တော်ချင်နေလို့လား'

'တယ်… ဒီမိန်းမ ငါပြောလိုက်ရ မကောင်းဘဲနေရော့မယ်။ သားမက်တော်ရအောင် တို့မှာ သမီးမှမရှိတာ။ ငါ ဝမ်းသာသွားတာက ငါရှာနေတဲ့ ဓာတ်လမ်းနဲ့ လိုက်ဖက်ညီမယ့်သူကို မမျှော်လင့်ဘဲ တွေ့လိုက်ရလို့ကွ၊ သိပြီလား'

'ဩော်… ဒီလိုလား၊ ဒါဆို လွတ်စေ၊ အဲ… အဲ… ဒါပေမဲ့ ဟိုသူငယ်က ရှင် မျှော်လင့်ထားသလို မင်းသားမလုပ်ရင်ကော'

'ဒါကတော့ သူ့ကို အစွမ်းကုန်နားချရမှာပေါ့ကွာ'





သူတို့ပြောနေကြခိုက် အိမ်ပေါ်သို့ သိန်းထိနှင့် ချစ်ဦးမောင်တို့ တက်လာခဲ့ကြသည်။

'လာကြဟော့… မောင်သိန်းထိတို့၊ မင်းတို့ ဘယ်တုန်းက နိုင်ငံခြားက ပြန်ရောက်ကြတာလဲ'

ဒေါ်ရွှေယုန်က စတင်၍ သိန်းထိကို မေးနေသည်။

'တစ်နေ့ကပဲ ဒေါ်ကြီးရေ'

သိန်းထိက ပြောရင်း သူတို့ရှေ့တွင်ရှိ နှစ်ယောက်ထိုင်ကြိမ်ကုလားထိုင်ပေါ်၌ ထိုင်သည်။

ဒါရိုက်တာကြီး မင်းဘီလူးကတော့ သိန်းထိကို ဂရုမစိုက်နိုင်ဘဲ ချစ်ဦးမောင်ကိုသာ စိတ်ဝင်စားစွာနှင့် စိုက်ကြည့်နေသည်။

'ဟော့ကောင်… ဝင်ထိုင်လေကွာ'

မတ်တတ်ရပ်လျက်ရှိသော ချစ်ဦးမောင်ကို သိန်းထိက သူ၏ဘေးတွင် ထိုင်ခိုင်းနေသည်။

ချစ်ဦးမောင် ထိုင်မည်အပြုတွင် မင်းဘီလူးက 'ဟော့… ဟော့… သူငယ် မထိုင်နဲ့ဦး။ ခုနလို ခဏရပ်နေစမ်း' ဟု လှမ်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဦးလေး ဘာဖြစ်လို့ မတိုင်ခိုင်းတာလဲ'

သိန်းထိုက နားမလည်ဟန်နှင့် ဝင်မေးသည်။

'သူ့ကို ငါ လေ့လာချင်လို့ပေါ့ကွာ။ ဟော့… ဒီမယ်

သူငယ်၊ မင်း နည်းနည်းလျှောက်ပြစမ်းကွာ'

မင်းဘိုလူးက သိန်းထိုကို ပြန်ပြောနေရာမှ တဆက်တည်း ချစ်ဦးမောင်ကို လမ်းလျှောက်ခိုင်းနေသည်။

သူ ခိုင်းသည့်အတိုင်း ချစ်ဦးမောင်ကလည်း အခန်းထဲတွင် လမ်းလျှောက်ပြသည်။

'ဟော့… ဟော့… မင်း လမ်းလျှောက်တဲ့အခါ ဖင်

ကိုလှုပ်ပြီး မလျှောက်တတ်ဘူးလားကွ'

မင်းဘိုလူးက ချစ်ဦးမောင်ကို လှမ်းမေးနေသည်။

'ဟာဗျာ… ဆရာကြီးကလည်း ဖင်လှုပ်လျှောက်ရ

အောင် ကျွန်တော်က အခြောက်မဟုတ်ဘူးလေ၊

အဟဲ…'

ချစ်ဦးမောင်က ပြန်ပြောသည်။

ဒေါ်ရွှေယုနှင့် သိန်းထိုတို့ကတော့ ရယ်နေကြသည်။

'ကဲ… ကဲ… ဒီလိုဆိုရင် ငါ့ရှေ့မှာ ကျန်းမာရေး





လေ့ကျင့်ခန်း နည်းနည်းလောက်လုပ်ပြစမ်းကွာ'

မင်းဘိုလူး၏ စကားအဆုံးတွင် သိန်းထိုက ဝင်မေးသည်။

'ဟင်… ဦးလေး သူ့ကို ဘာဖြစ်လို့ အခုလိုခိုင်းနေရ

တာလဲ၊ ကာယနည်းပြဆရာ လုပ်ခိုင်းမလို့လား'

'မဟုတ်ပါဘူး… နောက်မှ ငါ ရှင်းပြပါ့မယ်။

ကဲ… မောင်သူငယ် လုပ်လေကွာ'

ချစ်ဦးမောင်မှာ မင်းဘိုလူးခိုင်းသည့်အတိုင်း ကျန်းမာရေးလေ့ကျင့်ခန်းကို လုပ်ပြနေရသည်။

'ကြိုက်ပြီဟော့… ကြိုက်တယ် မင်းကို ငါ သိပ်

ကြိုက်သွားပြီ'

မင်းဘိုလူးမှာ အလွန်ကျေနပ်အားရနေသည်။

ချစ်ဦးမောင်က သူလုပ်နေသော ကျန်းမာရေးလေ့ကျင့်ခန်းကို ရပ်၍ မင်းဘိုလူးကို မေးသည်။

'ကဲ… ဆရာကြီး၊ နောက်တစ် ဘာခိုင်းဦးမှာလဲ'

'အိမ်း… ခိုင်းရဦးမယ်။ မင်း ဖိုက်တတ်သလား'

'ဟာ… အရမ်းကို ဖိုက်ကက်တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးမောင်က ခပ်ကြွားကြွားကလေး ပြန်ပြောသည်။

'ဒါဖြင့် ဖိုက်စမ်းကွာ'

'ဗျာ… ဘယ်သူနဲ့ ဖိုက်ရမှာလဲ၊ ဆရာကြီးနဲ့ ဖိုက်ရမှာလား။ ဒီလိုဆိုလာလေ…ဆရာကြီးကို ကျွန်တော့် လက်သီးတစ်လုံးတည်းနဲ့ နော့ကောက်(တ်)ကျသွားအောင် ဖိုက်ပြမယ်'

'ဗုဒ္ဓေါ… ငါ့ကိုတော့ လာမဖိုက်ပါနဲ့ကွာ။ မင်းဘာသာ တစ်ယောက်တည်း ဖိုက်ပြစမ်းပါ။ ငါကြည့်ချင်လို့'

'ကောင်းပြီ… ဒါဆိုရင် ဆရာကြီးကြည့်နေ၊ ကျွန်တော် အမျိုးမျိုး ဖိုက်ပြမယ်'

ချစ်ဦးမောင်က ပြောရင်း ဖိုက်ပြရန် ဟန်ပြင်သည်။

'ကြည့်… ဟောဒါက မိုက်တိုင်စင်ရဲ့ ဖိုက်နည်း'

ချစ်ဦးမောင်ကပြောရင်း ကမ္ဘာကျော်လက်ဝှေ့ချန်ပီယံလောင်း မိုက်တိုင်စင်၏ ဟန်မျိုးနှင့် လက်ဝှေ့ထိုးပြသည်။

'ဟောဒါကတော့ ဘာရုစလီရဲ့ သိုင်းကွက်ခင်ဗျ'

ချစ်ဦးမောင်သည် မိုက်တိုင်စင်၏ လက်ဝှေ့ထိုးကွက်မှ ဘာရုစလီ၏သိုင်းကွက်သို့ ပြောင်း၍ပြနေသည်။





'ဟောဒီဟာကတော့…'

'တော်ပြီ… တော်ပြီ… ဆက်မပြနဲ့တော့။ မင်းကိုတော့ ငါ အရမ်း အရမ်းကို ကြိုက်သွားပြီကွာ။ ဟဲ… ဟဲ… ဟဲ…'

ဒါရိုက်တာကြီး မင်းဘီလူးက လှမ်းတားနေ၍ ချစ်ဦးမောင်မှာ ဆက်မလုပ်တော့ပေ။

'ဒါဆိုရင် ကျွန်တော် ထိုင်လို့ရပြီလား'

'ရပါပြီကွာ… ထိုင်နိုင်ပါပြီ။ မင်းကိုတော့ ငါဟာ သိပ်ကို ကြိုက်နေပြီကွာ'

'ဟာဗျာ… ဆရာကြီးကလည်း ကျွန်တော့်ကို ကြိုက်တယ် ကြိုက်တယ်ဆိုပြီး ပြောနေသံကြားရတော့ ကျွန်တော်လည်း ကြက်သီးတွေထပြီး ယောကျ်ားစစ်စစ်ကနေမောင်မစွကာ စိတ်တောင်ဖောက်ချင်လာနေပြီ။ ဟား… ဟား… ဟား…'

ချစ်ဦးမောင်မှာ သိန်းထီ၏ဘေး၌ ထိုင်ရင်း ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'နေစမ်းပါဦး… ဦးလေးက ဘာစိတ်ကူးပေါက်လာပြီး ချစ်ဦးမောင်ကို အခုလို နိုင်းနေရတာလဲဗျာ'

သိန်းထိက နားမလည်ဟန်နှင့် မင်းဘီလူးကို မေးနေသည်။

'ဟဲ… ဟဲ… သူ့ကို ငါ အခုရိုက်တော့မယ့် ရုပ်ရှင်ကားကြီးမှာ မင်းသားအဖြစ် တင်ရိုက်ချင်လို့ပေါ့ကွ'

'ဗျာ…'

မင်းဘီလူး၏ စကားကြောင့် သိန်းထိမှာ အထက်ပါအတိုင်း ဗျာ… ခနဲ အာမေဋိတ်သံကြီး သူ့နှုတ်မှ ပေါ်ထွက်လာခဲ့သည်။ ချစ်ဦးမောင်ကတော့ ပြုံးနေသည်။

'ဒါဆိုရင် ဦးလေး ဆေးစားမှားပြီထင်တယ်'

'ဘာဖြစ်လို့လဲ မောင်သိန်းထိရ'

မင်းဘီလူးက သိန်းထိကို ပြန်မေးနေသည်။

'ဘာဖြစ်ရမှာလဲ၊ သူက မင်းသားလုပ်ချင်တဲ့ကောင်မှ မဟုတ်ဘဲ။ ရုပ်ရှင်လည်းကြည့်ဖို့ ဝါသနာပါတယ် မဟုတ် ဘူး။ သူက ဘောလုံးပွဲပဲ ဝါသနာပါလို့ပေါ့'

'ဟုတ်လားကွ၊ မောင်… အဲ… အဲ… ဘယ်သူ'





'ချစ်ဦးမောင်ပါ ဆရာကြီး'

'အေး… အေး… မောင်ချစ်ဦးမောင် သူပြောတာဟုတ်သလား'

'မှန်ပါတယ်… ကျွန်တော်က ရုပ်ရှင်ကြည့်ဖို့လည်း ဝါသနာမပါဘူး။ မင်းသားဖြစ်မယ်လို့လည်း အိပ်မက်တောင် မမက်ခဲ့ဖူးဘူး'

'အေး… မင်း ဝါသနာမပါပေမယ့် ငါကတော့ အခု ငါရိုက်မယ့် ရုပ်ရှင်ကားမှာ မင်းသားအဖြစ် တင်ရိုက်ချင်တယ်ကွာ။ မင်း လုပ်မလား'

'အင်း… ဆရာကြီးက အရမ်းကို မင်းသားအဖြစ် ကျွန်တော့်ကို တင်ရိုက်ချင်တော့လည်း အစမ်းသဘောနဲ့ လုပ်ကြည့်မယ်လေ။ ဒါပေမဲ့ ကျွန်တော်က တော့ ငွေမစိုက်ချင်ဘူးနော်'

'ဟေ… မင်းကို ဘယ်သူက ငွေစိုက်ထုတ်ရမယ် ပြောနေလို့လဲ'

'သိဘူးလေ… ကျွန်တော် ကြားဖူးတာကတော့ ကျွန်တော့်လို မင်းသားသစ်တစ်ဦးကို ဇာတ်ကားရိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင် ဒါရိုက်တာကိုပဲဖြစ်ဖြစ်၊ ကုမ္ပဏီကိုပဲ ဖြစ်ဖြစ် ရှယ်ယာငွေထည့်ရတယ်လို့ သိရလို့ပါ'

'တယ်… အလကား ကောလဟာလတွေပါကွာ။ အိမ်း… မင်းပြောသလို တချို့သော ရုပ်ရှင်ဒါရိုက်တာတွေနဲ့ ကုမ္ပဏီတွေဟာ မင်းသားသစ်ဆီက ငွေယူရိုက်တယ်ဆိုတာ မှန်ကောင်းမှန်ပေမယ့် ငါလို ဒါရိုက်တာကတော့ ဒါမျိုးကို ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးဘူး။ ဒါမျိုးနဲ့ပတ်သက်ပြီး နာမည်ပျက်လည်း မရှိဘူး။ ငါ့နာမည် မင်းဘီလူးဆိုတာ မင်းကြားဖူးတယ် မဟုတ်လား'

မင်းဘီလူးက မခံချင်သံနှင့် ချစ်ဦးမောင်ကို ပြောနေသည်။

'ဟုတ်ကဲ့… ဟောဒီက သိန်းထီ ပြောပြလို့ ကြားဖူးပါတယ်။ အဲဒီတုန်းကတော့ ကျွန်တော့်စိတ်ထဲမှာ မင်းဘီလူး ဆိုတာ လူလို့ မထင်ခဲ့ဘူးခင်ဗျ'

'မြတ်စွာဘုရား… မင်းက လူလို့မထင်ခဲ့တော့ ငါ့ကို တိရစ္ဆာန်လို့များ ထင်နေလို့လား၊ ပြောပါဦး'





'အာ… အာ… ဒီလို မဟုတ်ဘူးခင်ဗျ။ မင်းဘီလူး ဆိုပြီး ရှေ့က မင်းပါနေတော့ ကျွန်တော့်စိတ်ထဲမှာ ဘီလူးတို့ရဲ့ဘုရင်လို့မှတ်ပြီး ဘီလူးမျိုး ဘီလူးနွယ် ရယ်လို့ ထင်နေမိ တာကိုး'

'ကဲ… ပြောစမ်းပါဦး၊ အခု မင်းရှေ့မှာ ငါ့ကိုမြင်ရတော့ရော ဘယ်လိုထင်သလဲ'

'ဟဲ… ဟဲ… ဆရာကြီးကို လူကိုယ်တိုင်မြင်ရတော့ ဘီလူးလို့ မထင်တော့ပါဘူး။ အရှုးလို့ အဲ… အဲ… ယောင် လို့၊ လူမျိုးလူနွယ်လို့ပဲ ထင်ပါတယ်ခင်ဗျာ၊ အဟီး…'

ချစ်ဦးမောင်၏ စကားအဆုံးတွင် အနီးတွင် ရှိနေကြသူများမှာ ရယ်နေကြသည်။

မင်းဘီလူးက ချစ်ဦးမောင်ကိုကြည့်၍ လှမ်းပြောပြန်သည်။

'ကဲ… ကဲ… မင်းရဲ့လှုပ်ရှားဟန်တွေကိုရော၊ ရုပ်ရည်ကိုရော ငါ သဘောကျပါတယ်။ ဒါထက် မင်း သီချင်းတွေကိုကော ဆိုတတ်သလား၊ ဆိုပြီးရော



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါသလား’

ထိုအမေးကို ချစ်ဦးမောင် မဖြေမီ သိန်းထိက ဝင်ဖြေသည်။

‘ဟာ… သီချင်းဆိုဖို့တော့ ဒီကောင် ဝါသနာပါပုံရတယ်။ သဘော်ပေါ်မှာဆိုရင် ဒီကောင်ဆိုနေတာ ကျွန်တော် ခဏခဏ ကြားဖူးတယ်’

သိန်းထိ၏ စကားကြောင့် ဒါရိုက်တာကြီး မင်းဘီလူးမှာ ဝမ်းသာသွားခဲ့သည်။

‘ဟေ… ဒီလိုဆို ဟန်ကျတာပေါ့။ ကဲ… မောင်ချစ်ဦးမောင်၊ မင်းရတဲ့ သီချင်းတွေထဲက နည်းနည်းလောက် ဆိုပြစမ်းပါ။ မင်းရဲ့အသံကို ငါသိချင်လို့’

‘ဆရာကြီးကလည်းဗျာ… သိန်းထိပြောတာကို ယုံရသလား။ သဘော်ပေါ်မှာ သီချင်းဆိုတာက အလုပ်လုပ်ရင်း အပျင်းပြေ ဟိုတစ်ပိုင်း ဒီတစ်ပိုင်း ဆိုမိတာပါ။ အမှန်တော့ ကျွန်တော်က ဘယ်သီချင်းကိုမှ ဟုတ်တိပတ်တိရတာ မဟုတ်ဘူး။ အဲ… ပြီးတော့ ကျွန်တော့်အသံက မကောင်းဘူး ဆရာကြီးရဲ့’





‘ကိစ္စမရှိဘူး… မင်း အသံကောင်းတာ မကောင်းတာထက် မင်းရဲ့ သီချင်းဆိုဟန်ကိုပဲ ငါ ကြည့်ချင်တာပါ။ အခုခေတ်မှာ အသံကောင်းဖို့ မလိုပါဘူး။ အသံမကောင်းဘဲနဲ့ စွံနေကြတဲ့ စတီရီယိုအဆိုတော်တွေ အများကြီးရှိနေတဲ့ဟာ။ ဒီတော့ ဆိုမှာဆိုစမ်းပါကွာ’

ဒါရိုက်တာကြီး မင်းဘီလူးက အတင်းတိုက်တွန်းနေသည်။

‘ဒါဆိုရင် ဆိုပြပါ့မယ်။ အဲ… အဲ… အခုခေတ်မှာ ပေါ်နေကြတဲ့ စတီရီယိုတေးနဲ့ ကာလပေါ်သီချင်းတွေကိုတော့ ကျွန်တော် မရဘူး။ ကျွန်တော်ရတဲ့ ရှေးသီချင်းကြီးကိုပဲ ဆိုပြမယ်နော်’

‘ဟာ… ရှေးသီချင်းကြီးဆို ပိုကောင်းတာပေါ့ကွာ။ ကဲ… ဆိုစမ်းပါ’

‘အင်း… ကျွန်တော်ဆိုပြမယ့် ရှေးသီချင်းဆိုတာ အင်မတိ အင်မတန်ကို ရှေးကျတဲ့သီချင်းကြီးနော်’

‘အေးပါ… ရှေးကျလေ ပိုကောင်းလေပေါ့။ ဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



တော့…'

မင်းဘီလူးက စိတ်အားထက်သန်စွာနှင့် ပြန်ပြောနေသည်။

'ကောင်းပြီ … ဒါဆိုရင် နားထောင်ပေတော့။ အဟမ်း… အဟမ်း'

ချစ်ဦးမောင်မှာ သီချင်းမဆိုမီ ချောင်းဟန့်သံပေးနေသေးသည်။ ပြီးတော့မှ အောက်ပါအတိုင်း ဆိုနေတော့သည်။

*'မုန့်လုံးကို စက္ကူကပ်မါလို့ ××× ကြာကလပ်မှာတဲ့ ဆွမ်းတော်တင် ××× ပလ္လင်ပေါ်က မျောက်ကလေး ××× ဆင်းသက်လို့ပြေး ဂျာအေး ××× ဂျာအေးကို သူ့အမေရိုက်ပါလို့ ××× မှောင်မိုက်မှာငို ××× ဟို ဟို ××× ကိုလူပျို ထရံပေါက်က ××× ဟိုဒင်းကိုဆွဲ ××× တွဲလဲ ×××'*

'ဟ… ဟ… မောင်ချစ်ဦးမောင်၊ ထရံပေါက်က ဟိုဒင်းကိုဆွဲ မဟုတ်ဘူးလေ၊ ခြေထောက်ကိုဆွဲပါ ကွာ။ မင်းဆိုတာ မှားနေတယ်။

မင်းက ဘာသဘောနဲ့ ဘယ်ဟိုဒင်းကို ဆွဲခိုင်းနေတာ





လဲ။ ဟား… ဟား… ဟား'

ဒါရိုက်တာကြီး မင်းဘီလူးက ပြောပြီး ရယ်နေသည်။ အနီးတွင် ရှိနေကြသူများမှာလည်း ရယ်နေကြသည်။

'အဲ… ဟုတ်သားပဲ။ ကျွန်တော် မေ့သွားလို့ မှားဆိုမိတာပါ။ ဒီတော့ အစကနေ ပြန်ဆိုပေးမယ်လေ'

'တော်ပြီ… တော်ပြီ… ပြန်ဆိုဖို့ မလိုတော့ပါဘူး။ အခုလောက်ဆိုပြတာနဲ့ပဲ မင်းရဲ့အသံကို ကျေနပ်သွားပါပြီ။ ကတည်းကွာ… မင်းက ရှေးသီချင်းကြီးကို ဆိုမယ်ဆိုလို့ ငါ့စိတ်ထဲမှာ ထူးမခြားနားသီချင်းလား၊ မဲဇာတောင်ခြေသီချင်းလားလို့ ထင်နေခဲ့တာ။ အခုတော့ မင်းဆိုလိုက်တာက ရှေးသီချင်းမှ မဟုတ်ဘဲ။ အတော်နောက်တဲ့ကောင်ကွာ၊ ဟား… ဟား… ဟား…'

'ဟာ… အဲဒါတော့ ဆရာကြီး မှားနေပြီ။ ကျွန်တော် ဆိုပြတဲ့သီချင်းဟာ တကယ့်ကို ရှေးကျတဲ့သီချင်းပါ။ ဆရာကြီးပြောတဲ့ မဲဇာတောင်ခြေတို့၊ ထူးမခြားနားသီချင်းတွေထက် ပိုပြီး ရှေးကျပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးမောင်၏စကားကို ဒေါ်ရွှေယုန်ကဝင်၍ ထောက်ခံချက်ပေးသည်။

'ဟုတ်သားပဲတော့်… မောင်ချစ်ဦးမောင်ဆိုတဲ့ ဂျာအေးသူ့အမေရိုက်သီချင်းဟာ ကျွန်မတို့ရဲ့ ဘိုးဘွားဘီဘင်လက်ထက်ကတည်းက ပေါ်နေတဲ့ သီချင်းပါ။ ကျွန်မစိတ်ထင်ပြောရရင် ဒီဂျာအေးသီချင်းဟာ ကုန်းဘောင်ခေတ်မတိုင်မီ အင်းဝ ခေတ်လောက်ကတည်းက ပေါ်နေသလားမှ မသိတာ'

'ကိုင်း… အဲဒီကိစ္စ ထားလိုက်ပါတော့။ မောင်ချစ်ဦးမောင်ကို ငါမေးချင်တာက ငါ အခုရိုက်မယ့် ရုပ်ရှင်ကားမှာ မင်းသားဝင်လုပ်မယ် မလုပ်ဘူးဆိုတာပဲ'

ဒါရိုက်တာကြီး မင်းဘီလူးက မေးနေသည်။

ချစ်ဦးမောင်မှာ ရုတ်တရက် ပြန်မဖြေသေးပေ။ စဉ်းစားနေဟန်နှင့် ခေတ္တမျှ ငြိမ်သက်နေသည်။

'ဇာတ်ကားရိုက်ရင် ဘယ်လောက်ကြာမှာလဲ ဆရာကြီး။ ကျွန်တော်က သင်္ဘောပြန်တက်ရဦးမှာခင်ဗျ'





'အင်း… မင်းကို သင်ပြရမယ့်အချိန်နဲ့ ရိုက်ရမယ့် ရက်တွေကိုပေါင်းလိုက်ရင် အနည်းဆုံး သုံးလလောက်တော့ ကြာမှာကွ'

'ဟာ… သုံးလလောက်ကြာရင်တော့ ကျွန်တော်နဲ့ မဖြစ်ဘူး။ ကျွန်တော်က နောက်နှစ်လလောက်ကြာရင် သင်္ဘော ပြန်တက်ရမယ်လေ'

'ဟာကွာ… နှစ်လလောက်နဲ့တော့မဖြစ်ဘူး။ ဒီတော့ မင်းကုမ္ပဏီကို တစ်လထပ်ပြီး တိုးတောင်းကြည့်ပါကွာ။ ဟုတ်ပြီလား'

'ဆရာကြီးကလည်း ကျွန်တော် နှစ်လပေးထားတာ တောင် မရဘူးလား။ ကျွန်တော် ကြားဖူးတာကတော့ အခုခေတ် ဒါရိုက်တာတွေဟာ ရိုက်ရက် တစ်ပတ်က နေ ဆယ်ရက်လောက်အထိနဲ့ ကားကြီးတွေရော၊ ဗီဒီယိုကားတွေပါ ရိုက်နေကြတယ်ဆို'

'အိမ်း… အဲဒါက တခြားဒါရိုက်တာတွေက ရိုက်နေကြတာ။ ငါကတော့ ရိုက်ရက်ကို အနည်းဆုံး တစ်လရမှ ရိုက်တာပဲ။ ဒါကြောင့် ရိုက်ရက်အပ်



www.burmeseclassic.com

www.burmeseclassic.com



မပေးနိုင်ကြတဲ့ စူပါတန်းဝင်မင်းသား၊ မင်းသမီးတွေနဲ့ မရိုက်တာပေါ့ကွ'

ဒါရိုက်တာကြီး မင်းဘီလူးက ချစ်ဦးမောင်ကို ရှင်းပြနေသည်။

'အင်း… ဆရာကြီး ကားရိုက်ရက်ယူတာက များလွန်းနေတယ်။ အမေရိကန်က ဟိုးလီးဝုဒ်ရုပ်ရှင်ဒါရိုက်တာတွေတောင် ဇာတ်ကားတစ်ကားကို ဆယ်ရက်နဲ့ပဲ အပြီးရိုက်ကြတယ်လို့ သိရတယ်'

'မှန်တယ်… ဟိုးလီးဝုဒ်က ဒါရိုက်တာတွေ ရိုက်ရက်ဆယ်ရက်လောက်ပဲ ရှိပေမယ့် အဲဒီမတိုင်ခင် ဇာတ်ကားအတွက် သူတို့လုပ်ဆောင်နေကြရတာကိုတော့ မင်းမှမသိဘဲ'

'ဘယ်လိုကြောင့်လဲ ဆရာကြီး'

'နားထောင်… ငါရှင်းပြမယ်။ ဟိုးလီးဝုဒ်က ဒါရိုက်တာတွေဟာ ရုပ်ရှင်ကားတစ်ကား ရိုက်ကြတော့မယ်ဆိုရင် သူတို့ရိုက်ကြမယ့် ဇာတ်ကားအတွက် အဆောက်အအုံတွေ ဇာတ်လမ်းအရ ဇာတ်ကားရိုက်





ရမယ့်နေရာတွေကို On Location (အွန်လိုကေးရှင်း)ထွက်ပြီး ရှာကြရတယ်…

'အဲ… သူတို့ရိုက်ကူးကြမယ့် မင်းသား၊ မင်းသမီးတွေကအစ ဆိုက်ပတ်တွေဆီပါမကျန် ဇာတ်ညွှန်းစာအုပ်ကြီးကို အနည်းဆုံး သုံးလလောက်ကြိုပြီး ပေးထားခဲ့ကြရတယ်။ ဥပမာ မင်းတို့ အင်မတန်မှ သဘောကျကြတဲ့ ဂျိမ်း(စ်)ဘွန်းကားဆိုရင် ဇာတ်ကားရိုက်ရက်က အများဆုံး ဆယ်ရက်လောက်ရှိပေမယ့် အဲဒီကားအတွက် ပြင်ရဆင်ရတာတွေ၊ အဆောက်အအုံတွေ၊ ဆက်တင်တွေနဲ့ ဇာတ်ကားထဲမှာ ပါရှိတဲ့ နိုင်ငံတွေဆီကိုသွားပြီး ကြိုတင်လုပ်ခဲ့ရတာက တစ်နှစ်နီးပါးကြာခဲ့တာကွ။ အဲဒါတွေအားလုံး လုပ်ဆောင်ပြီးလို့ ရယ်ဒီဖြစ်တော့မှ ရိုက်တဲ့အခါ ဆယ်ရက်လောက်နဲ့ ပြီးသွားတာပေါ့။ တခြား ဟိုးလီးဝုဒ်ကားတွေဟာလည်း ခမ်းနားရင် ခမ်းနားသလောက် ဂျိမ်း(စ်)ဘွန်းကားလောက် ကြာတတ်ကြပါတယ်'

ဒါရိုက်တာကြီး မင်းဘီလူး ရှင်းပြနေသည်ကို ချစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



မောင်ရော၊ သိန်းထိုပါ စိတ်ဝင်စားစွာ နားထောင်နေကြသည်။

'ငါ့ စာစောက ပြောခဲ့တဲ့အတိုင်းပဲ။ မင်းသား၊ မင်းသမီးတွေရော အရံအင်အားစုတွေဆီကိုရော ဇာတ်ညွှန်းကြီးကို သုံးလလောက် ကြိုပို့ထားခဲ့တဲ့အတွက် ရိုက်ကွင်းထဲရောက်ကြတဲ့အခါ ရီဟာဇယ်ဟာ တစ်ကြိမ်နှစ်ကြိမ်လောက်ပဲလုပ်ပြီး ကားကို ရိုက်ကြတာပဲ။ ဘာကြောင့်လဲဆိုတော့ ရုပ်ရှင်ဇာတ်ညွှန်းကို သူတို့တစ်တွေ ကြိုပြီးရထားကြတဲ့အတွက် သူတို့ သရုပ်ဆောင်ကြရမယ့် အခန်းတွေအတွက် ပြောရမယ့်စကားတွေရော၊ အမူအရာတွေပါ နောကျေအောင် သိထားပြီးကြလို့ပဲကွ'

'ကျွန်တော်တို့ဆီက မင်းသား၊ မင်းသမီးတွေကိုရော သူတို့ပါဝင်သရုပ်ဆောင်ကြရမယ့် အခန်းတွေအတွက် ဇာတ် ညွှန်းကို ကြိုပို့ထားလို့ မရဘူးလား ဆရာကြီး'

ချစ်ဦးမောင်က သိလိုဟန်နှင့် ပြန်မေးနေသည်။

'မရဘူးကွ … တို့ဆီက စူပါတန်းဝင် မင်းသား မင်းသမီးတွေမှာက ဇာတ်ကားကို တစ်ကားပြီးမှ





တစ်ကား လက်ခံထားကြတာမဟုတ်ဘူး။ တစ်လတည်းမှာကို ကားတွေက အများကြီးလက်ခံထားကြတော့ ဇာတ်ညွှန်းကြီးကို ပို့ရင်လည်း ပို့ပို့ရှိမှာပဲ။ သူတို့ကတော့ ဖတ်ဖို့အချိန်ရမှာမဟုတ်ဘူး။ ဟိုးလီးဝုဒ်က မင်းသား၊ မင်းသမီးတွေကတော့ တစ်ကားပြီးသွားမှ နောက်တစ်ကားကို လက်ခံကြတော့ ဇာတ်ညွှန်းကို ဖတ်ဖို့ အချိန်ရတယ်လေကွာ'

'ဒါဆို ကျွန်တော်တို့ဆီမှာလည်း မင်းသား၊ မင်းသမီးတွေဟာ တစ်ကားပြီးမှ တစ်ကားရိုက်ဖို့ကောင်းတာပေါ့'

'ဟဲ … ဟဲ … မင်းက မင်းသားမဖြစ်သေးလို့ ဒီစကားမျိုး ပြောနေတာကိုး။ တကယ်လို့ မင်းလည်း စူပါတန်း ဝင်မင်းသားဖြစ်သွားရင် အခု လက်ရှိ မင်းသားတွေလိုပဲ ဇာတ်ကားအများအပြားလက်ခံပြီး ရိုက်မှာပါကွာ…

'ဘာဖြစ်လို့လဲဆိုတော့ ဟိုးလီးဝုဒ်က ဇာတ်ကားတစ်ကားအတွက်ပေးတဲ့ငွေဟာ ငါတို့ဆီက စူပါမင်းသား၊



www.burmeseclassic.com

www.burmeseclassic.com



မင်း သမီးတွေအကြောင်း အဆပေါင်းများစွာလည်းရပြီး ရွှိုင်ရယ်တီ (Royalty) လို့ခေါ်တဲ့ ဇာတ်ကားရဲ့ အမြတ်ငွေရာခိုင်နှုန်းကိုလည်း သူတို့က ရကြတယ် လေ။ တို့နိုင်ငံမှာက သူတို့ပါဝင်ကြတဲ့ ရုပ်ရှင်ကား ဟာ ဝင်ငွေ ဘယ်လောက်ကောင်းကောင်း သူတို့ကို အမြတ်ငွေထဲက ခွဲပေးကြတာမှမဟုတ်ဘဲ။ သူတို့ မပြောနဲ့၊ ငါတို့လို ဒါရိုက်တာတွေတောင် ရွှိုင်ရယ်တီ မရကြပါဘူးကွာ။ ဒီတော့ ရုပ်ရှင်မင်းသား၊ မင်းသမီး တွေကို ဇာတ်ကားအများအပြား လက်ခံရိုက်နေကြ တာကို အပြစ်တင်လို့မရဘူးလေ။ သူတို့ခမျာမှာ လည်း နာမည်ကလေး တက်နေတုန်း ဇာတ်ကားတွေ ရိုက်နေကြရတာ။ နာမည်ကျသွားရင် အခမဲ့ ရိုက်ပေး ပါရစေဆိုတာတောင် ကုမ္ပဏီတွေက လက်ခံကြတာ မှ မဟုတ်ဘဲ။ ဒါကြောင့် နာမည်တက်နေတုန်း ဇာတ်ကားတွေကို လက်ခံပြီး ရိုက်ကူးနေကြရတာ ပေါ့'

'အဲဒီလုပ်နေကြတော့ သရုပ်ဆောင်ပိုင်းနဲ့ ရုပ်ရှင်ကား





ရဲ့ အရည်အသွေးဟာ ကျဆင်းနေမှာပေါ့နော်'

'ကျဆင်းတာတော့မှန်တယ်။ ဒါပေမဲ့ ဇာတ်ကားတိုင်း တော့ မကျဆင်းပါဘူး။ တက်သစ်စ လူငယ်ဒါရိုက် တာကလေးတွေရဲ့ ကြိုးပမ်းမှုကြောင့် တစ်နှစ်မှာ အဆင့်မြင့်တဲ့ဇာတ်ကား လေးငါးကားလောက်တော့ ထွက်ပေါ်လာပါတယ်လေ'

'ဒါထက် ဟိုအရင်ခေတ်ဟောင်းတုန်းက ကားတွေ ကျတော့ သရုပ်ဆောင်မှုအပိုင်းမှာရော၊ ဇာတ်လမ်း ဇာတ်ကွက်တွေကရော၊ ဒါရိုက်တင်းလုပ်တာကရော နိုင်ငံတကာ အဆင့်မီကြတယ်နော်'

'မီမှာပေါ့… အဲဒီခေတ်တွေတုန်းက မင်းသား၊ မင်း သမီးတွေကအစ၊ ဒါရိုက်တာအလယ်၊ ဆိုက်ပတ်နဲ့ ကင်မရာမဲင်းတွေအဆုံး အားလုံးဟာ ကုမ္ပဏီရဲ့ လခစားတွေကိုး။ အခုခေတ်လို ကန်ထရိုက်နဲ့ ရိုက် တဲ့စနစ် မပေါ်သေးဘူးလေ…

'ဒီတော့ ဇာတ်ကားတစ်ကားကို ရိုက်တော့မယ်ဆိုရင် မင်းသား၊ မင်းသမီးတွေကို ဇာတ်ညွှန်းပေးပြီး ဖိတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်းခဲ့တယ်။ ရိုက်ရက်ကျတော့လည်း မင်းသား၊ မင်းသမီးတွေက ပေးကြတဲ့ ရိုက်ရက်မဟုတ်ဘူး။ ဒါရိုက်တာရဲ့ စိတ်တိုင်းကျ ယူထားခဲ့တဲ့ ရက်တွေဖြစ်လို့ တစ်လကြာရင် ကြာမယ်၊ ငါးလကြာရင် ကြာမယ်။ တစ်ခါတလေ တစ်နှစ်တောင် ကြာသွားတာတွေလည်း ရှိခဲ့တယ်။ ဒါကြောင့် အရင်ခေတ်ဟောင်းတုန်းက ဇာတ်ကားတွေဟာ သရုပ်ဆောင်ပိုင်းမှာရော၊ ဒါရိုက်တင်းဘက်မှာရော၊ ကင်မရာအယူအဆဘက်မှာရော ဘာမှပြောစရာ မရှိအောင် ကောင်းခဲ့တာပေါ့ကွာ'

ဒါရိုက်တာကြီးမင်းဘီလူးက ရှင်းလင်းပြောပြရင်း စားပွဲပေါ်တွင် အသင့်ရှိနေသော ကွမ်းယာကိုယူ၍ ဝါးစားနေသည်။

'ကိုင်း… မောင်ချစ်ဦးမောင်၊ မင်းဆန္ဒကို ပြောပြစမ်းပါဦး။ ငါ အခုရိုက်မယ့်ကားကြီးမှာ မင်းသားဝင်လုပ် မယ်မလုပ်ဘူးဆိုတာကို သိချင်တယ်'

ဒါရိုက်တာကြီး မင်းဘီလူးက ချစ်ဦးမောင်ကို မေး





နေပြန်သည်။

'မြေစမ်းခရမ်းပျိုးအနေနဲ့တော့ လုပ်ကြည့်ချင်ပါတယ်။ ဒါပေမဲ့ ဆရာကြီးက သုံးလကြီးများတောင် အချိန်တောင်းထားတော့ သဘောကုမ္ပဏီက လိုက်လျောပါ့မလား မသိဘူး'

'မလိုက်လျောလည်း ဒီပြင်ကုမ္ပဏီကို ပြောင်းလိုက်ကွာ။ ဒီမယ်ီ မောင်ချစ်ဦးမောင်၊ ငါ အခုရိုက်မယ့်ဇာတ်ကားမှာသာ မင်းစွံသွားရင် သဘောသားလုပ်စရာ မလိုတော့ပါဘူး။ ရုပ်ပါတန်းဝင်မင်းသားအဖြစ်နဲ့ မင်း ခိုမ်ကျကျနေနိုင်ပါပြီ ကွာ၊ ဟား… ဟား… ဟား…'

'ဟဲ… ဟဲ… ဆရာကြီးပြောသလို စွံသွားရင်တော့ ကောင်းတာပေါ့။ ကျွန်တော်ကတော့ စွံမယ်လို့ သိပ်မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရုပ်ရှင်နဲ့ ကျွန်တော်က ဘုန်းကြီးနဲ့ဘီးလို ဖြစ်နေလို့ပါ'

'ကိစ္စမရှိဘူး… မင်းဟာ ဘုန်းကြီးနဲ့ ဘီးလိုမကပါဘူး။ ဖိုးသူတော်နဲ့ မယ်သီလရှင်တွေလိုပဲ တခြားစီဖြစ်နေပါ



www.burmeseclassic.com

www.burmeseclassic.com



စေ၊ ငါသင်ပြပေးလိုက်ရင် မင်းဟာ စွံကိုစွံရမယ် ကွာ'

ဒါရိုက်တာကြီး မင်းဘီလူးက ရဲရဲကြီး အာမခံပေး နေသည်။

'အာမခံပေးပုံက မိုက်လှချည်လား ဆရာကြီး။ ဘာဖြစ်လို့ ကျွန်တော့်ကို စွံရမယ်လို့ အတပ်ပြောနိုင်တာလဲ'

ချစ်ဦးမောင်က အံ့ဩသံနှင့် ပြန်မေးနေသည်။

'ပြောနိုင်ဆို ပထမ မင်းရဲ့ရုပ်ရည်၊ နောက် အရုပ်အမောင်းနဲ့ ကိုယ်လုံးကိုယ်ထည်နဲ့ မင်းရဲ့ အသံကြောင့်ပဲ။ ဒါတွေအားလုံးဟာ ငါ အခုရိုက်မယ့် ဇာတ်လမ်းထဲက ဇာတ်ကောင်ရဲ့စရိုက်နဲ့ အင်မတန်မှ လိုက်ဖက်ညီနေလို့ပဲ။ ပြီးတော့ မင်းက ဟာသကလေးတွေကိုလည်း ပြောတတ် လုပ်တတ်တော့ ငါ့ဇာတ်နဲ့ အရမ်းကိုလိုက်သွားတာပေါ့ကွာ။ ဟား... ဟား... ဟား... ဟား'

'အင်း... ဆရာကြီးက အရမ်းမွှန်းနေတော့ ရုပ်ရှင်





မင်းသားလုပ်ဖို့ ဝါသနာမပါတဲ့ ကျွန်တော်တောင် ရုပ်ရှင်ပိုး ဝင်လာနေပြီ'

'ဝင်ရမယ်လေ၊ ဒီတော့ ငါပြောသလို မင်းရဲ့သဘော်ကုမ္ပဏီကို ခွင့်သုံးလရအောင် လုပ်လိုက်ကွာ၊ ဟုတ်ပြီလား'

'ကောင်းပြီလေ... ခွင့်တင်လို့မရရင်လည်း တခြားသဘော်ကုမ္ပဏီကို ပြောင်းပြီးလိုက်ရုံပေါ့။ ဒါထက် ကျွန်တော် နဲ့ တွဲရမယ့် မင်းသမီးက ဘယ်သူလဲ ဆရာကြီး'

'ဒီကနေ့ ရုပ်ရှင်လောကမှာရော၊ ဗီဒီယိုလောကနဲ့ တီဗီကြော်ငြာတွေမှာပါ ထိပ်တန်းနံပါတ်ဝမ်းဖြစ်နေတဲ့ ငါ့ တပည့်မ မင်းသမီး မြတ်ဝင်းလဲ့မွန်ပဲ။ မင်း သိတယ်မဟုတ်လား'

'ဟာ... ဘယ်ကသိရမှာလဲ။ ကျွန်တော်က ရုပ်ရှင်တွေကို သိပ်ကြည့်ဖူးတာ မဟုတ်ဘူး။ ပြီးတော့လည်း နိုင်ငံ ခြားမှာ နှစ်နှစ်ကျော်လောက် နေရတဲ့သူမို့ မသိတာပါ။ အဲ... အဲ... ဒီမင်းသမီးက အပျိုလား



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး'

'ဟဲ… ဟဲ… အပျိုပေါ့ကွယ်။ ပျိုတာမှ ဖိုဆိုရင် ယင်ဖိုမသန်းရုံတင် မကဘူး။ ပန်းပဲဖိုရော၊ မီးဖိုရော လုံး၀ မရောက်ဖူးသေးတဲ့ အပျိုစင်စစ်စစ်ကလေးပါကွာ၊ အဟီး…'

ဒါရိုက်တာကြီး မင်းဘီလူးက သူ့မင်းသမီး အပျိုစစ်ကြောင်းကို အာမခံချက်ပေးနေသည်။

သူပြောနေသည်ကို ဘေးမှနားထောင်နေသော ဒေါ်ရွှေယုန်မှာ ဒေါကန်ကာသွားတော့သည်။

'ဒီမယ်… ဒါရိုက်တာကြီးရဲ့၊ ရှင့်မင်းသမီးကို အပျိုစစ်ဖြစ်ကြောင်း အာမခံချက်ပေးပုံက မလွန်လွန်းဘူးလားရှင့်'

'မလွန်ပါဘူး မိန်းမရယ်၊ ငါသိတဲ့အတိုင်း ပြောနေတာပါ'

'အောင်မာ… သိတဲ့အတိုင်း ပြောရအောင် ရှင်က အဲဒီမင်းသမီးကို တစ်ချိန်လုံး စောင့်ကြည့်နေလို့လား။ ကျုပ် အစကတည်းက ဒီမင်းသမီးနဲ့ မသက်သာနေတာ





ကြာပြီ။ သိလား'

'ဟာ… ဟာ… မိန်းမရဲ့၊ ဘာတွေလာပြောနေရတာလဲ။ ငါနဲ့ မြတ်ဝင်းလဲ့မွန်က သားအဖလို ချစ်ခင်နေကြတာပါကွာ။ မတော်တရော်တွေ မထင်စမ်းပါနဲ့။ ငါ့စိတ်ထဲမှာ သူ့ကို သမီးကလေးလိုပဲ သဘောထားနေတာပါကွာ၊ အဟဲ…'

'အင်းလေ… သမီးလို သဘောထားရင် ကိစ္စမရှိဘူး။ ဇနီးလို သဘောထားရင်တော့ ရွှေယုန်ရဲ့အကြောင်းကို ပြလိုက်မယ်။ သတိသာ ကောင်းကောင်းထားတော့ ခေါင်းဖြူကြီးရေ။ ကျုပ်နာမည် ရွှေယုန်ဆိုတာ ရွှေအစစ်နဲ့လုပ်ထားတဲ့ ရွှေယုန်ဆိုတာ မှတ်ထားစမ်းပါ'

ဒေါ်ရွှေယုန်က ပြောရင်း စိတ်ကောက်သွားဟန်နှင့် မင်းဘီလူးအနီးမှ ထ၍ မီးဖိုချောင်သို့ ထွက်ခွာသွားသည်။

'ဟောဗျ… ဒေါ်ကြီး စိတ်ဆိုးသွားပြီ။ ကျွန်တော်တို့ပြန်ရင် ဦးလေးတော့ သတိသာထားပေတော့။ ဟား… ဟား… ဟား…'



www.burmeseclassic.com

www.burmeseclassic.com



သိန်းထိက မင်းဘီလူးကို လှမ်းသတိပေးနေသည်။

'ကိစ္စမရှိပါဘူးကွာ၊ ငါချော့လိုက်ရင် တစ်ခဏနဲ့ ပျော့သွားမှာပါ။ ဒီအတွက်တော့ ဒုန့်ဝါရီပါပဲ။ အဟဲ…'

ဒါရိုက်တာကြီး မင်းဘီလူးက ခပ်ကြွားကြွားကလေး ပြောနေသည်။

'ဆရာကြီးကို ကြည့်ရတာ မယက အဖွဲ့ဝင်နဲ့တူတယ် နော်၊ ဟား… ဟား… ဟား… ဟား…'

ချစ်ဦးမောင်က မင်းဘီလူးကိုမေးရင်း ရယ်နေသည်။

'ဘာလဲကွ မယကဆိုတာ၊ ငါလည်း ဘာအဖွဲ့မှမဝင်ရပါကလား'

မင်းဘီလူးက နားမလည်ဟန်နှင့် ပြန်မေးသည်။

သိန်းထိကတော့ ပြုံးပြီးနေသည်။

'ဟဲ… ဟဲ… မယကဆိုတာ မယားကြောက်တဲ့သူ။ အင်္ဂလိပ်လိုဆိုရင် Hen pecked husband (ဟဲင်းဒ်ပတ် (ခ်)ဟပ်(စ်)ဘင်) လို့ ပြောတာပါ ဆရာကြီးရဲ့၊ အဟီး…'





'ဟကောင်ရ… ငါက မိန်းမကြောက်တာ မဟုတ်ဘူး။ ချစ်တာကွ၊ ချစ်လွန်းအားကြီးတော့ မင်းတို့လို ပြင်ပက လူတွေက ကြောက်တယ်လို့ ထင်နေကြတာပေါ့။ သူကလည်း ငါ့ကို ချစ်အားကြီးတော့ အခုလို သဝန်တိုတတ်တာပေါ့ကွယ်။ အေးလေ… မင်းတို့က လူပျိုတွေဆိုတော့ ဒါတွေကို ဘယ် နားလည်ဦးမလဲ။ နောင်တစ်နေ့ မင်းတို့ မိန်းမရကြတဲ့အခါကျမှ ငါပြောခဲ့တာတွေကို သဘောက်ပေါ်ပြီး သဘောပေါက်ကြမှာ'

ဒါရိုက်တာကြီးမင်းဘီလူး ပြောပြသည်ကို နားထောင်ရင်း ချစ်ဦးမောင်က ရယ်နေသည်။

'ဒါထက် ဆရာကြီးကို ဒေါ်ဒေါ်က စိတ်ဆိုးရှင် အခုလိုပဲ ခေါင်းဖြူကြီးလို့ ခေါ်တတ်သလား'

ချစ်ဦးမောင်က ဆက်၍မေးနေပြန်သည်။

'ဟဲ… ဟဲ… အဲဒါက သူစိတ်ဆိုးတာ သိပ်ပြီး မပြင်းထန်လို့ ခေါင်းဖြူကြီးလို့ ခေါ်တာကွ'

'သိပ်ပြင်းထန်တဲ့အခါကျတော့ကော ဘယ်လိုခေါ်သလဲ'



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးမောင်က သိလိုဇောနှင့် မေးနေပြန်သည်။

'အဟီး... သူ့ အရမ်းကို စိတ်ဆိုးပြီး ငါ့အပေါ်မှာ ဒေါသတွေ ထွက်နေရင် တုတ်ပြဲကြီးလို့ ခေါ်တော့တာပါပဲကွာ။ ဟား... ဟား... ဟား...'

'ဗျာ... တုတ်ပြဲကြီး ဟုတ်လား။ တုတ်တာဆိုတာကိုတော့ ဆရာကြီးဟာ ဝဝတုတ်တုတ်မို့ခေါ်တာထားပါတော့။ ပြဲကြီးဆိုတာက ဘာကိုဆိုလိုတာလဲ ခင်ဗျ'

'မင်းဟာလေ ကြံကြံဖန်ဖန်တော့ တော်တော်မေးတတ်တဲ့ကောင်ပဲ။ ကောင်းပြီ... အမေးရှိရင် အဖြေရှိရမှာမို့ ပြဲကြီးဆိုတာက ငါက ကွမ်းအင်မတန်စားလို့ ရယ်လိုက်ရင် ပါးစပ်ကြီးက ပြဲပြီး နီနေတာကြောင့်ပဲကွ။ ရှင်းပြီလား'

'ဪ... ဒဟာကြောင့်လား။ ဒါဆိုရင် ဆရာကြီးကို ဒေါ်ကြီးက ကြည့်တဲ့အခါကျတော့ရောဗျာ'

ချစ်ဦးမောင်က မေးလက်စနှင့် ဆက်မေးနေပြန်သည်။ သိန်းထီကတော့ သူတို့နှစ်ဦးကြားတွင် ဝင်၍ မနှောင့်





ယှက်ဘဲ သွားကြီးကိုဖြီးရင်း နားထောင်နေသည်။

'အိမ်း... သူက ငါ့အပေါ်မှာ ရွှေသဘောတော်ကျပြီး ကြည့်နေတဲ့အခါမျိုးကျတော့ ငါ့နာမည်ကို မခေါ်တော့ဘဲ ချစ်စနိုးနဲ့ ခေါ်တတ်တယ်ကွ။ ဟား... ဟား... ဟား... ဟား...'

'ဘယ်... ဘယ်လိုခေါ်သလဲ ဆရာကြီး'

'သူက ငါ့ကို ချစ်ရည်ရွှန်းလဲ့သော မျက်လုံးကြီးနဲ့ ကြည့်ပြီး ကန့်ကရ အသံကလေးနဲ့ ခေါ်လိုက်တာကတော့ ကိုရင်တဲ့။ အဟီး...'

'ဗျာ... ကိုရင်လို့ခေါ်တယ်။ ဒီတော့ ဆရာကြီးကလည်း အားကျမခံ ဘာတုန်း ဖွားသီလလို့ ပြန်ခေါ်သလား။ ဟား... ဟား... ဟား... ဟား'

'တယ်... ဒီအကောင် ဘာတွေလာပြောနေရ...သလဲ။ ဘာဆိုင်လို့ ငါက ဖွားသီလလို့ ပြန်ခေါ်ရမှာ...ကွ။ ဟွန်း...'

ဒါရိုက်တာကြီး မင်းဘီလူးက သဘောမကျသံနှင့် ပြန်ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သိဘူးလေ… ဟိုက ကိုရင်လို့ခေါ်တယ်ဆိုလို့ ပြောရတာပါ'

'ဟကောင်ရ…သူက ကိုရင်လို့ခေါ်တာဟာ သင်္ကန်းဝတ်တဲ့ ကိုရင်လိုသဘောထားပြီး ခေါ်တာမဟုတ်ဘူး။ ငါ့ကို ချစ်စနိုးနဲ့ ခေါ်တာကွ။ သိလား'

'ဟန့်… ဆရာကြီးရဲ့ ဇနီးခေါ်ပုံကလည်း ပုံမလာလိုက်တာ၊ အဟဲ…'

'ဘာလို့ ပုံမလာရမှာလဲ။ သူခေါ်တဲ့ ကိုရင်ဆိုတာက ငါတို့ရဲ့ဘိုးဘွားဘီဘင် လက်ထက်ကတည်းက ခေါ်ဝေါ် သုံးနှုန်းခဲ့ကြတဲ့ မြန်မာစကားစစ်စစ်ကွ။ အခု မင်းတို့ခေတ်မှာ ပြောဆိုသုံးနှုန်းနေကြတဲ့ မောင်တို့၊ ကိုကိုတို့ဆိုတာတွေက ဂုဏ်ရှိန်မရှိဘူး၊ ကလက်တက်တက်နဲ့ နားရှက်စရာကောင်းတယ်။ ကိုရင် ဆိုတာကမှ သိက္ခာဂုဏ်ရှိန်ရှိတာကွ။ မှတ်ထား'

'ကဲ… ကဲ… ထားပါတော့။ ဆရာကြီးကကော သူက ကိုရင်လို့ ချစ်စနိုးနဲ့ခေါ်တာ ဘယ်လိုပြန်ခေါ်သလဲ ခင်ဗျား။ အဟီး…'





'အဟဲ… ငါကလည်း သူ့ကို ချစ်စနိုးနဲ့ပဲ ယုန်ကလေးလို့ ပြန်ခေါ်တယ်လေ။ ဟဲ… ဟဲ…'

'ဟင်… အဲဒီ ယုန်ကလေးဆိုတာ ဘယ်အရွယ်လောက်ရှိပြီလဲ'

'ခြောက်လသားလောက်တော့ ရှိမယ်ထင်တယ်။ တယ်… ဒီကောင် ဘာတွေပြောနေတာလဲ။ လူကြီးကို မျက်စိလည်အောင် တော်တော်လုပ်တဲ့ကောင်ကွာ။ ဟွန်း…'

'မျက်စိလည်အောင်လုပ်တာ မဟုတ်ပါဘူး။ ဆရာကြီးက ယုန်ကလေးဆိုလို့ မေးကြည့်တာပါ။ ဟဲ… ဟဲ…'

'ဟ… ယုန်ကလေးဆိုတာက တိရစ္ဆာန်ယုန်ကို ပြောတာမဟုတ်ဘူးလေ။ သူ့နာမည်က ရွှေယုန်ဆိုတော့ ငါက သူ့နာမည်ကလေးကို အဖျားဆွတ်ပြီး ချစ်စနိုးနဲ့ ယုန်ကလေးလို့ ပြန်ခေါ်တာကွ။ ရှင်းပြီလား'

'သြော်… သြော်… အခုတော့ ရှင်းသွားပါပြီ။ ဆရာကြီးရဲ့ဇနီးက ရွှေယုန်ဆိုတော့ လိုက်ဖက်ညီ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဆရာကြီးရဲ့နာမည်ကိုပါ ပြောင်းဖို့ကောင်းတယ် ခင်ဗျ'

ချစ်ဦးမောင်က ပြုံးဖြီးဖြီးနှင့် ဆက်ပြောနေသည်။

'ဘယ်လိုနာမည်ကို ပြောင်းရမှာလဲ။ လင်းစမ်းပါဦး'

'ဒီလိုလေ… ဒေါ်ကြီးနာမည်က ရွှေယုန်ဆိုတော့ ဆရာကြီးရဲ့ နာမည်ကိုလည်း ရွှေကျားလို့ ပြောင်းလိုက်ပေါ့။ ဒါမှ သူငယ်တန်းစာအုပ်ထဲမှာ ပါတဲ့ ရွှေယုန်နဲ့ရွှေကျား သက်ကယ်ရိပ်သွားဆိုတာမျိုးလည်း လိုက်ဖက်ညီသွားမှာပေါ့။ မကောင်းဘူးလား ဆရာကြီး၊ ဟား…ဟား…ဟား… ဟား…'

ချစ်ဦးမောင် ပြောပြီးရယ်နေသလို အနီးတွင်ရှိနေသော သိန်းထိကလည်း ရယ်နေသည်။

'တယ်… ဒီကောင်လေး၊ နောက်တီးနောက်တောက်နဲ့။ ဒါကြောင့် ငါ အခုရိုက်မယ့် ဇာတ်ကားမှာ မင်းနဲ့ လိုက်ဖက်ညီတယ် ပြောတာပေါ့။ ငါ့ဇာတ်လမ်းထဲမှာ ပါတဲ့ မင်းသားကလည်း မင်းလိုပဲ နောက်တီးနောက်တောက်ပြောတတ်တယ်ကွ။ ဒီတော့ ငါ့ကားမှာ





မင်းသားလုပ်ဖို့သာ ပြင်ပေတော့'

'ကောင်းပြီလေ… ဆရာကြီးက အရမ်း မင်းသားလုပ်ဖို့ တိုက်တွန်းနေတော့လည်း လုပ်ရတာပေါ့။ ဒါပေမဲ့ မျက်နှာတော့ ခပ်လှုပ်လှုပ်ပဲခင်ဗျ'

'မလှုပ်ပါနဲ့ကွာ။ ငါခိုင်းတဲ့အတိုင်းသာ မင်း သရုပ်ဆောင်ပြနိုင်ရင် အဟုတ်အောင်ပြီး အခုလက်ရှိ ရုပ်ပါမင်းသားတွေကို မလှုပ်နိုင်အောင် မင်းက ကျော်တက်သွားမှာပါလေ။ ဟဲ… ဟဲ… ဟဲ'

ဒါရိုက်တာကြီး မင်းဘီလူးကတော့ ရဲရဲကြီးသာ အာမခံချက်ပေးနေသည်။

ချစ်ဦးမောင်နှင့် သိန်းထိတို့လည်း ဒါရိုက်တာကြီး မင်းဘီလူးအိမ်မှ ပြန်လာခဲ့ကြသည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

### ရွှေမင်းသမီးနှင့် မင်းသားသစ်

နောက်တစ်ပတ်ခန့်အကြာတွင် ဒါရိုက်တာကြီး မင်းဘီလူးမှာ သူ၏ စိတ်ကြိုက်မင်းသားမရ၍ တစ်နှစ်နီးပါး ဆောင့်ဆိုင်းခဲ့ရသော 'ချစ်ကြစို့ပျော်ပျော်' ဇာတ်ကားကြီးကို ကန်တော့ပွဲပေးခဲ့တော့သည်။

ကန်တော့ပွဲကို စတင်ပေးသောနေ့ဖြစ်၍ ထိုဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ကြမည့် ဇာတ်ရံ၊ ဇာတ်ပို့များနှင့်တကွ



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ကြားထားသော စာနယ်ဇင်းသမားများလည်း စုံစုံညီညီ ရောက်လာကြသည်။

ဒါရိုက်တာ မင်းဘီလူး၏ တင်မြှောက်ပေးမှုကြောင့် လျှမ်းလျှမ်းတောက် နာမည်ကြီးနေသော မင်းသမီးချော 'မြတ်ဝင်းလဲ့မွန်' မှာလည်း ရောက်လာခဲ့သည်။

ထိုအချိန်အထိ မင်းသားသစ်ချစ်ဦးမောင်မှာ ရောက်မလာသေးပေ။

ကန်တော့ပွဲသို့ ရောက်ရှိနေကြသော စာနယ်ဇင်းသမားများမှာလည်း သူတို့ မတွေ့မြင်ဖူးသေးသော မင်းသားသစ် ချစ်ဦးမောင်ကို တွေ့လိုစိတ်နှင့် စောင့်မျှော်နေကြသည်။ သူတို့လိုပင် ရုပ်ရှင်စတား အကယ်ဒမီ မင်းသမီး မြတ်ဝင်းလဲ့မွန်မှာလည်း သူမနှင့်တွဲ၍ သရုပ်ဆောင်ပြရမည့် မင်းသားသစ်ကို မျှော်နေမိသည်။

ကန်တော့ပွဲပေးရမည့်အချိန်ကလည်း နီးကပ်လာနေပြီမို့ မင်းသမီး မြတ်ဝင်းလဲ့မွန်မှာ အောင့်အည်းမနေနိုင်ဘဲ ဒါရိုက်တာကြီး မင်းဘီလူးကို စတင်၍မေးနေတော့သည်။

'ဆရာ…'





'ဟေ…'

'ဆရာ့မင်းသားက လာဦးမှာလား။ ကန်တော့ပွဲပေးတော့မယ့်အချိန်တောင် ကပ်နေပြီ'

'ဟဲ… ဟဲ… လာမှာပါ တူမကြီးရယ်။ စိတ်အေးအေးထားစမ်းပါ'

'သမီးက စိတ်အေးအေးထားပါတယ်။ ဆရာ့မင်းသားလုပ်ပုံကို စိတ်တိုင်းမကျလို့ပါ'

'ဟေ… ဘာကြောင့်လဲ မင်းသမီးရဲ့'

'ဒီလိုလေ… တခြားမျက်နှာသစ် မင်းသားတွေဆိုရင် အခုလို ကန်တော့ပွဲစပြီး ပေးတဲ့နေ့မှာ ကြိုရောက်နေတာချည့်ပဲ။ အခု ဆရာ့မင်းသားကျမှ နောက်ကျနေတာကို သမီးက ပြောနေတာပါ'

'နောက်ကျဆို သူက မင်းသားသစ်ဆိုတော့ စောစောလာရမှာ ရှက်နေလို့နဲ့တူပါတယ်'

'အိုး… ရှက်တတ်ရင် မင်းသားလုပ်မနေနဲ့ပေါ့။ ဒီအတိုင်းသာဆိုရင် ဆရာ့မင်းသားက စွံမယ်မထင်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီး မြတ်ဝင်းလှဲ့မွန်က အထင်သေးသံနှင့် ပြောနေသည်။

'ဟဲ… ဟဲ… အဲဒီလိုတော့ အရမ်းအထင်မသေးလိုက်ပါနဲ့ တူမရယ်။ ဆရာ အခုရိုက်မယ့်ဇာတ်လမ်းနဲ့ သူနဲ့ ဟာ အရမ်းကို လိုက်နေလို့ ဆရာက သူ့ကို မရမကခေါ်ပြီး ရိုက်ရတာပါ။ ပြီးတော့ သူ့ကိုလည်း ဘယ်လိုသရုပ်ဆောင်ရမယ်ဆိုတာကို အထပ်ထပ်အခါခါ သင်ပြပေးမှာမို့ သူဟာ ရာနှုန်းပြည့်ကို အောင်မြင်မယ့်မင်းသားဖြစ်မယ်လို့ ဆရာကတော့ ကျိန်းသေတွက်ထားတယ် တူမကြီးရေ့။ ဟား… ဟား… ဟား…'

ဒါရိုက်တာကြီး မင်းဘိလူး ပြောနေခိုက်မှာပင် မင်းသားသစ် ချစ်ဦးမောင်မှာ သူ့သူငယ်ချင်း သိန်းထိနှင့်အတူ ကကာအငှားယာဉ်နှင့် ရောက်လာခဲ့သည်။

'ဟော… ဟော… မင်းသားသစ် ရောက်လာပြီ'

ဓာတ်ပုံသတင်းထောက် တစ်ဦး၏ ပြောသံကြောင့် စာနယ်ဇင်းသမားများမှာ လှုပ်လှုပ်ရွရွ ဖြစ်သွားကုန်ကြသည်။





ပြီးတော့ သူတို့အားလုံး ချစ်ဦးမောင်တို့ထံသို့ ပြေးသွားကြသည်။ သို့သော် ကကာအငှားယာဉ်ပေါ်မှ ဆင်းလာကြသူတို့မှာ နှစ်ဦးလည်းဖြစ်ပြန်၊ နှစ်ဦးစလုံးကလည်း အသက်အရွယ်ကလည်းတူ၊ အရပ်အမောင်းကလည်း တူညီနေပြီး အဝတ်အစားကျတော့လည်း ဆင်တူဖြစ်နေကြ၍ စာနယ်ဇင်းသမားတို့မှာ–

မင်းသားသစ်ကို တွေ့ဖူး မြင်ဖူးကြသူများ မဟုတ်ကြ၍ ဝေခွဲရခက်နေကြသည်။

သို့ဖြစ်၍ ဓာတ်ပုံသတင်းထောက်တစ်ဦးက သူတို့ကို လှမ်းမေးနေရသည်။

'ခင်ဗျားတို့နှစ်ယောက်ထဲက ဘယ်သူက မင်းသားသစ်လဲဗျို့'

သို့သော် ချစ်ဦးမောင်ရော သိန်းထိတို့ကပါ အမေးကိုအပြောင်သန်ကြသူများမို့ ရှင်းမပြကြဘဲ ပြုံး၍နေကြသည်။ ထိုအခါ အသက် ၄၀ ကျော်အရွယ် ဝါရင့်စာနယ်ဇင်းသမားကြီးတစ်ဦးက ဤသို့ မှတ်ချက်ချလိုက်သည်။

'ငါ့အထင်ပြောရရင် ဟောဟိုက အသားဖြူဖြူနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုရီးယားမင်းသား ဒါရိုက်တာရင်လို့ လူသိများကြတဲ့ Jang Dong geon ဂျန်ဒွန်ဒီအွန်နဲ့ တူတဲ့သူပဲ ဖြစ်ရ မယ်ကွ’

ဝါရင့်စာနယ်ဇင်းသမားကြီးက သူ့ဘာသာသူ မှတ်ချက်ချရင်း ချစ်ဦးမောင်၏လက်ကို ဆွဲကိုင်ကာ မေးသည်။

‘မင်း မဟုတ်လားကွ၊ မင်းသားသစ် ချစ်ဦးမောင်ဆိုတာ’

သည်တော့မှ ချစ်ဦးမောင်က ရယ်ပြရင်း ဝန်ခံတော့သည်။

‘ဟုတ်ပါတယ်… အန်ကယ်၊ မင်းသားသစ်က ကျွန်တော်ပါ။ ဆောကကောင်က ကျွန်တော့်ငယ်ကျွန်ကြီးပါ ခင်ဗျာ။ ဟား… ဟား… ဟား…’

ချစ်ဦးမောင်က အရွှန်းဖောက်ကာပြောလျှင် စာနယ်ဇင်းသမားများလည်း ပွဲကျသွားခဲ့ကြသည်။

သိန်းထိုက်တော့ ချစ်ဦးမောင်၏ထိပ်ကို လက်နှင့်လှမ်းပုတ်ရင်း သဘောမကျသံနှင့် ပြောသည်။

‘တယ်… ဂန်းမသား၊ မင်းသားဖြစ်မယ်တောင် မကြံ





သေးဘူး။ ငါ့ကို ဘက်ပြန်ချင်နေပြီ၊ ဟွန်း…’

လက်မြန်ခြေမြန်ရှိသော ဓာတ်ပုံသတင်းထောက်ကတော့ ချစ်ဦးမောင်၏ပုံကို အမြန်ရိုက်ယူလိုက်သည်။

ဒါရိုက်တာကြီး မင်းဘီလူးမှာလည်း သူတို့အနီးသို့ရောက်လာပြီး ချစ်ဦးမောင်ကို ပြောနေသည်။

‘ကဲ… ချစ်ဦးမောင်၊ မင်းတို့က ဘာဖြစ်လို့ နောက်ကျနေရတာလဲ။ မင်းနဲ့ သရုပ်ဆောင်မယ့် မင်းသမီးကလည်း မင်းကို မြင်ချင်လွန်းလို့ လည်တဆန့်ဆန့်နဲ့ မျှော်နေတာကွ’

‘နောက်ကျတာကတော့ ကျွန်တော်တို့ ပထမဆုံးငှားစီးလာခဲ့တဲ့ ကားအငှားကားဟာ လမ်းမှာ ဘီးပေါက်သွားလို့ တခြားအငှားကားကို စောင့်စီးနေရလို့ပါ။ ဆရာကြီးမင်းသမီးက ဘာကိစ္စမျှော်နေရတာလဲ။ ကျွန်တော့်ကို အရမ်း စိတ်ဝင်စားနေပြီနဲ့တူတယ်။ ဟဲ… ဟဲ… ဟဲ’

‘အောင်မာ… မင်းက ဘဝင်မြင့်နေလိုက်တာ။ မင်းသမီးက မျှော်တယ်ဆိုတာက မင်းကို စိတ်ဝင်စားလို့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ အချိန်မလေးစားတဲ့ မင်းကို နာရင်းတီးချင်လို့ပေါ့ သိပြီလား။ ဟွန်း…'

ဒါရိုက်တာကြီး မင်းဘီလူးက အမြင်ကတ်သံနှင့် ပြောလိုက်ပေ့မှ ချစ်ဦးမောင်မှာ ငြိမ်ကျသွားသည်။

မြတ်ဝင်းလဲ့မွန်ကတော့ သူတို့ကို ခပ်လှမ်းလှမ်းမှသာ ထိုင်၍ ကြည့်နေသည်။

ချစ်ဦးမောင် အနီးသို့ရောက်လာလျှင်တော့ သူမစိတ်ထဲတွင် မြင်ဖူးသလိုလိုရှိပါသည်ဟု ထင်နေမိသည်။

သူမလိုပင် ချစ်ဦးမောင်မှာလည်း မြတ်ဝင်းလဲ့မွန်ကို မြင်ဖူးသလိုလို ထင်မြင်နေမိသည်။

ထိုသို့ ထင်မြင်နေရင်းမှ မြတ်ဝင်းလဲ့မွန်၏အနီးသို့ အရောက်တွင်တော့ 'ဟောဗျ… ဆင်အော်မပါကလား'ဟူ၍ ချစ်ဦးမောင်နှုတ်ဖျားမှ အံ့သြသံတစ်ခု ထွက်ပေါ်သွားခဲ့သည်။ သူနည်းတူပင် မြတ်ဝင်းလဲ့မွန်၏ နှုတ်ဖျားမှလည်း-

'ဟယ်… ကိုဗရုတ်သုတ်ခကြီးပါလား'ဟူ၍ ပြန်လည်ထွက်ပေါ်လာခဲ့တော့သည်။

ဒါရိုက်တာကြီး မင်းဘီလူးမှာလည်း သူတို့တစ်တွေ



၏ နှုတ်ဆက်သံတွေကြောင့် အံ့သြသွားခဲ့သည်။

'ဟ… ဟ… မင်းတို့နှစ်ယောက်က သိနေကြသလား။ တစ်ဦးကိုတစ်ဦး နှုတ်ဆက်ကြပုံကလည်း ဆန်းတယ်ကွာ။ ဆင်အော်မနဲ့ ကိုဗရုတ်သုတ်ခရယ်လို့၊ ဟား… ဟား… ဟား… ဟား…'

ဒါရိုက်တာကြီး မင်းဘီလူးက ရယ်နေသော်လည်း မင်းသမီး မြတ်ဝင်းလဲ့မွန်မှာတော့ မရယ်နိုင်ပေ။

မရယ်နိုင်ရုံသာမကသေး။ သူမ၏ ကြည်လင်ဝင်းပနေသော မျက်နှာဝကလေးမှာ လပေပ်ဖမ်းခံရသော စန္ဒာလမင်းကြီးလို မည်းညစ်ကာနေတော့သည်။

မြတ်ဝင်းလဲ့မွန်သာ မဟုတ်သေး။

ချစ်ဦးမောင်မှာလည်း သူနှင့် လုံးဝသင့်မြတ်ခြင်းမရှိဘဲ ဘုဘောက်ကျကာနေသော မင်းသမီးနှင့် သူ စတင်၍ ရုပ်ရှင်ကားတွင် သရုပ်ဆောင်ရမည်မို့ အရမ်းကို စိတ်ပိန်သွားရှာတော့သည်။

'ဆရာ… သမီးတွဲရမယ့် မင်းသားသစ်ဆိုတာ ဒီသတ္တဝါလားဟင်'

www.burmeseclassic.com

www.burmeseclassic.com



မြတ်ဝင်းလှဲ့မွန်က စိတ်ရှုပ်သံကလေးနှင့် ဒါရိုက်တာမင်းဘီလူးကို မေးနေသည်။

'အေး… ဟုတ်တယ်။ မင်းသမီးနဲ့လည်း သိက္ခာမ်းနေတာပဲဟာ'

ဒါရိုက်တာမင်းဘီလူးမှာ သူတို့၏ အတိတ်ဇာတ်ကြောင်းကို မသိသေး၍ ခပ်အေးအေး ပြန်ပြောနေသည်။

'သိက္ခာမ်းတယ်ဆိုတာက ကောင်းသောသိက္ခာမ်းခြင်း မဟုတ်ဘူး။ တစ်ဦးမျက်နှာ တစ်ဦး ကြည့်မရအောင် မုန်းတီး နေကြတဲ့ သိက္ခာမ်းခြင်း ဆရာရဲ့။ ဒါကြောင့် သမီးတော့ သူနဲ့ ရုပ်ရှင်မရိုက်ချင်တော့ဘူး ဆရာ'

'ဟိုက်… သောက်ပလုပ်တုတ်တုတ်… ဒီ… ဒီလိုတော့မလုပ်ပါနဲ့ သမီးရယ်။ ဆရာ့မျက်နှာကို ထောက်ပါဦး'

'မဖြစ်နိုင်လို့ပါ ဆရာရယ်။ သူနဲ့သမီးက မျက်နှာချင်းကို ဆိုင်မရတဲ့သူတွေမို့ပါ'

'ဟုတ်တယ် ဆရာကြီး၊ ကျွန်တော်ကလည်း ဒီဆင်အော်မနဲ့ဆို မရိုက်ရေးချ မရိုက်သေးထဲကပဲ။



ဒီတော့ ကျွန်တော်ပြန်တော့မယ် ဆရာကြီး'

ချစ်ဦးမောင်ကလည်း မြတ်ဝင်းလှဲ့မွန်လိုပင် ခပ်ဟဟ ပြောကာ ပြန်ရန်ပြင်တော့သည်။ ဤတွင် ဒါရိုက်တာကြီး မင်းဘီလူးမှာ သူ လုံးဝ မျှော်လင့်မထားခဲ့သော ဖြစ်ရပ်ကြောင့် ဦးနှောက်ခြောက်ကာ ရူးချင်သလိုလို ဖြစ်သွားခဲ့တော့သည်။

'ဟာ… ဟေ့… ချစ်ဦးမောင်၊ ဒီလို မလုပ်နဲ့လေကွာ။ ငါ့မျက်နှာလည်း ထောက်ပါဦး'

ဒါရိုက်တာကြီး မင်းဘီလူးမှာ လှည့်ထွက်သွားရန်ပြင်သော ချစ်ဦးမောင်၏ လက်မောင်းကို ဆွဲထားရင်း ပြောနေသည်။ မြတ်ဝင်းလှဲ့မွန်ကလည်း အညှံ့မခံဘဲ မင်းဘီလူးကို ပြောနေပြန်သည်။

'ဆရာ့ကိုတော့ အားနာပါတယ်။ ဒါပေမဲ့ ဒီဇရတ်သုတ်ခနဲ့တော့ မရိုက်ချင်ဘူး ဆရာ။ မင်းသမီးသာ ပြောင်း လိုက်ပါ'

'ဟဲ့… ဟဲ့… မင်းသမီးကလည်း တစ်မျောင့်ဝဲ။ ဘာဖြစ်လို့ မင်းသမီးပြောင်းရိုက်ရမှာလဲ။ ငါတို့မင်းကြီးနဲ့ပဲ ရိုက်ပါရစေ'

www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာကြီး မင်းဘီလူးမှာ တောင်းပန်သံနှင့်ပြောရင်း မြတ်ဝင်းလှဲမွန်၏ လက်မောင်းကို ဆွဲထားရပြန်သည်။

သူ့မှာ ချစ်ဦးမောင်နှင့် မြတ်ဝင်းလှဲမွန်တို့အလယ်တွင် ဘယ်ညာတစ်ဖက်စီ ဆွဲထားရင်း ရောက်နေသည်။

'မဖြစ်ဘူး ဆရာကြီး… ဒီဆင်အော်မနဲ့ ရိုက်ရမှ မင်းသားဖြစ်မယ်ဆိုရင် ကျွန်တော် မရိုက်တော့ဘူး။ သဘော ပဲ ပြန်လိုက်တော့မယ်။ ခွင့်လွှတ်ပါ ဆရာကြီး'

ချစ်ဦးမောင် ပြောရင်း ဒါရိုက်တာကြီး မင်းဘီလူး ဆွဲထားသော သူ့လက်မောင်းကို ရုန်းနေသည်။

ထို့အတူ မြတ်ဝင်းလှဲမွန်ကလည်း ဒေါသသံကလေး နှင့် မင်းဘီလူးကို ပြောနေပြန်သည်။

'သမီးကလည်း… သူ့လို ဇရိတ်သုတ်ခကောင်နဲ့ တွဲပြီး မရိုက်ချင်ဘူး ဆရာ။ သမီးရဲ့သိက္ခာ အရမ်း ကျသွားလိမ့်မယ်'

မြတ်ဝင်းလှဲမွန်မှာ စကားအဆုံးတွင် ဒါရိုက်ကြီး မင်းဘီလူးလက်မှ ရုန်းထွက်နေပြန်သည်။





ဤတွင် ဒါရိုက်တာကြီး မင်းဘီလူးမှာ မင်းသမီးနှင့် မင်းသားကို ဘယ်ပြန်ညာပြန် ဆွဲထားရသဖြင့် သူ့ခါးတွင် ဝတ်ထားသော ပုဆိုးမှာ ကွင်းလုံးကျွတ်ကာ သူ့ခြေဖဝါးပေါ် သို့ ကျသွားခဲ့သည်။

'ဟဲ့… ဟဲ့… တောက်ပလုတ်တုတ်တုတ်… လုပ်… လုပ်ပါဦး'

ဒါရိုက်တာ မင်းဘီလူးမှာ အလန့်တကြားအော်မိရင်း ကျွတ်ကျသွားခဲ့သော သူ့ပုဆိုးကို ငုံ့ယူရန်ပြင်သည်။

သူ့တွင် အတွင်းခံဘောင်းဘီဝတ်မထားခဲ့၍ သူ ပုံဆိုး ကို ကုန်းအကောက်တွင် မဟူရာရောင်ထနေသော သူ့ဖင် မည်းမည်းကြီးမှာ မြင်ရသူတိုင်းအတွက် ဟားစရာတွေ ဖြစ်နေ တော့သည်။

ချစ်ဦးမောင်မှာ ဒါရိုက်တာကြီးမင်းဘီလူး ပုဆိုးကျွတ် ကျသည်ကို တွေ့ရလျှင် တခစ်ခစ်ရယ်ရင်း ကျွတ်ကျခဲ့သော ပုဆိုးကို ကောက်ပေးရန် ပြင်သည်။

သို့သော် ချစ်ဦးမောင်မှာ ပုဆိုးကို အသာတကြည် ကောက်မပေးသေးဘဲ ခပ်ဆတ်ဆတ်ကလေးဆွဲယူကာ ကောက်



www.burmeseclassic.com

www.burmeseclassic.com



ပေးသဖြင့် ဒါရိုက်တာကြီး မင်းဘီလူး၏ ခြေနှစ်ဖက်ကို ဆွဲလှဲသလို ဖြစ်သွားခဲ့သည်။

သို့ဖြစ်၍ ဒါရိုက်တာကြီး မင်းဘီလူးမှာ နောက်ဘက်သို့ ဖင်ထိုင်လျက် လဲကျသွားခဲ့ရှာတော့သည်။

'အောင်မယ်လေး… သေပါပြီ။ ဘယ်လိုလုပ်လိုက်တာလဲ ချစ်ဦးမောင်ရယ်၊ ဟွန်း…'

ဒါရိုက်တာကြီး မင်းဘီလူးက ပက်လက်လန်လဲကျနေရာမှ ချစ်ဦးမောင်ကို လှမ်းမေးနေသည်။

'ကန်တော့… ကန်တော့ ဆရာကြီး၊ ကျွန်တော်က ဆရာကြီးပုဆိုးကို ကောက်ပေးတာပါ'

'အိမ်း… ကောက်ပေးရင်လည်း ဖြည်းဖြည်းသက်သာ ကောက်ပေးမှပေါ့။ အခုတော့ မင်းဟာက လုံချည်ကောက် ပေးတာနဲ့မတူဘဲ ငါ့ခြေနှစ်ဖက်ကို ဆွဲမြှောက်သလိုဖြစ်သွားလို့ ငါ့မှာ ပလန်လက်ပြီး ပက်လက်လန်ခဲ့ရပါပကော။ ဟွန်း…'

ဒါရိုက်တာကြီး မင်းဘီလူး ပြောနေခိုက် ချစ်ဦးမောင်နှင့် အနီးသို့ရောက်လာသော သိန်းထီတို့က တူမ,ပေးကြရ





သည်။ စောစောက ဒေါကန်နေသော မြတ်ဝင်းလှဲမွန်မှာလည်း ဒါရိုက်တာကြီး မင်းဘီလူး၏အဖြစ်ကြောင့် ပါးစပ်ပိတ်ကာ ရယ်နေမိသည်။

**'ရယ်မောခြင်းသည် ဒေါသကို ပြေပျောက်စေနိုင်သည်'** ဟူသော စကားအတိုင်း မြတ်ဝင်းလှဲမွန်မှာလည်း ဒေါသစိတ်တွေ ပပျောက်သွားခဲ့သည်။

ဒါရိုက်တာကြီး မင်းဘီလူးမှာမူ ရှက်လည်းရှက်၊ စိတ်သည်းညစ်၊ ဒေါသလည်းဖြစ်နေ၍ အောက်ပါအတိုင်း သူတို့တို ပြောနေသည်။

'မင်းတို့လုပ်ပုံ ကောင်းကြသေးရဲ့လား။ မင်းတို့ဟာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ ဖြစ်ကြရဲ့သားနဲ့ ငါလိုလူကြီးတစ်ယောက်က တောင်းပန်နေတာကို အရေးမစိုက်ဘဲ ထင်ရာလုပ်နေကြလို့ ငါ့မှာ လူပုံအလယ်မှာ အရှက်ကွဲခဲ့ရပြီ။ ဒါကိုမှ မကျေနပ်ကြသေးဘဲ မိုက်ရိုင်းပြကြဦးမယ်ဆိုရင် ငါဟာ လုံးဝ မတားတော့ဘူး။ မင်းတို့လုပ်ချင်ရာသာ လုပ်ပြကြပေတော့ဟေ့'



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးတွင် ဒါရိုက်တာကြီး မင်းဘီလူးမှာ အလွန်စိတ်ဆိုးနေဟန်နှင့် သူတို့နှင့်ဝေးရာသို့သွားကာ ထိုင်နေတော့သည်။

ထိုအခါတွင်တော့ ချစ်ဦးမောင်ရော၊ မြတ်ဝင်းလွဲမှန်ကပါ စိတ်မကောင်း ဖြစ်သွားကုန်ကြသည်။

သိန်းထိကလည်း ချစ်ဦးမောင်ကို ဆူနေတော့သည်။

'ဟော့ကောင်… ချစ်ဦးမောင်၊ မင်းက ယောကျ်ားဖြစ်ပြီး အမျိုးသမီးနဲ့တူပြီး ရန်ပြိုင်ဖြစ်နေသလားကွ။ မင်းတို့ကြောင့် ငါ့ဦးလေးမှာ အရှက်လည်းကွဲ၊ စိတ်လည်း အရမ်းကို ထိခိုက်သွားပြီ။ ဦးလေးဆီကို မင်းက သွားပြီး တောင်းပန် လိုက်ကွာ'

သိန်းထိ၏စကားကို ချစ်ဦးမောင်က ခေါင်းတစ်ချက်ညိတ်ပြကာ ဒါရိုက်တာကြီး မင်းဘီလူးရှိရာသို့ ထွက်သွားခဲ့သည်။

မြတ်ဝင်းလွဲမှန်ကိုတော့ ထိုဇာတ်ကားကို ထုတ်လုပ်သူ ဦးမြင့်ကြည်က တောင်းပန်စကား ပြောကြားနေသည်။

'ဒီမယ် တူမကြီး… ဆရာမင်းဘီလူးဟာ စိတ်တော်





တော်ထိခိုက်သွားပုံရတယ်။ ဒီတော့ သူ စိတ်ချမ်းသာသွားအောင် တူမကြီးက သွားပြီး အားပေးလိုက်ပါကွာ။ ဦးလေး အထူးပဲ တူမကြီးကို မေတ္တာရပ်ခံပါတယ်'

'ဟုတ်ကဲ့ ဦးလေး၊ သမီး အခုပဲသွားပြီး ဆရာ့ကို တောင်းပန်လိုက်ပါမယ်'

မြတ်ဝင်းလွဲမှန်က ပြောပြီး ချစ်ဦးမောင်လိုပင် ဒါရိုက်တာကြီး မင်းဘီလူးရှိရာသို့ ထွက်သွားခဲ့သည်။ စာနယ်ဇင်းသမားများနှင့် ဖိတ်ကြားထားသော ဧည့်သည်များကတော့ သူတို့တစ်တွေကို စိတ်ဝင်စားစွာနှင့် စောင့်ကြည့်နေကြသည်။

'ဆရာကြီး … အခုလိုဖြစ်ရတာ ကျွန်တော့် စိတ်မကောင်းစွာနဲ့ တောင်းပန်ပါတယ်ခင်ဗျာ။ မင်းသမီးကို ကျွန်တော်ဟာ ဘယ်လိုပဲမုန်းမုန်း ဆရာကြီး အခုရိုက်နေတဲ့ကားကိုတော့ ပြီးအောင် ရိုက်ပေးပါတော့မယ်။ စောစောက ကျွန်တော့်အပြုအမူတွေအတွက်လည်း ဆရာကြီးကို စိတ်မဆိုးဖို့ တောင်းပန်ပါတယ်ခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးမောင် တောင်းပန်၍အပြီးတွင်-

မြတ်ဝင်းလှဲ့မွန်ကလည်း ဆက်၍တောင်းပန်နေသည်။

'ဆရာ… သမီးရဲ့ မိုက်မဲတဲ့အပြုအမူတွေအတွက် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်။ ဆရာဟာ သမီးရဲ့ ကျေးဇူးရှင်မို့ သမီးမကြည့်ချင်အောင် အရမ်းမုန်းနေတဲ့ မင်းသားသစ်နဲ့ ဆရာ့ဆန္ဒအတိုင်း ရိုက်ပေးပါ့မယ်ဆိုတာ ကတိပေးပါတယ် ရှင်…'

ထိုစကားများကို ကြားရလျှင် ဒါရိုက်တာကြီး မင်းဘီလူးမှာ စိတ်ဆိုးပြေကာ ဝမ်းသာသွားခဲ့သည်။

'အိမ်း… ဒီလိုမှပေါ့။ အနုပညာသည်ဆိုတာ ဆရာဝန်တွေလို သဘောထားကြရတယ်။ ဆရာဝန်တွေဟာ သူတို့ဆီကို ရောက်လာကြတဲ့ လူနာတွေဆိုရင် မုန်းသူ၊ ချစ်သူ မခွဲခြားဘဲ ရောဂါတွေကို ပျောက်အောင် ကုသပေးတာချည်းပဲ။ အဲဒီလိုပဲ ငါတို့ အနုပညာသည်တွေဆိုတာဟာ မုန်းသူ၊ ချစ်သူမဟူ ကိုယ်နဲ့အတူ သရုပ်ဆောင်ကြတဲ့အခါ အာဃာတတွေ ဘေးဖယ်ပြီး ဇာတ်ရုပ်ကို ပီပြင်အောင် သရုပ်ဆောင်





ပြကြရမယ်။ ဒါမှလည်း အနုပညာသည် ပီပြင်တော့မှာပေါ့။ အဲဒါကို မင်းတို့နှစ်ဦးစလုံး သဘောပေါက်နားလည်ကြရမယ်။ ဟုတ်ပြီလား'

ဒါရိုက်တာကြီး မင်းဘီလူး၏စကားကို ချစ်ဦးမောင်ရော မြတ်ဝင်းလှဲ့မွန်ကပါ နားလည်ကြောင်း အတူတူခေါင်းညိတ်ပြကြသည်။

'ဟုတ်ပြီ… မင်းတို့နှစ်ဦးစလုံး သဘောပေါက်သွားကြတဲ့အတွက် ဆရာလည်း အရမ်းကို ဝမ်းသာသွားပါတယ်။ ကိုင်း… ကိုင်း… ကန်တော့ပွဲအချိန်လည်း ရောက်နေပြီမို့ ငါတို့ ကန်တော့ပွဲဆီကို သွားကြစို့လား'

ဒါရိုက်တာကြီး မင်းဘီလူးက ပြောရင်း ရှေ့မှထွက်သွားသည်။

ချစ်ဦးမောင်နှင့် မြတ်ဝင်းလှဲ့မွန်တို့မှာ တစ်ဦးကိုတစ်ဦး မျက်စောင်းတစ်ချက်စီ ထိုးကြည့်ကြပြီးနောက် ကန်တော့ပွဲရှိရာသို့ ထွက်သွားခဲ့ကြသည်။

အကယ်ဒမီ မင်းသမီးနှင့် မင်းသားသစ်တို့ ကန်တော့



www.burmeseclassic.com

www.burmeseclassic.com



ပွဲ ကျင်းပရာနေရာသို့ ပြန်လာခဲ့ကြသည်ကို ပရိဂျူဆာနှင့် သိန်းထိတို့က စတင်၍ လက်နှိပ်ဩဘာပေးကာ တီးနေကြသည်။

သူတို့လိုပင် ဖိတ်ကြားထားသော ဧည့်ပရိသတ်ကြီးကလည်း ဩဘာလက်ခုပ်များ တီးခတ်နေကြတော့သည်။ ထို့နောက်တော့ ကန်တော့ပွဲအခမ်းအနားကို စတင်ကြတော့သည်။

ကန်တော့ပွဲအပြီးတွင် ကြွရောက်လာကြသော ဧည့်ပရိသတ်ကြီးအား မုန့်ဟင်းခါးများနှင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။ မူလက ဒါရိုက်တာကြီး မင်းဘီလူးမှာ ကန်တော့ပွဲအခမ်းအနားအပြီးတွင် ဓာတ်ဝင်ခန်းအချို့ ဓာတ်ပုံရိုက်ကူးမည်ဟု ကြံရွယ်ထားခဲ့သည်။

သို့သော် မင်းသားနှင့် မင်းသမီးတို့မှာ အစေးကပ်ခြင်းမရှိကြ၍ သူ့မှာ မရိုက်ကူးရဲတော့ပေ။

ထိုသို့ ရိုက်ကူး၍ မင်းသားနှင့် မင်းသမီးတို့ ထပ်မံ၍ ရန်ဖြစ်ကြလျှင် အခြေအနေတွေ ပိုဆိုးကုန်မည်စိုး၍ပင်။ သည်တော့ ကန်တော့ပွဲအခမ်းအနားအပြီးတွင် မင်းသားကိုရော





မင်းသမီးကိုပါ ပြန်လွှတ်လိုက်ရသည်။

သူ့အနေနှင့် မင်းသားနှင့် မင်းသမီးတို့ အဆင်ပြေသွားအောင် ကြိုးပမ်းရဦးမည်ကိုလည်း သူသိနေ၍ ဖြစ်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

## သူတို့၏ အဝတ်တပ်မှုဖြစ်ရပ်များ

ဒါရိုက်တာကြီး မင်းဘီလူး ရိုက်ကူးမည့် 'ချစ်ကြစို့ပျော်ပျော်' ဇာတ်ကားကြီး ကန်တော့ပွဲပေးသောနေ့က ဖြစ်ရပ်များကို အချို့သော စာနယ်ဇင်းများက ရိုးရိုးသားသား ဖော်ပြခဲ့ကြသည်။

သို့သော် နာမည်ကြီး ဂျာနယ်တစ်စောင်ကမူ အောက်ပါအတိုင်း ရေးကာထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## "ဒါရိုက်တာကြီးမင်းဘီလူး စတန့်ထွင်ခြင်းလော"

လွန်ခဲ့သော တနင်္ဂနွေနေ့က မြန်မာနိုင်ငံတော်တွင် အထူးနာမည်ကြီးလှသော ဒါရိုက်တာကြီး မင်းဘီလူး၏ 'ချစ်ကြစို့ပျော်ပျော်' ရုပ်ရှင်ကားကြီးကို ရှစ်မိုင်လမ်းရှိ စတူဒီယိုခြံကြီး၌ ကန်တော့ပွဲကို ပေးခဲ့သည်။ ထိုဇာတ်ကားတွင် ခေါင်းဆောင်မင်းသမီးအဖြစ် ဝါဝင်သူမှာ ယနေ့ ရုပ်ရှင်နှင့် ဗီဒီယိုလောကတွင် အထူးရေပန်းစား လူကြိုက်များလှသော ထပ်ဆင့်အကယ်ဒမီဝိုင်ရှင် မြတ်ဝင်းလဲ့မွန် ဖြစ်သည်။

သို့သော် မင်းသားကတော့ နာမည်ကြီးမင်းသားမဟုတ်ရုံမျှမက ရုပ်ရှင်နယ်သို့ လုံးဝ ခြေချခြင်းမရှိခဲ့ဖူးသေးသော အစိမ်းသက်သက် မျက်နှာသစ်မင်းသား ချစ်ဦးမောင်ဆိုသူ ဖြစ်နေသည်။

နာမည်ကြီး မင်းသမီးနှင့် မင်းသားသစ်တို့ အတူတွဲ၍ ရုပ်ရှင်ရိုက်ကြသည်မှာ မဆန်းပေ။

အခြားသော ရုပ်ရှင်ဒါရိုက်တာများကလည်း မင်းသားသစ်နှင့် နာမည်ရမင်းသမီးသော်လည်းကောင်း၊ မင်းသားဟောင်းနှင့် မင်းသမီးသစ်တို့သည်လည်းကောင်း ရိုက်တတ်ကြသည် မဟုတ်လော။





ယခု ဒါရိုက်တာကြီး မင်းဘီလူး ရိုက်ကူးမည့်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ကြမည့် မင်းသားသစ်နှင့် နာမည်ရမင်းသမီးအတွက်တော့ ထူးဆန်းနေသည်။ မည်သို့ထူးဆန်းနေသနည်းဟုဆိုသော် ကန်တော့ပွဲပေးသော အခမ်းအနားတွင် မင်းသားသစ်နှင့် နာမည်ကြီး မင်းသမီးတို့မှာ ဘုဘောက်ကျ၍ အကြီးအကျယ် ရန်ဖြစ်နေကြခြင်းပင်။

ကျွန်တော်တို့ မြန်မာရုပ်ရှင်လောကတွင် နာမည်ရမင်းသားနှင့် မင်းသမီးတို့ ရှူတင်တွင် ကတောက်ကဆဖြစ်ကာ စကားများ ရန်ဖြစ်ကြသည်မှာ မဆန်းလှပေ။

သို့သော် သို့သော် ယခုလို နာမည်ရမင်းသမီးနှင့် မျက်နှာသစ်မင်းသားတို့ စလုံးရေမှ မစရခင် တစ်ဦးနှင့်တစ်ဦး ရန်ဖြစ်ကြခြင်းကတော့ ပြောမယုံ ကြုံဖူးမှသိ ဖြစ်နေတော့သည်။

အလွန်လည်း ထူးဆန်းလှသည်။ ထူးဆန်းသည်နှင့်အမျှ ဖြစ်နိုင်စရာလည်း အလွန်နည်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



စာဖတ်သူများအနေနှင့် စဉ်းစားကြည့်ကြပါ။

အသာယ်သို့သော မျက်နှာသစ်မင်းသားက နာမည်ကြီး မင်းသမီးလည်းဖြစ်၊ ယနေ့ ရုပ်ရှင်နှင့် ဗီဒီယိုလောကတွင် သူမပါလျှင် မပြီးအောင် နာမည်ကြီးလှသော ဒိတ်ဒိတ်ကြဲ မင်းသမီးကို ကန်တော့ပွဲပေးသောနေ့တွင် ရန်ဖြစ်ပြလိုက်ခြင်း ကတော့ သဘာဝနှင့် ဆန့်ကျင်နေသည်။

ကျွန်တော်တို့အမြင်ကို တင်ပြရလျှင်တော့ ယခုလို မင်းသားသစ်နှင့် နာမည်ကြီးမင်းသမီးတို့ကို ကန်တော့ပွဲပေး သော အခမ်းအနားတွင် ရန်ဖြစ်ကြခြင်းမှာ သူတို့၏ဆန္ဒကြောင့် မဟုတ်ဘဲ ဒါရိုက်တာကြီး မင်းဘီလူး၏ စေခိုင်းချက်ဟု ယူဆမိပါသည်။

ဒါရိုက်တာကြီး မင်းဘီလူးတွင် ထူးထူးခြားခြားလုပ် တတ်သော ညာဉ်တစ်ခုရှိသည်။

ယခုလည်း မင်းသားသစ်နှင့် နာမည်ကြီး မင်းသမီး တို့ကို မြန်မာရုပ်ရှင်လောကတွင် ဖြစ်ရိုးဖြစ်စဉ်မရှိဘဲ ရန်ဖြစ် နိုင်းခြင်းမှာ ဒါရိုက်တာကြီး မင်းဘီလူး၏ ညာဉ်အတိုင်း ပြုလုပ်ခြင်းသာ ဖြစ်သည်ဟု ကျွန်ုပ်တို့က ယူဆပါသည်။





သည်လိုလုပ်လိုက်မှလည်း ရုပ်ရှင်ကြည့်ပရိသတ်ကြီး ၏ စိတ်တွင် အထူးအဆန်းဖြစ်ကာ စိတ်ဝင်စားကြမည် မဟုတ် လော။

'ဟော့ကောင်ကြီး… ချစ်ဦးမောင်၊ မင်းတို့အကြောင်း တွေကို ဒီစာစောင်မှာ ရေးထားတာတွေ့ရလို့ ဒေါ် ဝယ်လာတယ်ကွ။ ဖတ်ကြည့်စမ်းပါဦး။ ဟား… ဟား… ဟား…'

သိန်းထိက ချစ်ဦးမောင်တို့အကြောင်းကို ရေးသား ထားသော စာစောင်ကိုမြှောက်ပြကာ ပြောပြီး ရယ်နေသည်။

ချစ်ဦးမောင်ကလည်း စိတ်ဝင်စားစွာနှင့် သိန်းထိ လက်ထဲမှစာစောင်ကို အမြန်ယူ၍ ဖတ်ကြည့်နေသည်။

'ဟား… ဟား… ဟား… ဟား… ဟား'

စာစောင်ကိုဖတ်ပြီးသည့်အဆုံးတွင် ချစ်ဦးမောင်မှာ သဘောကျစွာနှင့် အထက်ပါအတိုင်း ဟက်ဟက်ပက်ပက်ကြီး ရယ်နေတော့သည်။

'ဟကောင်ကြီးရ… ဘာဖြစ်လို့ ဒီလောက်တောင် အူလှိုက်သည်းလှိုက် ရယ်နေရတာလဲကွ'



www.burmeseclassic.com

www.burmeseclassic.com



သိန်းထိက အံ့ဩသံနှင့် မေးနေသည်။

'ရယ်ဆို ဒီစာစောင်မှာ ရေးထားတာနဲ့ တကယ့်ဖြစ်ရပ်တွေဟာ အလွဲလွဲအချော်ချော် ဖြစ်နေလို့ပေါ့ကွ။ သူတို့က ငါနဲ့ ဆင်အော်မနဲ့ ရန်ဖြစ်ကြတာဟာ ဒါရိုက်တာကြီး မင်းဘီလူးက စတန့်ထွင်ပြီး လုပ်ခိုင်းတယ်လို့ ထင်နေကြတာကိုး။ ငါနဲ့ ဆင်အော်မရဲ့ အတိတ်ကဇာတ်ကြောင်းတွေကိုတော့ သူတို့မှ မသိကြဘဲ။ ဒါကြောင့် သူတို့ရေးထားတာတွေကို ဖတ်ရတော့ ငါ့မှာ မရယ်ဘဲကို မနေနိုင်ဘူးလေ။ ဟား... ဟား... ဟား...'

စကားအဆုံးတွင် ချစ်ဦးမောင်မှာ ရယ်နေပြန်သည်။

'အင်း... ငါကတော့ မင်းနဲ့ မင်းသမီး မြတ်ဝင်းလဲ့မွန်တို့အကြောင်းကို မင်းပြောပြလို့ သိရပေမယ့် စာနယ်ဇင်းသမားတွေကတော့ သိမှမသိရှာကြဘဲကိုး။ သိရင် သူတို့က အခုလို ဘယ်ရေးကြပါ့မလဲကွာ'

ချစ်ဦးမောင်မှာ သိန်းထိကိုပြောပြရင်း သူနဲ့ မြတ်ဝင်းလဲ့မွန်ခေါ် လဲ့မွန်တို့ တွေ့ဆုံခဲ့ကြပုံအလုံးစုံကို အောက်ပါ





အတိုင်း တရေးရေးနှင့် မြင်ယောင်လာခဲ့တော့သည်။

လွန်ခဲ့သော လေးနှစ်ခန့်က ဖြစ်သည်။

ထိုစဉ်က သူလည်း သဘင်္ဘောသားမဖြစ်သေးသလို မြတ်ဝင်းလဲ့မွန်မှာလည်း မင်းသမီးမဖြစ်သေးပေ။

လဲ့မွန်အမည်နှင့် သာမန်အရပ်သူဘဝ၌သာ ရှိသေးသည်။ ချစ်ဦးမောင်မှာ မော်လမြိုင်မြို့မှနေ၍ သင်္ဘောသားလုပ်ရန် တာမွေဘက်တွင်ရှိ သူ၏သူငယ်ချင်း အောင်ဆွေ၏အိမ်၌ ခေတ္တနေထိုင်ခဲ့ရသည်။

ယခုလက်ရှိ သူ့သူငယ်ချင်း သိန်းထိမှာ သူသင်္ဘောသားဖြစ်မှ ခင်မင်သိကျွမ်းခဲ့ရသူဖြစ်သည်။

အောင်ဆွေကတော့ သူ အထက်တန်းကျောင်းသားဘဝတွင်ရော တက္ကသိုလ်ကျောင်းသားဘဝသို့ ရောက်သည်အထိ တတွဲတွဲနှင့် အလွန်ချစ်ခင်ခဲ့ကြသော သူငယ်ချင်းများပင်။

ချစ်ဦးမောင်တစ်ယောက် သင်္ဘောသားဖြစ်နေချိန်တွင် အောင်ဆွေမှာလည်း စက်ရုံတွင် အလုပ်ရသွား၍ လုပ်ကိုင်နေသည်မှာ နှစ်နှစ်ခန့်ရှိနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အောင်ဆွေတွင် မိဘနှစ်ပါးစလုံး မရှိကြတော့ပါ။ သူ ဆယ်နှစ်သားအရွယ်၌ ကွယ်လွန်ခဲ့ကြသည်။

သူ့ကို အဒေါ်ဖြစ်သူ အပျိုကြီးဒေါ်ထားရှင်က မွေးစားမိခင်အဖြစ် သူ့ကို ကျွေးမွေးစောင့်ရှောက်ထားခဲ့သည်။

ယခု သူတို့နေထိုင်ကြသော တစ်ထပ်အိမ်နှင့် ၁၀ ပေ အကွာတွင်ရှိသော တစ်ထပ်ပျဉ်ထောင်အိမ်ကလေးမှာ ဒေါ်ထားရှင်ပိုင် ဖြစ်သည်။

ထိုအိမ်ကို ဒေါ်ထားရှင်က နှစ်ချုပ်နှင့် ငှားထားခဲ့သည်။ ထိုငှားထားသော အိမ်တွင် ဒေါ်ထားရှင်နှင့်ရွယ်တူ မုဆိုးမကြီး ဒေါ်ဖွားအိက နေသည်။

သူမတွင် အသက် (၂၀) အရွယ်ခန့်ရှိ သမီးပျိုနှစ်ဦးနှင့်အတူနေကြသည်။

လွန်ခဲ့သော နှစ်ပတ်ခန့်ကတော့ သူတို့အိမ်သို့ လဲ့မွန်မှာ ရောက်ရှိလာခဲ့သည်။

လဲ့မွန်မှာ ဒေါ်ဖွားအိ၏ တူမဝမ်းကွဲတော်သည်။

ထို့ပြင် ဒေါ်ဖွားအိ၏ သမီးပျိုများဖြစ်ကြသော ခင်ခင်ပြုံး အသက် (၂၀)နှစ်နှင့် ညီမဖြစ်သူ ခင်စန်းဝေတို့နှင့်လည်း





ညီအစ်မဝမ်းကွဲများ ဖြစ်ကြရုံမက ကျောင်းနေဖက်သူငယ်ချင်းများလည်း ဖြစ်ကြသည်။

ထိုစဉ်က လဲ့မွန်၏အသက်မှာ (၁၈)နှစ်သာ ရှိသေးသည်။ လဲ့မွန်မှာ ငယ်ရွယ်စဉ်ကတည်းကပင် ရုပ်ရှင်မင်းသမီးဖြစ်ရန် အလွန်စိတ်အားသန် သည်။

ယခု သူမမှာ အဒေါ်ဖြစ်သူ ဒေါ်ဖွားအိ၏အိမ်သို့ ရောက်နေခြင်းမှာလည်း သူမ လျှောက်ထားခဲ့သော ရုပ်ရှင်ကုမ္ပဏီတစ်ခုမှ လူတွေ့အစစ်ခံရန် ခေါ်ယူထား၍ ရောက်နေခြင်းပင်။

ချစ်ဦးမောင်နှင့် လဲ့မွန်တို့မှာ အိမ်နီးချင်းများဖြစ်နေကြသော်လည်း ဆုံတွေ့ဖူးခြင်းတော့ မရှိသေးပေ။ ဒေါ်ဖွားအိ၏ သမီးပျိုနှစ်ဦးနှင့်သာ ခင်မင်သိကျွမ်းနေကြသည်။

ချစ်ဦးမောင်အနေနှင့် သင်္ဘောသားသင်တန်းသို့ ၃ လခန့် တက်နေရသူမို့ နံနက် (၅)နာရီတွင် သင်တန်းစခန်းသို့ အမြန်ပြေးရသည်။

ညနေ (၆)နာရီခန့်ကျမှ စခန်းမှ သူ ယာယီတည်းခိုနေသောအိမ်သို့ ရောက်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



လှဲမွန်မှာလည်း နံနက်ပိုင်းတွင် အပြင်သို့ ထွက်လေ့ရှိပြီး ညနေ (၅)နာရီခန့်ကျမှ ပြန်လာတတ်သည်။

လှဲမွန်တစ်ယောက် ဒေါ်ဖွားအိအိမ်သို့ ရောက်နေသည်မှာ တစ်လနီးပါးရှိနေပြီဖြစ်သော်လည်း ချစ်ဦးမောင်နှင့် ဆုံတွေ့မိခြင်း မရှိသေးပေ။

အဲ ... ဆုံမည့်ဆုံတော့ ကောင်းသောဆုံတွေ့ခြင်း မဟုတ်တော့ပေ။

ပြဿနာတွေနှင့် ဆုံမိကြခြင်းသာ ဖြစ်တော့သည်။

ဖြစ်ပုံကတော့-

မိုးဦးကာလ၏ နေ့လယ်အချိန်တွင် ဖြစ်သည်။

ထိုနေ့က လှဲမွန်မှာ ရုပ်ရှင်ကုမ္ပဏီတစ်ခုက အင်တာဗျူးရန်အတွက် သူမကို ခေါ်ထားခဲ့သည်။ လှဲမွန်ကလည်း အင်တာဗျူးသွားရန် ကျကျနန ပြင်ဆင်ထားသည်။

စောစောပိုင်းက အမွန်မိုးက မာန်ဟုန်ပျိုးကာ သည်းခဲ့သလောက် ယခုမူ မောသွားဟန်နှင့် ရပ်ဆိုင်းသွားခဲ့သည်။ မိုးတိတ်ပြီမို့ လှဲမွန်မှာ အိမ်မှနေ၍ ထွက်လာခဲ့သည်။ တစ်ဖက်ကလည်း ချစ်ဦးမောင်မှာ အရေးကြီးသောစာရွက် မေ့ကျန်





ခဲ့၍ သင်တန်းကျောင်းမှနေ၍ အိမ်သို့ ကကာအငှားယာဉ်နှင့် ပြန်လာခဲ့သည်။

စီးလာခဲ့သော အငှားယာဉ်အား ကျသင့်ငွေကို ရှင်းပေးပြီး ချစ်ဦးမောင်မှာ အိမ်ဘက်သို့ အမြန်ပြေးသွားခဲ့သည်။ တစ်ဖက်မှလည်း လှဲမွန်ကလာနေရာ ကမူးရှူးထိုးနိုင်လှသော ချစ်ဦးမောင်က လှဲမွန်ကို ဝင်တိုက်မိတော့သည်။

'အောင်မယ်လေး... သေပါပြီ'

လှဲမွန်ထံမှ အလန့်တကြား အော်သံကလေးနှင့်အတူ နောက်ဘက်သို့ ပက်လက်လန်ကာ လဲကျသွားရှာသည်။ လဲကျသည့် နေရာကလည်း ခြောက်သွေ့သောနေရာဆိုလျှင် တော်သေးသည်။

ယခုမူ မိုးရေကြောင့် ရွှံ့အိုင်ဖြစ်နေသော ဗွက်ထဲသို့ လဲကျသွားခဲ့သည်။ ထိုသို့ လဲကျမှုကြောင့် လှဲမွန် ဝတ်ဆင်ထားခဲ့သော အဖန်တိုးသည့် အဖိုးတန်ပါတိတ်မှာ ရွှံ့ရေတွေ ပေကျံကုန်တော့သည်။

'ဟာ... ဆောရီးဗျာ၊ မတော်လို့ပါနော်၊ တောင်းပန်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးမောင်က အားနာသံနှင့်ပြောရင်း ဖင်ထိုင်လျက် လဲကျနေသော လဲ့မွန်ကို ထူရန် သူ့လက်နှစ်ဖက်ကို ကမ်းလှမ်းနေသည်။

လဲ့မွန်ကတော့ အလွန်စိတ်ဆိုးနေသူမို့ ချစ်ဦးမောင် ကမ်းလှမ်းလာသော လက်ကို သူမလက်ဖြင့် တအားဆွဲဖယ်ပစ်သည်။

အမှတ်တမဲ့ဖြစ်နေ၍ ချစ်ဦးမောင်မှာ သူ့ကိုယ်ကြီးကို မထိန်းနိုင်တော့ဘဲ **'ဟဲ့... အောက်ချေး'** ဟူသည့် အော်သံနှင့်အတူ လဲ့မွန်ကိုယ်ပေါ်သို့ လဲကျကာသွားခဲ့သည်။

ဤတွင် လဲ့မွန်မှာ မိအေးနှစ်ခါနာဆိုသော စကားအတိုင်း ရွှံ့တွေပေါ်သို့ ပက်လက်လန်ကာ ထပ်မံ၍ လဲကျသွားပြန်သည်။

ထိုအခါတွင်တော့ ဝတ်ထားသော ပါတိတ်ထဘီသာမက အင်္ကျီတွေပါ ရွှံ့တွေနှင့် ပေကျံကုန်တော့သည်။

'ခင်... ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲဗျ'

ချစ်ဦးမောင်က နားမလည်ဟန်နှင့် မေးနေသည်။

'အောင်မယ်... သူကများ မသိဟန်ဆောင်ပြီး





မေးနေလိုက်တာ၊ ဟွင်း...'

လဲ့မွန်က စိတ်တိုသံနှင့် ချစ်ဦးမောင်ကို ပြောသည်။

'ကျုပ်က မသိဟန်ဆောင်တာ မဟုတ်ဘူး။ ခင်ဗျားကို ကူညီဖို့လုပ်တာကို ခင်ဗျားက ဘာသဘောနဲ့ ကျုပ်လက်ကို တအားဆွဲလိုက်ရတာလဲ'

'ဆွဲတယ်လေ... ရှင့်ကြောင့် ကျွန်မဟာ ရွှံ့ထဲလဲကျသွားလို့ တစ်ကိုယ်လုံးပေကျံကုန်ပြီ'

'အဲဒါ တမင်လုပ်တာ မဟုတ်ဘူးလေ။ မတော်တဆဖြစ်ခဲ့တဲ့ဟာ'

နှစ်ဦးသားမှာ စကားကိုသာ အချီအချပြောနေကြသည်။ Position တွေကတော့ အပြောင်းအလဲမရှိကြသေး။ လဲ့မွန်က ရွှံ့နွံထဲတွင် ပက်လက်ကလေး လဲကျနေသလို ချစ်ဦးမောင်ကလည်း လဲ့မွန်ကိုယ်ပေါ်တွင် မှောက်လျက်သားပင် ရှိနေသေးသည်။

သူတို့မြင်ကွင်းကို အိမ်တွင်းမှ လှမ်းမြင်ကြရသော ဒေါ်ဖွားအိ၏ သမီးပျိုနှစ်ယောက်နှင့် အောင်ဆွေတို့က မြင်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ သူတို့တစ်တွေက အိမ်ပေါ်မှ အသီးသီးပြေး ဆင်းကာ ချစ်ဦးမောင်တို့ရှိရာသို့ ပြေးလာခဲ့ကြသည်။

'ဟဲ့ … ဟဲ့ … ဒါ ဘယ်လိုဖြစ်ကြတာလဲ။ လူမြင် မကောင်း သူမြင်မကောင်း ရွံ့အိုင်ထဲမှာ နင်တို့နှစ် ယောက် ဘာလုပ်နေကြတာလဲဟင်'

ဒေါ်ဖွားအိ၏ သမီးကြီး ခင်ခင်ပြုံးက အံ့ဩသံနှင့်မေး နေသည်။ သည်တော့မှ ချစ်ဦးမောင်လည်း သတိဝင်ကာ လဲ့မွန်၏ ကိုယ်ပေါ်မှ အမြန်ထရပ်မိသည်။

ချစ်ဦးမောင် မတ်တတ်ရပ်အပြီးတွင် လဲ့မွန်ကို ခင်ခင် ပြုံးနှင့် ခင်စန်းဝေတို့က ဆွဲထူပေးခဲ့ကြရသည်။

'ပြောစမ်းပါဦး … ညည်းတို့က ဘာဖြစ်နေကြ တာလဲ'

ခင်ခင်ပြုံးက လဲ့မွန်ကို မေးနေပြန်သည်။

'ဘာဖြစ်ရမှာလဲ၊ ရန်ဖြစ်နေကြတာပေါ့ မမပြုံးရဲ့'

လဲ့မွန်က စူပုပ်နေသော မျက်နှာနှင့် ပြန်ဖြေသည်။

'ဟောတော့ … ရန်ဖြစ်တာကလည်း အခုလို ရွံ့ထဲ နှစ်ဦးသား ဖက်လျက်သားဖြစ်နေကြပါကလား'





ညီမဖြစ်သူ ခင်စန်းဝေက အံ့ဩသံနှင့် ပြန်မေးနေ သည်။

ချစ်ဦးမောင်က ခေါင်းကို ခါသမ်းပြရင်း ပြန်ဖြေ သည်။

'အဲသဟာက ဒီလိုပါ၊ သူ့ကို ကျွန်တော်က ထူဖို့ပြင် တာ။ သူက အမြင်မခံဘဲ အတင်းဆွဲလှဲလိုက်လို့ သူ့အပေါ် မှောက်လျက်သား လဲကျသွားတာပါ'

အောင်ထွေးကတော့ တခစ်ခစ်ရယ်ရင်း ချစ်ဦးမောင် ကို လှမ်းပြောသည်။

'အတဲ … သူ့ကိုယ်ပေါ် မင်းက လဲကျသွားတော့ ဘယ်လိုခံစားလိုက်ရသလဲ'

'ဘယ်လိုခံစားရမှာလဲ၊ ကျွဲကြီးကိုယ်ပေါ် လဲကျ သလို ခံစားရတာပေါ့ကွ'

'ဝါး … ဟား … ဟား … ဟား'

ချစ်ဦးမောင်၏ ပြန်ပြောသံကြောင့် အနီးတွင်ရှိနေကြ သူများမှာ ရယ်နေကြသည်။

မရယ်နိုင်ဘဲ ဒေါကန်နေသူကတော့ လဲ့မွန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမအား ကျွဲမကြီးနှင့် အနှိုင်းခံရ၍ ဒေါသအမျက် ချောင်းပုပ်ထဲ ထွက်သွားသည်။ အဲလေ… ယောင်လို့၊ ဒေါသ အမျက် ချောင်းချောင်းထွက်သွားသည်။ သို့ဖြစ်၍ လဲ့မွန်မှာ ဒေါသဖြစ်ဖြစ်နှင့် တအားအော်လိုက်ပုံက–

'ပု… ပု… ပူး'

လဲ့မွန်၏အော်သံကြားရလျှင် ချစ်ဦးမောင်က အံ့သြ သံနှင့် ပြန်မေးသည်။

'ဟာ… ခင်ဗျား အော်ပုံကြီးက ဆင်တွေအော်တဲ့ အသံမျိုးပါလား။ ဒါက ဘာဖြစ်သွားရတာလဲ'

'ဘာဖြစ်ရမှာလဲ၊ ရှင့်ကို ဒေါသဖြစ်လို့ပေါ့။ ကျွန်မ စိတ်ထဲမှာ အရမ်းဒေါသဖြစ်လာရင် အခုလိုပဲ အော် တတ်တယ်၊ သိလား'

'အဟဲ… ဒါဆိုရင် ခင်ဗျားကို ဒီကနေ့ကစပြီး ဆင် အော်မလို့ နာမည်ပေးလိုက်မယ်၊ ဟုတ်ပြီလား'

'ရှင့်ကိုလည်း ကျွန်မက ဒီကနေ့ကစပြီး ကိုဗရုတ် သုတ်ခကြီးလို့ ကင်ပွန်းတပ်လိုက်မယ်၊ သိလား'

လဲ့မွန်ကလည်း အညှော့မခံဘဲ ပြန်ပက်သည်။





သူတို့နှစ်ဦး၏ ပြောသံတွေကြောင့် အနီးတွင်ရှိနေ သော လူများမှာ ရယ်နေကြသည်။

'ကဲပါဗျာ… မတော်လို့ ဖြစ်ခဲ့ကြတာမှ ရန်ဆက်ဖြစ် မနေကြပါနဲ့တော့။ နှစ်ဦးစလုံး ဆန်ကွဲထမင်းချက် လိုက်ကြပေါ့ဗျာ။ ဟဲ… ဟဲ…'

အောင်ဆွေက ပြောရင်း ချစ်ဦးမောင်ကို ဆွဲခေါ်သွား ခဲ့သည်။

ဤတွင် ညီအစ်မနှစ်ဦးကလည်း လဲ့မွန်ကို ချော့မော့ ၍ ခေါ်သွားခဲ့ကြသည်။

ဤကား ချစ်ဦးမောင်နှင့် လဲ့မွန်တို့ ပထမဆုံးအကြိမ် ထိပ်တိုက်တွေ့ခဲ့ကြရသော ရန်ပွဲပင်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)
## အိမ်သာလုပ္ပဲ ပူညံသံမစဲ

ပထမပြဿနာ ပြီးဆုံး၍ တစ်ပတ်ခန့်အကြာ ဒုတိယမြောက် ပြဿနာတစ်ခုက တိုက်တိုက်ဆိုင်ဆိုင် ပေါ်လာခဲ့ရပြန်သည်။

ထိုဖြစ်ရပ်ကိုတင်ပြရလျှင်တော့ ထိုနေ့က တနင်္ဂနွေနေ့။

ထို တနင်္ဂနွေနေ့သည် ချစ်ဦးမောင်အတွက် နားရက်ဖြစ်သည်။ သို့ဖြစ်၍ ချစ်ဦးမောင်မှာ ညအိပ်ရာဝင်ချိန်တွင် ဝမ်းနုတ်ဆေးကို သောက်ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖို့ ဝမ်းချုပ်နေသည်မှာ နှစ်ရက်ခန့်ရှိပြီမို့ ယခုလို အားလပ်ရက်တွင် ဝမ်းနုတ်ဆေးကို စားရခြင်းပင်။

အဲ… တိုက်တိုက်ဆိုင်ဆိုင်ဟု ပြောမည်လား။ ပြဿနာဖြစ်စရာ ကြုံကြိုက်ချင်၍ဟု ပြောရမည်လားမသိ။ လဲ့မွန်ကလည်း ဝမ်းနုတ်ဆေးကို ထိုညမှာပင် သောက်ထားခဲ့သည်။

ဝမ်းနုတ်ဆေး၏ အာနိသင်အစွမ်းကြောင့် နံနက်လင်းသည်နှင့်တစ်ပြိုင်နက် အိမ်သာကို ဖင်လိမ်ကာ တအားပြေးကာ တံခါးတလေးဖွင့်၍ အစာဟောင်းများကို ထုတ်ပစ်နေသည်။

ပထမအကြိမ်နှင့် ဒုတိယအကြိမ်မှာတော့ ချစ်ဦးမောင်နှင့် လဲ့မွန်တို့မှာ ဆုံမိကြခြင်းမရှိ၍ ပြဿနာမပေါ်ခဲ့ပေ။

သို့သော် သို့သော် တတိယမြောက်တွင်တော့ ပြဿနာမှာ စလုံးရေ စလာခဲ့တော့သည်။

သူတို့နေထိုင်ကြသော ခြံထဲတွင် အိမ်ကနှစ်လုံးရှိသော်လည်း အိမ်သာက တစ်လုံးတည်း။

လဲ့မွန်တို့နေသောအိမ်တွင် ဒေါ်ဖွားအိနှင့် သမီးနှစ်ယောက်တို့ဖြစ်ကြသော ခင်ခင်ပြုံးနှင့် ခင်စန်းဝေ။ ပြီးတော့





လဲ့မွန် စုစုပေါင်း အမျိုးသမီးလေးဦးရှိကြသည်။

တစ်ဖန် ချစ်ဦးမောင်နေသော အိမ်တွင် သူ၊ အောင်ဆွေနှင့် အိမ်ရှင် ဒေါ်ထားရှင် စုစုပေါင်း ၃ ဦး။

သည်တော့ တစ်ဖက်အိမ်မှ ၄ ဦးနှင့်ပေါင်းလိုက်သော် စုစုပေါင်း ၇ ဦးရှိကြသည်။

အိမ်သာကတစ်လုံး။

လူက ၇ ဦးဆိုတော့ ဝမ်းနုတ်ဆေးကို မစားကြသောနေ့မျိုးမှာပင် အိမ်သာတွင် ဆုံမိနိုင်ကြသည်။

ယခုလို ဝမ်းနုတ်ဆေးကို ပြိုင်တူစားမိကြသောနေ့တွင်တော့ မဆုံ၍မဖြစ်။ ဆုံကိုဆုံမိကြရမည်သာ။

အဲ… ဆုံမိကြစေကာမူ အခြားသူများဆိုလျှင် ပြဿနာမရှိ။ ယခုတော့ တစ်ဦးနှင့်တစ်ဦး မျက်နှာကြောမတည့်ကြသူတွေ အိမ်သာတွင် ဆုံမိကြသောအခါ ပြဿနာကား ဖြစ်ရမည်သာ။

ချစ်ဖွာသောစာဖတ်ပရိသတ်များ သိကြသည့်အတိုင်း-

ဝမ်းနုတ်ဆေးကို စားမထားမိသူတို့မှာ ရိုးရိုးဝမ်းသွားလျှင် တစ်ကြိမ်ခန့်သာ သွားပြီးလျှင် ကိစ္စပြီးတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲ… ဝမ်းနုတ်ဆေးကို စားထားမိသူတွေကျတော့ တစ်ကြိမ်နှင့်လည်း မပြီး၊ နှစ်ကြိမ်နှင့်လည်း မပြီးတတ်ကြပေ။

စားထားခဲ့သော ဝမ်းနုတ်ဆေးက အစွမ်းပြကြသမျှ အနည်းဆုံး ငါးကြိမ်မှ အကြိမ်များစွာ သွားလာတတ်ကြသည်။

ချစ်ဦးမောင်မှာ နဂိုကတည်းက ဝမ်းသွားလွယ်သူမို့ ယခုလို ဝမ်းနုတ်ဆေးကို စားမိသည့်အခါ အကြိမ်များစွာ သွားလာချင်နေသည်။

သူ့အနေနှင့် စောစောပိုင်းက သုံးကြိမ်ခန့် ဝမ်းသွားခဲ့ပြီးပြီဖြစ်သည်။

ထိုသုံးကြိမ်စလုံး လှဲ့မွန်နှင့် မဆုံဖြစ်ခဲ့ကြပေ။

ယော… ယခု စတုတ္ထအကြိမ်မြောက် ဝမ်းသွားချင်တော့မှ လှဲ့မွန်နှင့် ဆုံတွေ့ကြတော့သည်။

ပထမသော် အိမ်သာတက်နေသူကို လှဲ့မွန်ဖြစ်နေမှန်း ချစ်ဦးမောင်က မသိသေးပေ။

မသိသေး၍လည်း အိမ်သာအပြင်ဘက်တွင် သည်းခံ၍ စောင့်ဆိုင်းနေသည်။

ချစ်ဦးမောင်မှာ အိမ်သာအတွင်းမှ လူထွက်အလာကို





စောင့်ရင်း သူ့လက်တွင် ပတ်ထားသော နာရီကိုကြည့်ကာ အချိန်ကို မှတ်နေသည်။

ငါးမိနစ်ပြည့်လေပြီ။

အိမ်သာတွင်းမှ ထွက်မလာသေး။

သည်တော့ သည်းခံပြီး သူ ဆက်စောင့်နေသည်။

ဆယ်မိနစ်သို့ပင် ရောက်လာလေပြီ။

အိမ်သာတွင်းမှ လူမှာ ထွက်မလာသေးပေ။

သူ့မှာကလည်း စားထားသော ဝမ်းနုတ်ဆေးကြောင့် ဝမ်းအလွန်သွားချင်နေသည်။

ကြာတော့ ချစ်ဦးမောင်မှာ အောင့်မထားနိုင်တော့ပေ။

'ဒီမယ်… အိမ်သာသွားနေတာ ဘယ်သူလဲ၊ မခင်ပြုံးလား၊ မစန်းဝေလား၊ ဒေါ်ဒေါ်လား'

ချစ်ဦးမောင်က အပြင်မှ လှမ်းအော်ကာ မေးနေသည်။

'မဟုတ်ဘူး… ကျွန်မပါ'

အိမ်သာတွင်းမှနေ၍ လှဲ့မွန်၏ပြန်ဖြေသံ။

ချစ်ဦးမောင်မှာလည်း ထိုအခါကျမှ အိမ်သာသွားနေသူမှာ တခြားသူမဟုတ်ဘဲ သူ့ရန်သူတော်ကြီး လှဲ့မွန်မှန်း



www.burmeseclassic.com

www.burmeseclassic.com



သိသွားခဲ့သည်။ သိသော်လည်း သူက မသိဟန်ဆောင်ကာ ပြန်မေးနေသည်။

'ဟော… ကြက်မ ဟုတ်လား၊ ဘယ်က ကြက်မက ရောက်နေတာလဲ'

ချစ်ဦးမောင်၏ ရှုတ်နောက်နောက်စကားများကြောင့် လဲ့မွန်မှာ ဒေါကန်သွားတော့သည်။

'ဘာကြက်မလဲ၊ ရှင်နော်… စကားပြောတာ မမိုက်ရိုင်းနဲ့၊ လူလိုပြောစမ်းပါ'

အိမ်သာတွင်းမှ လဲ့မွန်၏ ပြန်လည်ရန်တွေ့သံ။

'ဩော် … လက်စသတ်တော့ ဆင်အော်မကိုး။ ကျွန်တော့်နားထဲမှာ ကြက်မလို့ ကြားမိလို့ပါဗျာ။ ဒါကြောင့် ဒေါ်မကြီးဘဲ့ ဆောရီးလို့ပြောရင် ကျေနပ်တော့နော်၊ အဟဲ…'

'ဒီမယ်… ကျေနပ်တာ မကျေနပ်တာ ဘေးဖယ်ထား၊ ရှင် အခု ကျွန်မ ဝမ်းသွားနေတဲ့ အိမ်သာနားမှာ ဘာလာလုပ်နေတာလဲ'

'အိုး… အိမ်သာနားမှာ ရှိနေမှတော့ ဘာလုပ်ရမှာလဲ၊ ဝမ်းသွားချင်လို့ပေါ့။ စတိတ်ရှိုးကြည့်ဖို့ ရပ်နေတယ်မထင်





နဲ့နော်။ အဟီး…'

ချစ်ဦးမောင် ပြောင်စပ်စပ်နှင့် ပြောနေသည်။

'ရှင် ဝမ်းသွားချင်ရင် ကျွန်မ ထွက်လာမှလာခဲ့ပါ။ အခုလို အိမ်သာရှေ့မှာ ရပ်နေရင် ကျွန်မ သွားရတာ မဖြောင့်ဘူး'

'ဘာဆိုင်လို့လဲဗျာ… ခင်ဗျား ဝမ်းသွားနေတာ အိမ်သာတံခါးပိတ်ပြီး သွားနေတာပဲ။ ကလေးငယ်တွေလို မြောင်းဘေးမှာထိုင်ပြီး အီအီးပါနေတာမှ မဟုတ်တာ'

'အို… မဖြစ်ဘူး၊ အိမ်သာနားကသာ ရှင် အမြန်သွားပါ'

'နေစမ်းပါဦး… ခင်ဗျား အိမ်သာတက်နေတာ အခုဆိုရင် ဆယ်မိနစ်ကနေ ဆယ့်ငါးမိနစ်ပဲရှိတော့မယ်။ အခုထက်ထိ မပြီးသေးဘူးလား။ ဒီလောက်ပဲ စားရသလားဗျ…'

'ဘာ… ဘာ… ဘာစားရသလားလဲ၊ ရှင်မိုက်ရိုင်းပြန်ပြီလား၊ ရှင်သာ အားရပါးရစား၊ သိလား'

'အာ… အာ… ကျွန်တော့်လျှာ စလစ်ဖြစ်ပြီး မှားသွားလို့ပါဗျာ။ ကျွန်တော် ဆိုလိုတာက စားတာ မဟုတ်ပါဘူး၊ သွားတာ ကြာလှချေလားလို့ပါ။ ကဲ… ကဲ… ဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက်တောင်းပန်ရင် ကျေနပ်ပြီး ထွက်လာခဲ့ပါတော့။ ကျုပ်လည်း ဝမ်းသွားချင်လှပြီ'

'သွားချင်ရင် ခဏစောင့်ဦး၊ ဒီမှာလည်း မပြီးသေးဘူး။ ကျွန်မက ဝမ်းနုတ်ဆေး စားထားလို့ပါ'

'ဟောဗျ… ခင်ဗျားလည်း ဝမ်းနုတ်ဆေး စားထားတယ်'

'ဟုတ်တယ်'

'ကောင်းကွာ… ကျုပ်လည်း ဝမ်းနုတ်ဆေးစားထားတာဗျ။ ကုတဲ… တိုက်ပဲတိုက်ဆိုင်လွန်းတယ်။ နေစမ်းပါဦး… ခင်ဗျားက ဘာကိစ္စ ဝမ်းနုတ်ဆေးကို စားရတာလဲ။ တခြားနေ့တွေမှာ စားပါလားဗျ'

'မဆိုင်တာရှင်… ဝမ်းနုတ်ဆေးစားတာပဲ ကိုယ်စားချင်တဲ့အခါ စားမှာပေါ့။ ဗေဒင်ကိန်းခန်းအရစားတာမဟုတ်ဘူး၊ သိလား'

လဲ့မွန်က တမင်ရွဲ့၍ ပြန်ပြောနေသလို-

'အိမ်း… ကျုပ်ကလည်း ဗေဒင်ကိန်းခန်းအရ စားခဲ့တာမဟုတ်ဘူး။ ဒီကနေ့ဟာ ကျုပ်တက်နေရတဲ့ သင်တန်းပိတ်





ရက်မို့ စားခဲ့တာပါ။ ဒီတော့ မြန်မြန်ကလေး ထွက်ခဲ့ပါဗျာ။ ကျုပ် အရမ်းကို ဝမ်းသွားချင်နေလို့ပါ။ တောင်းပန်ပါတယ်'

ချစ်ဦးမောင်မှာ လျှော့ပေးပေးကာ လဲ့မွန်ကို ပြောနေရသည်။ မပြောလို့လည်း မဖြစ်တော့။

သူ့ဝမ်းဗိုက်ထဲတွင် ဗုံးသံ၊ အမြောက်သံတွေ ပေါက်ကွဲနေသလို တဝုန်းဝုန်းမြည်နေ၍ပင်။

ကြာလျှင် မတ်တတ်ရပ်လျက်က အီအီးတွေပန်းထွက်ကုန်တော့မည်။

'အဟိ… အဲဒီလို စောစောကတည်းက ယဉ်ယဉ်ကျေးကျေးနဲ့ တောင်းပန်ရင် ကျွန်မ ဆင်းပေးမှာပေါ့ရှင်'

လဲ့မွန်က သဘောကျသံနှင့် ပြန်ပြောသည်။

ခဏအကြာတွင် လဲ့မွန်မှာ အိမ်သာတံခါးကို ဖွင့်၍ ထွက်လာသည်။

'ကဲ… အိမ်သာက ကျွန်မ ဆင်းလာပါပြီ။ အားရပါးရသာ သွားစားပေတော့။ အဲလေ… ယောင်လို့၊ အားရပါးရသာ ဝမ်းသွားပေတော့။ ခစ်… ခစ်… ခစ်'

လဲ့မွန် ရယ်ရင်း အိမ်သာမှဆင်းလာခဲ့သည်။



www.burmeseclassic.com

ချစ်ဦးမောင်မှာတော့ ဝမ်းအလွန်သွားချင်နေ၍ လဲ့မွန်ကို ပြန်မပြောနိုင်ပေ။

အိမ်သာထဲကိုသာ အရောက်ပြေးကာ အောင့်ထားရသမျှတွေကို အတိုးချကာ တဖြန်းဖြန်းနှင့် ထုတ်နေတော့သည်။

ဤတွင် သူတို့နှစ်ဦး၏ ပြဿနာမှာ ပြီးငြိမ်းသွားပြီဟု ထင်မှတ်စရာရှိသည်။

သို့သော် သို့သော် မပြီးငြိမ်းသေးပါ။

နောက်ထပ်ပြဿနာတွေက တန်းစီကာ ရောက်လာခဲ့သည်။

'ဒီမယ်… ဒီမယ်… အိမ်သာထဲကလူကြီး၊ မထွက်သေးဘူးလားရှင့်'

လဲ့မွန်မှာ နောက်တစ်ကြိမ်ဝမ်းသွားချင်သဖြင့် အထက်ပါအတိုင်း အိမ်သာအပြင်မှနေ၍ အသံပြုနေသည်။

ချစ်ဦးမောင် စိတ်ထဲတွင်တော့ လဲ့မွန်၏အသံကို ကြားရသဖြင့် ဝါသင်း၍ ဝမ်းသာခဲ့သည်။

သူ့အနေနှင့် လဲ့မွန်ကို ပြန်၍ လက်စားချေခွင့်ရသွား၍ပင်။ စောစောပိုင်းက လဲ့မွန်က သူ့ကို အနိုင်ယူခဲ့သည်။





ဤအကြိမ်တွင်တော့ သူက ပြန်၍အနိုင်ယူနိုင်ပြီ မဟုတ်လော။

'ဒီမယ်… အိမ်သာထဲက လူကြီး၊ မထွက်သေးဘူးလားရှင့်'

လဲ့မွန် စိတ်မရှည်သံနှင့် လှမ်းအော်ကာ မေးနေသည်။

'ထွက်နေတယ်ဗျို့… ထွက်နေတယ်။ ထွက်လိုက်တာမှ ဗျစ်ဗျစ် ဗျစ်ဗျစ်နဲ့ကို မြည်နေတာဗျ။ အဟီး…'

'ရှင်နော်… ကျွန်မမေးတာကို ကောင်းကောင်းဖြေပါ။ ရွှတ်တီးရွှတ်တတ် နောက်တီးနောက်တောက် လုပ်မနေနဲ့'

'နောက်နေတာ မဟုတ်ဘူးလေ၊ တကယ်ထွက်နေလို့ အရှိကို အရှိအတိုင်း အမှန်ကို အမှန်အတိုင်း ပြောနေတဲ့ဟာ။ ဟော… ဟော… ပြောရင်းဆိုရင်း ဒလဟောထွက်လာပြန်ပြီဗျ။ ထွက်လာတဲ့ဝမ်းတွေဟာ **ဓူလာမီငလျင်လှိုင်းကြီး** ထလာတဲ့အတိုင်း တဝေါဝေါနဲ့ အိမ်သာကြီးတစ်ခုလုံးတောင် ပြိုကျသွားမယ့်အတိုင်းပဲဗျို့။ ဟား… ဟား… ဟား…'

ချစ်ဦးမောင်မှာ လဲ့မွန်ကို ဒေါသမထွက်လျှင် ထွက်အောင် စနေသည်။

www.burmeseclassic.com



'ဒီမယ်... ကိုဗရုတ်သုတ်ခကြီး၊ အိမ်သာထဲကနေ မဟုတ်တာတွေပြောပြီး အချိန်ဆွဲမနေနဲ့။ ကျွန်မ ဝမ်းသွားချင်လှပြီ၊ မြန်မြန်ဆင်းလာပါတော့'

'ဟာဗျာ... ပြီးမှ မပြီးသေးတာ။ ဆင်းလို့မဖြစ်ဘူးလေ၊ နည်းနည်းလောက်သည်းခံပြီး စောင့်ပါဦး'

'စောင့်နေတာပဲ၊ ရှင့်ဟာက စောင့်လေကြာလေပဲကိုး'

'ကြာဆို ပြီးမှမပြီးသေးတာ၊ ပြီးရင် ဆင်းလာခဲ့ပါ့မယ်။ သည်းခံပြီးသာ ဆက်စောင့်နေပါနော်၊ အဟဲ...'

'ဘာဆက်စောင့်နိုင်းနေရတာလဲ၊ တကတဲတော်... အိမ်သာထဲမှာ ကြာလှပြီ၊ ဝမ်းသွားတာမှဟုတ်ရဲ့လားမသိဘူး'

'ဟုတ်တယ်... ဝမ်းသွားနေတာ မဟုတ်ဘူး။ စားနေတာ... စားနေတာ ကျေနပ်ပြီလား၊ ဟား... ဟား... ဟား'

ချစ်ဦးမောင်၏ ပြန်ပြောသံကြောင့် လှဲ့မွန်မှာ ဒေါသတွေ အလိပ်လိုက်တက်ကာ လာနေသည်။

'ရှင်နော်... အိမ်သာထဲကနေ မဟုတ်တာပြောပြီး အချိန်ဆွဲမနေနဲ့။ ရှင့်မှာ လူစိတ်ရှိရင် အခုထွက်လာခဲ့ပါ။ ကျွန်မ ဝမ်းအရမ်းကိုသွားချင်နေပြီရှင့်'





'ဟာဗျာ... ခင်ဗျားကို ပြောရတာ၊ ရန်ကုန်မြို့ထဲမှာ ညနေရုံးဆင်းချိန်တိုင်း လိုင်းကားစီးရသလို တယ်ကျပ်ပါကလား။ ကျပ် မပြီးသေးလို့ မဆင်းတာပေါ့'

'သွားစမ်းပါ... ရှင် တမင်ညစ်ပတ်စုတ်ပဲ့တဲ့စိတ်နဲ့ ဝမ်းသွားတာပြီးနေရဲ့သားနဲ့ အချိန်ဆွဲနေတာမဟုတ်လား'

'ခက်လိုက်တာနော်... မပြီးသေးလို့ မဆင်းတာကို ခင်ဗျားက တမင်စိတ်ညစ်တယ် ထင်နေတာကိုး။ ဒီမယ် မအောင့်နိုင်ရင် ဟိုနားက ချုံတွေထဲမှာ သွားပါချေဗျာ။ အဲ... အဲ... မြွေကိုတော့ သတိထားဦးဗျို့၊ ဟား... ဟား... ဟား...'

ချစ်ဦးမောင်၏ စကားအဆုံးတွင် လှဲ့မွန်မှာ ဒေါသကို မချုပ်တည်းနိုင်တော့ဘဲ အနီးတွင်ရှိ အုတ်ခဲပိုင်းနှင့် အိမ်သာကို လှမ်းထုလိုက်တော့သည်။

'ဒုန်း...'

'ကယ်ကြပါဦးဗျို့၊ ကျွန်တော်လည်း မင်္ဂလာမဆောင်ရသေးဘဲနဲ့ ခဲနဲ့ထုပြီး ခဲဖိုးတောင်းနေပါတယ် အရပ်ကတို့ရေ'

ချစ်ဦးမောင်က နောက်တီးနောက်တောက်နှင့် ခုနစ်သံချီ၍



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်နေသည်။

သူ၏အော်သံကြောင့် အောင်ဆွေတို့သားအမိသည်လည်းကောင်း၊ ခင်ခင်ပြုံး၊ ခင်စန်းဝေနှင့် မိခင်ဖြစ်သူ ဒေါ်ဖွားအိတို့သည်လည်းကောင်း ချစ်ဦးမောင်တို့ရှိရာ အိမ်သာဆီသို့ အပြေးပြေးလာခဲ့ကြသည်။

'ဟဲ့... လှဲမွှန် ဘာဖြစ်ကြတာလဲဟင်'

ဒေါ်ဖွားအိက စိုးရိမ်သံနှင့် လှဲမွှန်ကို မေးနေသည်။

'ဘာဖြစ်ရမှာလဲ၊ ဟို... ဟို... ကိုဗရုတ်သုတ်ခကြီးပေါ့။ သမီး ဝမ်းသွားချင်မှန်းသိလို့ သူက အိမ်သာထဲကနေ မထွက်ဘဲ ယုတ်မာနေလို့ သမီးလည်း ဒေါသထွက်ပြီး ခဲနဲ့ ထုလိုက်တာပဲ'

လှဲမွှန်က စူပုပ်သောမျက်နှာနှင့် ရှင်းပြနေသည်။

'ဪ... ဖြစ်ရလေ လှဲမွှန်ရယ်။ သူလည်း ဝမ်းသွားလို့မပြီးသေးတာမို့ အိမ်သာက မထွက်တာနေမှာပေါ့'

'အာ... မဟုတ်ဘူး ဒေါ်လေး၊ သူ တမင်လုပ်နေတာ'

အောင်ဆွေမှာလည်း မနေသာဘဲ ချစ်ဦးမောင်ကို





လှမ်းပြောနေသည်။

'ဟေ့ကောင်... ချစ်ဦးမောင်၊ ဝမ်းသွားလို့ပြီးရင်လည်း ထွက်လာပါကွာ၊ သူ့ခမျာ သွားချင်နေလို့ဟာ၊ ထွက်လာပါတော့'

အောင်ဆွေ၏စကားများကိုကြားရမှ ချစ်ဦးမောင်မှာ ပြုံးဖြီးဖြီးမျက်နှာနှင့် ထွက်လာခဲ့သည်။

'ကတည်းကွာ... ဝမ်းသွားရတာ အပင်းလျှို့ရတဲ့အတိုင်းပဲ။ အဲ... ဟုတ်ပါဘူး၊ ဝမ်းသွားရတာ မဖြောင့်လိုက်တာ'

BURMESE CLASSIC .com

ချစ်ဦးမောင်က အထက်ပါအတိုင်းပြောနေခိုက် လှဲမွှန်မှာတော့ သူ့ကို အရေးလုပ်၍ ပြန်ပြောမနေတော့ပေ။

အိမ်သာဝတွင် ရပ်နေသော သူ့ကို ကိုယ်လုံးချင်းတိုက်၍ အိမ်သာသို့ ပြေးဝင်သွားသည်။

'ဟေ့ကောင်... ချစ်ဦးမောင်၊ မင်းလုပ်ပုံက မနိုင်လိုက်တာကွာ။ သူ့ခမျာ ဝမ်းသွားနေချင်ရှာတာကို မင်းက အိမ်သာထဲကမထွက်ဘဲ အခုလိုလုပ်တာတော့ မကောင်းပါဘူး'



www.burmeseclassic.com

အောင်ဆွေက ချစ်ဦးမောင်ကို အပြစ်တင်နေသည်။

'ဟော့… ဒီမယ် အောင်ဆွေ၊ ငါတို့ရဲ့ဖြစ်ရပ်မှန်ကို မင်းက ဂဃနဏမသိဘဲ ရမ်းပြီးအပြစ်တင်မနေနဲ့။ စောစော ပိုင်းကဆို သူက ငါ့ကို အခုလိုပဲ လုပ်ခဲ့တာကွ။ ငါ့မှာလည်း ဝမ်းကသွားချင်လွန်းလို့ ချွေးတွေတောင် ပြန်တက်လာနေတာ။ ဒါကြောင့် ငါ့အလှည့်ကျတော့ သူ့ကို ပညာပြန်ပြခဲ့ရတာပဲ ငါ့လူ၊ သိပြီလား'

'ဟာကွာ… မင်းက ယောက်ျားပဲ သဘောထားကြီး မှပေါ့ကွ။ အင်း… အခုလို ပြန်ပြီး ပညာပြနေတော့ မိန်း ကလေးဖြစ်တဲ့ လဲ့မွန်ခမျာ မချိမဆန့်ကို ခံစားနေရရှာမှာ။ အေး… မင်းအဖို့မှာလည်း ဧရဲက မကြီးဘဲနေမှာမဟုတ်ဘူး။ ဧရဲကြီးမှာတော့ သေချာတယ်ကွ'

'တော်စမ်းပါကွာ… တဆိတ်ရှိ ဧရဲနဲ့ချည်း ခြောက် နေတာပဲ။ ဒီမှာ ဧရဲဆိုတာ နေရာတကာလိုက်ပြီး မကြီးပါဘူး။ သူ့စည်း သူ့ကမ်းနဲ့ နေတာပါ။ ဟိုစပ်စပ် သည်စပ်စပ်နဲ့ လျှောက်မရှုပ်ဘူးကွ။ ဧရဲကြီးသင့်တဲ့လူမှ ကြီးလိုက်တာပါ။ ဒါကြောင့်လည်း ဧရဲကြီးမှာကို လူတွေက ကြောက်နေကြတာ





ပေါ့။ ဒီလိုမဟုတ်ဘဲ စည်းမဲ့ကမ်းမဲ့ လိုက်ကြီးနေရင် ဧရဲဟာ အပေါစားဖြစ်သွားပြီး ဘယ်သူက ကြောက်တော့မှာလဲ။ ငါ ပြောတာ မဟုတ်ဘူးလား၊ ဟဲ… ဟဲ'

'အောင်မယ်… အောင်မယ်… ဧရဲကြီးပုံနဲ့ပတ်သက် ပြီး အနုစိတ်ပြောနေလိုက်တာ။ ငါတော့ ဒီတစ်ခါပဲ ကြားဖူး သေးတယ်။ နို့… ပြောစမ်းပါဦး၊ မင်း အခု ပြောပြနေတဲ့ ဧရဲဋီကာကြီးကို ဘယ်ကျမ်းစာအုပ်မှာ ဖတ်ဖူးလို့လဲ။ ဒါမှ မဟုတ် ဘယ်ဘုန်းကြီးက ဟောခဲ့တာလဲ။ ငါ့ကို ရှင်းပြစမ်း ပါကွာ'

BURMESE CLASSIC .com

အောင်ဆွေက ချစ်ဦးမောင်ကို အထင်ကြီးသံနှင့် မေး နေသည်။

'ဟဲ… ဟဲ… မင်း အတော်အထင်ကြီးသွားပုံရတယ် ဟုတ်သလား'

'ထားပါတော့… အဲဒီ ဧရဲကြီးတဲ့ဟာကိုသာ ငါ့ကို ရှင်းပြစမ်းပါ'

'အိုကေ… သိချင်ရင် နားဆင်ပေတော့။ ငါပြောခဲ့ တဲ့ ဧရဲကြီးပုံကြီးနည်းဆိုတာ မင်းထင်နေသလို ဘယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာမှ မပါသလို ဘယ်ဘုန်းကြီးကမှလည်း မဟောဖူးဘူး'

'ဟေ… ဒါဆို မင်း ခုနင်ကပြောတာတွေက ဘယ်က သိတာလဲ'

'ဘယ်က သိတာမှလည်း မဟုတ်ဘူး။ ငါ့စိတ်ကူးနဲ့ ငါ မှန်းပြီးပြောနေတာပဲဆိုတာ။ သင် မောင်အောင်ဆွေလေးသည် ဂဏှာပဟိမှတ်လေပေါ့။ ဟား… ဟား… ဟား… ဟား…'

'တယ်… ဂန်းမသား၊ ငါက တကယ်မှတ်လို့ နားထောင်နေတာ၊ မင်းဟာက ရမ်းတုတ်ကြီးကိုး။ အဲဒီလို မဟုတ်မဟတ်ပြောတတ်လို့လဲ။ လဲ့မွှန်နဲ့ မင်းဟာ မျက်နှာကြောမတည့်ကြတာပဲ'

သူတို့နှစ်ဦး ပြောဆိုပုံနားထောင်နေကြသော ဒေါ်ထားရှင်တို့မှာ ရယ်နေကြသည်။

'အဲဗျု… ဒုက္ခ ငါ… ငါ အခု ဝမ်းသွားချင်လာပြန်ပြီ။ ငါ ဝမ်းသွားချင်မှန်းသိရင် ဆင်အော်မကတော့ ထွက်ပေးတော့မှာ မဟုတ်ဘူး။ ငါ ဘယ်လိုလုပ်ရမလဲ အောင်ဆွေ'

ချစ်ဦးမောင်မှာ သူ၏ဝမ်းဗိုက်ကိုနှိပ်ရင်း မေးနေ





သည်။ အနီးရှိ ဒေါ်ထားရှင်က ဝင်ပြောသည်။

'ဟဲ့… သား ချစ်ဦးမောင်၊ ဝမ်းသွားချင်နေရင် ဟိုဘက်ခြံက ဒေါ်သိန်းတို့အိမ်ကို ခေါ်သွားလိုက်ပါကွယ်။ လဲ့မွှန်ကို စောင့်နေလို့မဖြစ်ဘူး။ ဟိုဟာမကလေးကလည်း ချစ်ဦးမောင် ဝမ်းသွားချင်နေမှန်းသိရင် ထွက်ကိုလာမှာမဟုတ်ဘူး။ ဒီတော့ သားက ဒေါ်သိန်းတို့ရဲ့ အိမ်သာကိုသာ ခေါ်သွားပေတော့။ နို့မဟုတ်ရင် ဒုတိယအကြိမ် အိမ်သာလုပွဲကြီး ဆူဆူညံညံနဲ့ ဖြစ်လာပါဦးမယ်'

ဒေါ်ထားရှင်၏ စကားအတိုင်း အောင်ဆွေမှာ တစ်ဖက်ခြံရှိ ဒေါ်သိန်းတို့အိမ်သို့ ချစ်ဦးမောင်ကို ခေါ်သွားခဲ့ရသည်။

ချစ်ဦးမောင်မှာတော့ ဝမ်းသွားချင်လွန်း၍ အပြင်ဘက်သို့ မစင်တွေထွက်မကျအောင် ဖင်ကလေးကိုဝိတ်ကာ အောင်ဆွေ၏နောက်မှ လိုက်နေရသည်။

'ဟော့ကောင်… အောင်ဆွေ၊ မြန်မြန်လျှောက်စမ်းကွာ။ ငါ့ဖင်က အရမ်းပါချင်နေပြီ။ တော်ကြာ ဝမ်းထဲက အညစ်တွေ ထွက်ကျလာလိမ့်မယ်ကွ'



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးမောင်က သူ့ဖင်ကို ညာလက်နှင့်ပိတ်ထားရင်းမှ အောင်ဆွေကို ပြောနေသည်။

'ဟကောင်ကြီးရ…ငါ မြန်မြန်သွားရင် မင်းဖင်ထဲက ပစ္စည်းတွေမထိန်းနိုင်ဘဲ ဒလဟောကျကုန်မှာပေါ့။ ဖြည်းဖြည်းပဲသွားစမ်းပါ။ ခဏနေရင် ရောက်တော့မယ်ဟာ။ အင်း… မင်းတို့နှစ်ယောက်ကတော့ မဖြစ်လိုက်နဲ့၊ ဖြစ်လိုက်ရင် တိုင်းကျော်ပြည်ကျော်ပဲဟေ့။ ဟား… ဟား… ဟား'

'ငါကလည်း ဒီဟာမနဲ့ ပြဿနာမဖြစ်ချင်ပါဘူးကွာ မဖြစ်ချင်လို့လည်း ရှောင်နေခဲ့တာပဲ။ ဒါပေမဲ့ ပြဿနာက ကြံဖန်ပြီး ပေါ်လာခဲ့တယ်၊ ဘယ်လိုများဖြစ်ချင်လို့လဲ မသိဘူးနော်'

'ဟ… ဘယ်လိုရှိမှာလဲ၊ မင်းတို့နှစ်ယောက် ဖူးစာဆုံကြချင်လို့ ထင်တာပဲ၊ ဟဲ… ဟဲ…'

'သွားစမ်းပါ… မဖြစ်နိုင်တာဘဲ။ တစ်ဦးနဲ့တစ်ဦး မျက်နှာချင်းမှ ဆိုင်လို့မရတာ။ ဖူးစာက ဘယ်လိုဆုံနိုင်မှာလဲ သူနဲ့ငါက ဘုဘောက်ကျရုံသာ မကဘူး။ ရည်မှန်းချက်ချင်းကလည်း အရမ်းကွာဟနေတာကွ'





'ဘယ်လိုကွာဟနေလို့လဲ ပြောပါဦး'

'မင်း တွေးကြည့်လေ၊ သူက ရုပ်ရှင်ကို ခရေဇီဖြစ်နေတဲ့ ရုပ်ရှင်ရူးမကလေး၊ ငါကတော့ သဘော်သား ခရေဇီဖြစ်နေလို့ သဘော်ပဲ လိုက်ချင်နေတဲ့ကောင်။ ဝါသနာရော၊ ရည်မှန်းချက်တွေရော အရမ်းကွာလှမ်းနေကြတဲ့သူတွေမို့ တို့နှစ်ဦးဟာ ဘယ်လိုလုပ် ဖူးစာဆုံနိုင်မှာလဲကွာ'

'အင်း… ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမဲ့ ဖူးစာဆိုတာ အင်မတန်မှ ဆန်းကြယ်တာကွ။ လူမပြောနဲ့ သက်မဲ့ပစ္စည်းတွေတောင် ဖူးစာပါရင် ညားတတ်ကြတာကွ'

'ဟော… အဆန်းပါလား၊ ငါ့ကို ရှင်းပြပါဦး'

'ဒီလိုလေကွာ… နိုင်ငံခြားကလာတဲ့ နို့ဆီနဲ့ ရှမ်းပြည်နယ်ကထွက်တဲ့ အချိုခြောက်ဟာ ဖူးစာဆုံချင်တော့ သကြားနဲ့ ရေနွေး အကူအညီနဲ့ ညားသွားကြတော့ လက်ဖက်ရည်တွေဖြစ်သွားကြတယ် မဟုတ်လား။ ဟား… ဟား… ဟား…'

အောင်ဆွေက ပြောပြီး ရယ်နေသည်။

'တော်စမ်းပါကွာ… မင်းရဲ့ ပြက်လုံးတွေကို ငါ မရယ်အားသေးဘူး။ အီအီးသာ ပါချင်နေလို့၊ အိမ်သာဆီကို



www.burmeseclassic.com

www.burmeseclassic.com



သာ အမြန်ပို့ပေးစမ်းပါတော့'

'ကောင်းပြီ… ဒါဆိုရင် ဟောဟိုက အိမ်သာဆီကို အမြန်ပြေးကာ သွားနှင့်ပေတော့။ ငါကတော့ အိမ်ရှင်ခေါ်လှ လှဆီကိုသွားပြီး ခွင့်တောင်းထားမယ်'

အောင်ခွေ၏ စကားအဆုံးတွင် ချစ်ဦးမောင်မှာ အိမ်သာဆီသို့ လက်နှစ်ဖက်နှင့် ဖင်ကိုပိတ်ကာ ပြေးသွားနေတော့သည်။

❖ ❖ ❖

## အခန်း(၆)

### ဒုတိယမ္ပိဘုကျကြပြန်ခြင်း

အထက်ပါကိစ္စများ ဖြစ်ပျက်ခဲ့ပြီး နှစ်လခန့်အကြာတွင်တော့ သူတို့နှစ်ဦးမှာ စကားများ ဘုကျရန် ကိစ္စတစ်ရပ် ပေါ်လာခဲ့ပြန်သည်။

ထိုသို့မဖြစ်မီ နှစ်ဦးသားမှာ အိမ်နီးချင်းတွေမို့ ခြံဝတွင် ဆုံမိကြသော်လည်း ဘုဘောက်ကျခြင်းတော့ မဖြစ်ခဲ့ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကိုတစ်ဦး အခဲမကျေကြဟန်နှင့် မျက်နှာချင်းဆိုင် ဆုံတွေ့မိကြတိုင်း မျက်နှာထားတင်းတင်းနှင့် မျက်စောင်းထိုးကာ ကြည့်ကြလေ့တော့ရှိခဲ့သည်။

ယနေ့ နံနက်တွင်တော့ ပြဿနာဖြစ်စရာ သူတို့နှစ်ဦးတွင် ပေါ်လာခဲ့လေပြီ။ ဖြစ်ပုံကတော့-

'ထိုနေ့သည် စနေနေ့ဖြစ်၍ ချစ်ဦးမောင်မှာ သူတက်နေရသော သင်္ချာသင်တန်းကျောင်းမှာ ပိတ်ထား၍ အားလပ်ရက်ရနေသည်။

သူသည် သူငယ်ချင်းဖြစ်သူ အောင်ဆွေနှင့် အိမ်ရှေ့ခန်းတွင်ထိုင်၍ အလ္လာပ သလ္လာပစကားပြောဆိုနေကြသည်။

အချိန်မှာ နံနက် (၇)နာရီခန့် ရှိနေလေပြီ။

ထိုအခိုက် သူတို့ရှိရာသို့ အသက် (၁၆)နှစ်ခန့်ရှိ လူငယ်လေးတစ်ဦးမှာ လက်တစ်ဖက်တွင် လေးဆင့်စတီးလ်ချိုင့်ကို ကိုင်ဆွဲရင်း ရောက်လာခဲ့သည်။ အောင်ဆွေက ထိုလူငယ်ကလေးကို မြင်လျှင် အံ့အားသင့်ဟန်နှင့် လှမ်းကြည့်ကာမေးသည်။

'ဟေ့··· ချာတိတ်၊ ဘာကိစ္စရှိလို့လဲကွ။ မင်းဆွဲထားတဲ့ စတီးလ်ချိုင့်မှာ ဘာတွေပါလို့လဲ'





'မုန့်ဟင်းခါး လာပို့တာပါ'

အောင်ဆွေ၏အမေးကို လူငယ်ကလေးက ပြန်ဖြေသည်။

'ဟေ··· ဘယ်သူ့ဆီကို လာပို့တာလဲ။ ငါတို့ဆီကို အပို့ခိုင်းတာလားကွ'

'ဟုတ်တယ်'

'အလဲ့··· မုန့်ဟင်းခါးစားချင်နေတာနဲ့ အတော်ပဲ။ မင်းကို ဘယ်သူက အပို့ခိုင်းတာလဲကွ'

ချစ်ဦးမောင်က ဝင်မေးနေခြင်းပင်။

'ဟို··· ကျောက်မြောင်းမှာနေတဲ့ ကြီးကြီးလှအိမ်ကပါ။ ဒီကနေ့မနက် အလှူလုပ်လို့ အစ်ကိုတို့ဆီကို အပို့ခိုင်းတာဗျ။ ဒီအိမ်က ဒေါ်ထားရှင်ရဲ့အိမ် မဟုတ်လား'

'ဟာ··· သိပ်ဟုတ်တာပေါ့။ ဒါပေမဲ့ ဒေါ်ထားရှင်တော့ မရှိဘူး။ မအူပင်မြို့ကို ကိစ္စရှိလို့ သွားနေတယ်။ တို့ပဲ ရှိတယ်ကွ'



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ်လေ… ဘယ်သူရှိရှိ မရှိရှိ ပို့နိုင်းတဲ့ ဒေါ်ထားရှင်အိမ် မှန်ရင် ပြီးတာပဲ။ ကဲ… ရော့… ခပ်မြန်မြန်ကလေးသာ စတီးလ်ချိုင့်ထဲက မုန့်ဟင်းခါးတွေကို လဲပေးပေတော့'

'ဟေ… စတီးလ်ချိုင့်ပြန်ပေးရမှာလား။ တစ်ခါတည်း အပိုင်ပေးခဲ့တာ မဟုတ်ဘူးလားကွ။ ဟား… ဟား… ဟား…'

အောင်ဆွေက မုန့်ဟင်းခါးလာပို့သော ချာတိတ်ကို နောက်နေသည်။

'အာ… အာ… မလုပ်နဲ့၊ မုန့်ဟင်းခါးပဲပေးတာ။ ချိုင့်မပါဘူးလေ။ မြန်မြန်သာလဲပေးပါဗျာ။ တခြားအိမ်တွေကို ကျွန်တော် ဆက်ပို့ရဦးမှာဗျ'

'အေးပါကွာ… ငါတို့ အခုပဲ လဲပေးလိုက်ပါ့မယ်။ ချိုင့်ကိုတော့ ဆေးမနေတော့ဘူးနော်'

'ဟုတ်ကဲ့… ဆေးမနေပါနဲ့တော့'

အောင်ဆွေက လူငယ်ကလေးလာပို့သော မုန့်ဟင်းခါးစတီးလ်ချိုင့်ကိုယူကာ နောက်ဖေးခန်းသို့ ထွက်သွားခဲ့သည်။





ချစ်ဦးမောင်ကလည်း အောင်ဆွေ၏နောက်မှလိုက်သွားခဲ့သည်။

'အား… မုန့်ဟင်းခါးတွေရော၊ မုန့်ဖတ်တွေရော၊ အကြော်စုံမျိုးစုံရော မနည်းပါလား အောင်ဆွေရာ။ ငါလည်း ဘိုင်ကျနေလို့ မုန့်ဟင်းခါးမစားရတာ ကြာလှပြီ။ ဒီတစ်ခါ ကျမှပဲ အလှူရှင်က ကျွေးလို့ တစ်ဝကြီး တုတ်ရတော့မယ်။ အဟီး…'

ချစ်ဦးမောင်က ဝမ်းသာအားရနှင့် ပြောနေသည်။ အောင်ဆွေကတော့ သူ့လို ဝမ်းမသာနိုင်သေးပေ။ သူ့စိတ်ထဲတွင် သံသယဖြစ်နေသည်။

'သိပ်လည်း ဝမ်းသာမနေနဲ့ဦး ချစ်မောင်ရ။ ငါ့စိတ်ထဲမှာ တစ်ခုခု လွဲမှားနေသလို ခံစားရတယ်'

'ဟာ… အောင်ဆွေရာ၊ ဘာလွဲမှားစရာရှိလို့လဲ။ မင်းရဲ့အမေ ဒေါ်ထားရှင်ရဲ့အမည်ကို မေးပြီး လာပို့တဲ့ဟာ။ သင်းက ဘာများ အတွေးလွန်နေရတာလဲ။ ပြောစမ်းပါဦး'

ချစ်ဦးမောင်က အပြစ်တင်သံနှင့် ပြန်မေးနေသည်။

'ဒီလိုလေကွာ… အခု ချာတိတ်လာပို့တဲ့ ကျွေးဖက်



www.burmeseclassic.com

www.burmeseclassic.com



မြောင်းအိမ်က ကြီးကြီးလှဆိုတာ ငါ တစ်ခါမှ မကြားဖူးဘူး။ မေမေကလည်း မပြောပြဖူးလို့ပေါ့'

'မပြောပြဆို စကားမစပ်မိကြလို့ ဖြစ်မှာပေါ့။ ကဲပါ… ကြာတယ်။ အပြင်မှာ ချာတိတ်ကလေး စောင့်နေတာ ကြာသွားပြီ။ ဒီတော့ သူ့စတီးလ်ချိုင့်ကို အမြန်သွားပို့ပေတော့။ ပြီးရင် အားရပါးရ တုတ်ကြရအောင်။ အင်း… စားရကံကြုံတော့ မုတ်ဆိတ်ပျားစွဲတယ်ဆိုတာ ဒါမျိုးထင်ပါရဲ့နော်။ ဟား… ဟား… ဟား… ဟား…'

ချစ်ဦးမောင်ကတော့ ပျော်မဆုံးဖြစ်နေသည်။

အောင်ဆွေမှာ စတီးလ်ချိုင့်ကို ပြန်ပေးရန် အိမ်ရှေ့ခန်းသို့ ထွက်သွားခဲ့သည်။

ချစ်ဦးမောင်မှာ အောင်ဆွေ စတီးလ်ချိုင့်မှ လဲလှယ်ထားခဲ့သော မုန့်ဟင်းခါး ဟင်းရည်အိုးနှင့် မုန့်ဖတ်ထည့်ထားသော ဇလုံကြီးကိုယူ၍ အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့ကြသည်။

မုန့်ဟင်းခါးလာပို့ခဲ့သော လူငယ်ကလေးကတော့ ပြန်ထွက်သွားခဲ့လေပြီ။





'ဟော့ကောင်… အောင်ဆွေ၊ အကြော်စုံနဲ့ နံနံပင် တွေထည့်ထားတဲ့ ပန်းကန် ဒီအိမ်ရှေ့ယူခဲ့ကွာ။ ငါတို့ အားရပါးရ တုတ်လိုက်ကြရအောင်'

အောင်ဆွေမှာ ချစ်ဦးမောင်ပြောသည့်အတိုင်း မီးဖိုချောင်မှ အကြော်စုံနှင့် နံနံပင်များထည့်ထားသော ကြွေပန်းကန်ပြားကြီးကို အိမ်ရှေ့ခန်းသို့ ယူလာခဲ့သည်။

သူတို့နှစ်ဦး စားကြရန် ကြွေပန်းကန်ပြားကြီးနှစ်ချပ်နှင့် ကြွေဇွန်းကိုပါ အောင်ဆွေက တပါတည်းယူလာသည်။

'မုန့်ဟင်းခါးကတော့ အတော်ကောင်းမယ့်ပုံပဲကွ။ ဟင်းရည်ထဲမှာ ငါးဖတ်တွေကလည်း မနည်းဘူး။ အနံ့ကလည်း မွှေးလိုက်တာ။ တို့ ဆိုင်မှာသွားစားရင်တောင် ဒီလိုဟာမျိုး စားရမှာ မဟုတ်ဘူး။ ဆိုင်မှာက ဈေးတွေသာကြီးနေတာ။ အရသာကျတော့ အရမ်းညံ့တာကွ'

ချစ်ဦးမောင်မှာ သူ့ပန်းကန်ထဲသို့ မုန့်ဖတ်၊ အကြော်စုံများနှင့် ဟင်းရည်များကိုထည့်ရင်း အောင်ဆွေကို ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါကတော့ မင်းတိုက်တွန်းလို့သာ စားနေရတယ်၊ ဘာကြောင့်မှန်းမသိဘူး၊ မျက်ခုံးကတော့ ခပ်လှုပ်လှုပ် ပဲကွ'

အောင်ဆွေက စိတ်မလုံသံနှင့် ချစ်ဦးမောင်ကို ပြော နေသည်။

'မင်းကလည်းကွာ၊ ဘာစိတ်မလုံစရာရှိလို့လဲ၊ စား ကံကြုံလို့ မုတ်ဆိတ်ကိုလာပြီး ဖျားစွဲတဲ့ဟာ။ ဒီတော့ ဘာ မျက်ခုံးမှ လှုပ်မနေနဲ့။ စိတ်အေးအေးထားပြီး ကြိတ်သာ ကြိတ်ပေတော့ဟေ့··· အဟီး···'

ချစ်ဦးမောင်မှာ အောင်ဆွေကိုလည်း အားပေး၊ သူ့ လက်ကလည်း ပန်းကန်ထဲတွင် ထည့်ထားသော မုန့်ဟင်းခါး များကို အားရပါးရကို စားနေသည်။

အောင်ဆွေလည်း ဆက်မပြောတော့ဘဲ သူနှင့်အတူ မုန့်ဟင်းခါးများကို စားနေသည်။

သူတို့စား၍ကောင်းနေခိုက် နောက်ဘက်မှ ခက်ထန် သော အသံတစ်သံမှာ ရုတ်တရက် ပေါ်လာတော့သည်။

'ဒါက ဘာလုပ်နေကြတာလဲဟင်။ အခု ရပ်လိုက်ပါ'





ထိုအသံကြောင့် မုန့်ဟင်းခါးများကို ကုန်းတုတ်နေ သော ချစ်ဦးမောင်မှာ လန့်ဖျပ်ကာ-

'ဟိုက်··· တောက်ပလုပ်တုတ်တုတ်··· ဖြုန်း'

ဟူသော ယောင်ယမ်းသံနှင့်အတူ သူ့ပါးစပ်ထဲတွင် ရောက်နေသော မုန့်ဖတ်ကြီးမှာ ဖတ်ခနဲမြည်အောင် သူ့ပန်း ကန်ထဲသို့ ပြန်ကျသွားခဲ့သည်။

ချက်ချင်းပင် ချစ်ဦးမောင်မှာ အသံရှင်ကို မော့ကြည့် မိသည်။

လား··· လား··· အသံရှင်မှာ တခြားသူမဟုတ်ပေ။ သူနှင့် အမြဲတမ်းဘုဘောက်ကျလေ့ရှိသော လဲ့မွန် ဖြစ်နေသည်။

လဲ့မွန်ကတော့ လက်နှစ်ဖက်ကို ခါးမှာထောက်ကာ သူ့အား စူပုပ်သောမျက်နှာနှင့် ကြည့်နေသည်။

ချစ်ဦးမောင်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်စားနေ သော အောင်ဆွေမှာတော့ အစားကိုရပ်ကာ လဲ့မွန်ကို ငေး ကြည့်နေသည်။

ချစ်ဦးမောင်မှာမူ အရေးမစိုက်ဟန်နှင့် လဲ့မွန်ကို



www.burmeseclassic.com

www.burmeseclassic.com



သရော်ပြုံးကလေး ပြုံးပြရင်း ပြန်ပြောနေသည်။

'သြော်… ဘယ်သူများလဲ မှတ်ပါတယ်။ ဆင်အော် မပါကလာ်း။ ဘယ်လိုကနေ ဘယ်လို ကျုပ်တို့ဆီကို ရောက်လာရတာလဲ၊ ဟဲ… ဟဲ…'

'ရောက်လာဆို ရှင့်ကို စိတ်မချလို့ပေါ့။ အခုတော့ ကျွန်မထင်ထားတဲ့အတိုင်း ဖြစ်နေပြီကော'

လို့မွန်က ဒေါသသံနှင့် ပြောနေသည်။

'ဟာဗျာ… ကျွန်တော့်ကိုတော့ စိတ်မချမဖြစ်ပါနဲ့ စိတ်ချပြီးနေပါဗျာ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် က ချာတိတ်ကလေးမှ မဟုတ်ဘဲ။ အရွယ်ရောက်နေ တဲ့ လူရွယ်လေ။ ပြီးတော့ ကျွန်တော်ဟာ **Martial Arts** လို့ခေါ်တဲ့ ကိုယ်ခံသိုင်းပညာလည်း တတ် တယ်။ ကာယဗလသမားလည်း ဖြစ်လို့ ကျွန်တော့် အရွယ် လူသုံးယောက်လောက်ကိုတော့ သုံးမိနစ် အတွင်း ဖလက်(တ်)ပြအောင် ဖိုက်နိုင်ပါတယ်ဗျာ။ ဒါကြောင့် စိတ်ချလက်ချနေစမ်းပါ။ ဟဲ… ဟဲ… ဟဲ'





'သွားစမ်းပါ… အခုမှ အူတူတူ ကြောင်တောင် တောင်စကားတွေနဲ့ မသိဟန်ဆောင်မနေနဲ့။ ဒီတော့ ပြောစမ်း၊ ရှင် အခုစားနေတာ ဘာတွေလဲ'

'အဟီး… ဘာရမှာလဲ၊ မုန့်ဟင်းခါးလေဗျာ။ ကေန္တ သင်းပျံ့တဲ့မုန့်ဟင်းခါးအနံ့ကိုရလို့ ရောက်လာတာ ထင်တယ်။ စားချင်ရင် အိုက်တင်ခံမနေနဲ့လေ'

'ဘာ အိုက်တင်ခံရမှာလဲ၊ ဒီမုန့်ဟင်းခါးတွေကို ဘယ် သူကပို့လိုက်တာလဲ၊ သိလား'

'ဟာ… သိပ်သိတာပေါ့။ ကျောက်မြောင်းက စေတနာရှင် သူတော်ကောင်းမကြီး ကြီးကြီးလှက သဒ္ဓါတရားထက်သန်စွာနဲ့ ပို့လိုက်တာလေ။ ရှင်းပြီ လား'

'မရှင်းဘူး… အဲဒါတွေကို ပို့လိုက်တာက ကြီးကြီး လှ မဟုတ်ဘူး။ ကျွန်မရှင့်… ကျွန်မ သိပြီလား'

'ဗျာ… ခင်ဗျားက ပို့လိုက်တာ။ ဟုတ်မှလည်း ပြီးပါဗျာ။ ကျွန်တော့်ကို အရမ်းမုန်းနေတဲ့သူက မုန့် ဟင်းခါး တွေပို့ပြီး ကျွေးမွေးတယ်ဆိုတာ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



လုံးဝ မဖြစ်နိုင်ဘူး။ ကျွန်တော့်ကို ဒါမျိုးနဲ့ လာလို့မှ်လို့ မရဘူးလေ။ ဟဲ... ဟဲ...'

'ဒါ လိုမ့်တာမဟုတ်ဘူး။ တကယ်ပြောနေတာ။ ပြီးတော့ ရှင့်ကို စေတနာရှိလို့ ပို့လိုက်တာလည်း မဟုတ်ဘူး။ ဟိုကောင်လေးက မှားပြီး လာပို့တာရှင့်'

'အေးလေဗျာ... မှားပြီးပို့တာဆိုရင်လည်း ကျွန်တော်တို့ စားရက်ကြံ့လို့ မှားတဲ့ဟာ ခင်ဗျားနဲ့ အနေသာကြီးပါလေ။ ဟဲ... ဟဲ...'

'အောင်မယ်... ဘာအနေသာကြီးလဲ၊ အဲဒီ မုန့်ဟင်းခါးတွေက ကျွန်မက ကြီးကြီးဒေါ်ဖွားအိမ်နဲ့ မမပြုံးတို့ ညီအစ်မအတွက် ပို့ခိုင်းလိုက်တာကို ရှင်တို့က ကြားကနေ ဖြတ်စားလပ်စားလုပ်ရသလား။ ဒီလောက်ပဲ ငတ်ကြီးကျရသလားရှင့်'

လဲ့မွန်မှာ ပြောပြောဆိုဆိုနှင့်ပင် ချစ်ဦးမောင်တို့ရှေ့တွင် ချထားသော မုန့်ဟင်းခါးရည်များနှင့် မုန့်ဖတ်တွေကို ဆွဲယူတော့သည်။

'အာ... အာ... ခ... ခင်ဗျားက ဘာလုပ်တာလဲ။



ဒီမှာ စားရင်းတန်းလန်းပဲ ရှိသေးတယ်လေ'

'ဘာ စားရင်းတန်းလန်းလဲ၊ ရှင်တို့ပြီးအောင် စောင့်နေရမှာလား။ ဒီလောက်မျိုရဆို့ရရင် တော်ရောပေါ့'

လဲ့မွန်က မုန့်ဟင်းခါးကို သိမ်းမြဲသိမ်းနေသည်။

'ဒီ... ဒီမယ်... ခ... ခဏလောက်နေပါဦး'

ချစ်ဦးမောင်က လှမ်းတားသည်။

'ဘာခဏနေဦးလဲ၊ မနေနိုင်ပါဘူး'

'မဟုတ်ဘူးလေ၊ မုန့်ဟင်းခါးဟင်းရည်ကလေး တစ်ဇွန်းလောက် မြည်းလိုက်ချင်သေးလို့ပါ။ တစ်ဇွန်းတည်းပါဗျာ။ ကုသိုလ်ရပါတယ်။ ဟီး... ဟီး...'

'တော်စမ်းပါ... ရှင့်ကိုကျွေးလို့ ရမယ့်ကုသိုလ်တွေကို ကျွန်မ လုံးဝမလိုချင်ဘူး'

လဲ့မွန်မှာ စကားအဆုံးတွင် မုန့်ဖတ်တွေရော မုန့်ဟင်းခါးအိုးကိုပါ ဆွဲယူကာ အိမ်ပေါ်မှ ဆင်းသွားခဲ့သည်။

'ဟာ... ခင်ဗျား တော်တော်ဆိုးတာပဲ။ သူများစားတာ သောက်တာကို ဝိတ်ပင်တာဟာ သေရင် ပြိတ္တာဖြစ်တတ်တယ်နော်၊ ဟွန်း...'

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးမောင်က အိမ်ပေါ်မှနေ၍ လှဲမွှန်ကို လှမ်းအော်ပြောနေသည်။

လှဲမွှန်ကတော့ နောက်ကို လုံးဝလှည့်မကြည့်ဘဲ ထွက်သွားခဲ့သည်။

'ကိုင်း… ငါမပြောဘူးလား။ ဒီမုန့်ဟင်းခါးဟာ ငါတို့ကိုပေးတာ မဟုတ်ဘူးလို့ ငါပြောသားပဲ'

အောင်ဆွေက ချစ်ဦးမောင်ကို အပြစ်တင်သံနှင့်ပြောနေသည်။

'ဟဲ… ဟဲ… တို့အတွက်ပို့တာ မဟုတ်ပေမယ့် ငါတို့ကတော့ စားလိုက်ရပြီလေ။ မသထာရေစာ စားရလို့လား မသိဘူး။ စားလို့ကတော့ အရမ်း အရမ်း အရမ်းကို ကောင်းတာပဲဟေ့။ ဟား… ဟား… ဟား…'

ဤသည်တို့ကား ချစ်ဦးမောင်နှင့် လှဲမွှန်တို့၏ အတိတ်မှဖြစ်ရပ်တွေများစွာမှ အချို့ဖြစ်ကြသတည်း။

❖ ❖ ❖



# အခန်း(၇)

## နိုက်ကွင်းတွင် ပြဿနာကြုံကြရခြင်း

ထိုနေ့သည် အသစ်စက်စက် မျက်နှာသစ်မင်းသားကလေး ချစ်ဦးမောင်၏ ဇွဲဆော်ဦး ရုပ်ရှင်စရိုက်မည့်နေ့ဖြစ်သည်။

ချစ်ဦးမောင်နှင့်အတူ သိန်းထီလည်း လိုက်ပါခဲ့သည်။

'ဟေ့ကောင်… ချစ်ဦးမောင်၊ ဟိုကျရင် မင်းသမီးနဲ့ ဘုဘောက်ကျမနေနဲ့ဦး။ နည်းနည်းပါးပါးလည်း သည်းခံပေါ့ကွယ်'



www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် သိန်းထိက ချစ်ဦးမောင်ကို သတိပေးနေသည်။

'ဟကောင်ရ… ငါကတော့စပြီး ပြဿနာမရှာပါဘူးလေ။ အဲ… သူက နိုင်ငံကျော် အကယ်ဒမီ မင်းသမီးဆိုပြီး ငါ့ကို ခပ်နှိမ်နှိမ်ဆက်ဆံရင်တော့ ငါကတော့ ပြန်ပြီးဘုတောရမှာပဲ'

'မင်းကတော့ လုပ်ပြီ။ သည်းခံပါလို့ ငါက တောင်းပန်နေမှတော့ သည်းခံပေါ့ကွာ။ သူဘု၊ ငါဘောက် တော့ မလုပ်ပါနဲ့။ ငါ့ဦးလေး မင်းဘီလူးရဲ့ မျက်နှာကိုလည်း ထောက်ဦးမှပေါ့ကွာ'

'အေးပါ… အေးပါ… ငါ အတတ်နိုင်ဆုံး သည်းခံပါ့မယ်။ ကဲ… ကျေနပ်ပြီမဟုတ်လား'

ချစ်ဦးမောင်မှာ နားငြီးလာဟန်နှင့် အထက်ပါအတိုင်း သိန်းထိကို ပြန်ပြောလိုက်သည်။

သူတို့လည်း ရုပ်ရှင်ရိုက်မည့်နေရာသို့ ရောက်သွားခဲ့ကြသည်။

ဒါရိုက်တာကြီး မင်းဘီလူးက သူတို့ကိုမြင်လျှင် လှမ်းခေါ်နေသည်။

'လာကြဟေ့… မင်းတို့ကို ငါစောင့်နေတာ။ မင်းသမီးတောင် ရောက်နေတာ ဆယ့်ငါးမိနစ်လောက်ရှိနေပြီ။ မင်းတို့သာ နောက်ကျနေတာကွ'

ထိုစကားကို ချစ်ဦးမောင်က သူ့အား သဘောမကျဟန်နှင့် မျက်စောင်းထိုးကြည့်နေသော မြတ်ဝင်းလဲ့မွန်ရှိရာသို့ တစ်ချက်လှမ်းကြည့်ကာ ခပ်ထွေထွေကလေး ပြန်ဖြေသည်။

'နောက်ကျဆို ကျွန်တော်က မင်းသားသစ်ဆိုတော့ နာမည်ကြီး အကယ်ဒမီ မင်းသား၊ မင်းသမီးတွေလို သိန်းတစ်ထောင်ကျော်တန်ကားကြီး မစီးနိုင်သေးဘူးလေ။ လိုင်းကားနဲ့လာရတော့ နောက်ကျမှာပေါ့ ဦးလေးရယ်'

ချစ်ဦးမောင်မှာ စကားအဆုံးတွင် မြတ်ဝင်းလဲ့မွန်ရှိရာသို့ စပ်ဖြီးဖြီးလုပ်ကာ ကြည့်နေသည်။

မြတ်ဝင်းလဲ့မွန်ကတော့ သူ့အား အမြင်ကတ်ဟန်နှင့် မျက်နှာကို လွှဲကာထားလိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



'ကိုင်း… ကိုင်း… အပိုစကားတွေကို ဆိုမနေကြနဲ့တော့။ မင်းနဲ့ မင်းသမီးကို ရုပ်ရှင်မရိုက်ခင် စတီးလ်ပုံတွေ ရိုက်ရဦးမယ်။ ဒီတော့ မင်းသားက မိတ်ကပ်ဆရာဆီသွားပြီး မင်းမျက်နှာကို ပြုပြင်လိုက်ပေတော့'

'ဟင်… ဦးလေး ဒီနဂိုရုပ်အတိုင်း ရိုက်လို့မရဘူးလား'

'ဟကောင်ရ… နဂိုအတိုင်းရိုက်ရင် နင့်မျက်နှာဟာ ကြောင်ချေးရုပ်ပေါက်နေမှာပေါ့။ သွားစမ်းကွာ… ဟိုမယ် မိတ်ကပ်ဆရာ စောင့်နေတယ်။ ပြီးတော့ မင်းဝတ်ဖို့ အဝတ်တွေပါ ငါ အဆင်သင့်လုပ်ထားတယ်'

ချစ်ဦးမောင်မှာ ဒါရိုက်တာကို မင်းဘီလူး၏ စကားအတိုင်း **ဂျာမထီး** ကြေးမထူဘဲ မိတ်ကပ်လိမ်းပေးမည့်သူထံ သွားခဲ့ရသည်။

နာရီဝက်ခန့်အကြာတွင် ချစ်ဦးမောင်မှာ မိတ်ကပ်ရော အဝတ်အစားတွေပါ လဲလှယ်ပြီးစီးခဲ့သည်။





'ဟယ်… မောင်ချစ်ဦးမောင်က အခုလို မိတ်ကပ်နဲ့ အဝတ်အစားအသစ်တွေ ဝတ်လိုက်တော့ အရမ်းကို ခံ့ညား ချောမောသွားတာပဲကွ။ ဟဲ… ဖဲ… ဟဲ'

ဒါရိုက်တာကြီး မင်းဘီလူးက ချစ်ဦးမောင်ကို ချီးမွမ်းနေသည်။

'ကျွန်တော် ချောတာကတော့ ဟုတ်ပါပြီ။ ကျွန်တော်နဲ့တွဲမယ့် မင်းသမီးကရော ချောရဲ့လား။ နို့မို့ ရွှေမင်းသားနဲ့ မယ်ကုဝဏ် တွဲသလို ဖြစ်နေဦးမယ်နော်။ ဟား… ဟား… ဟား…'

ချစ်ဦးမောင်က မြတ်ဝင်းလှဲ့မွန် မခံချင်အောင် တမင်ပြောနေခြင်းပင်။

'တယ်… ဒီအကောင် စကားပြောရင် အနှောင့်ကို မလွှတ်ဘူး။ မင်းပါးစပ်ကို ပိတ်ထားပြီး စတီ(လ်)ပုံတွေအတွက် ရိုက်ကြရအောင်'

ဒါရိုက်တာကြီး မင်းဘီလူးမှာ ချစ်ဦးမောင်ကိုပြောရင်း အနီးမှ ထွက်ခွာသွားခဲ့သည်။

ထို့နောက်တော့ သူတို့သည် Still စတီလ်ခေါ် ရုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ပုံသေကို ရိုက်ရန်ပြင်ကြသည်။

ပထမ ရုပ်သေပုံကို ရိုက်စဉ်ကတော့ သူတို့နှစ်ဦး အတွက် ပြဿနာမရှိခဲ့ပေ။

အကြောင်းကတော့ မင်းသား ချစ်ဦးမောင်နှင့် မင်းသမီး မြတ်ဝင်းလဲ့မွန်တို့မှာ ရိုးရိုးမတ်တတ်ရပ်လျက် ရိုက်ကူးခဲ့ခြင်းကြောင့်ပင်။

အဲ··· ဒုတိယရုပ်သေပုံကျတော့ ပြဿနာတက်တော့သည်။ ထိုပုံမှာ မင်းသမီးကို မင်းသားက ရင်ခွင်ထဲ၌ ပွေ့ဖက်ထားရမည့်ပုံ ဖြစ်နေသည်။

'ဟာ··· ဦးလေး··· ကျွန်တော်က မင်းသမီးကို ပွေ့ရမယ်လား'

ချစ်ဦးမောင်က ဒါရိုက်တာကြီး မင်းဘီလူးကို မေးနေသည်။

'အေးလေကွာ··· မင်းက မင်းသမီးကို ခပ်တင်းတင်းကလေး ပွေ့ဖက်ထားရမယ့်ပုံပဲ'

'အဲဗျူး··· အဲသဟာမှဒုက္ခပဲ။ ကျွန်တော်က ဒီအသက် ဒီအရွယ်အထိ ရည်းစားလည်း မထားခဲ့ဖူးဘူး။





ပြီးတော့ ဘယ်အမျိုးသမီးကိုမှ ပွေ့ဖက်ဖို့မပြောနဲ့၊ အသားချင်းတောင် ထိခဲ့ဖူးတာ မဟုတ်တော့ မင်းသမီးကို ဘယ်လိုပွေ့ဖက်ရမှာလဲ။ ကျွန်တော် မပွေ့တတ်ဘူး ဦးလေး'

ချစ်ဦးမောင်က ကြေးထူပြနေသည်။ မြတ်ဝင်းလဲ့မွန်ကတော့ အမြင်ကတ်ဟန်နှင့် မဲ့ပြနေသည်။

'ဟ··· ချစ်ဦးမောင်ရ မင်းသားဖြစ်မှတော့ မင်းသမီးကို ပွေ့တတ် ဖက်တတ်ရမှာပေါ့။ မင်းသမီးကို ဖက်ပြတာ အထူးသင်ပြစရာ မလိုပါဘူးလေ။ သူ့ကို မင်းရဲ့ရင်ခွင်ထဲမှာ ပွေ့ထားလိုက်ရင် အလုပ်ဖြစ်သွားပြီဟာ'

'အယ်··· ဦးလေးကသာ လွယ်လွယ်ပြောနေတာ။ ကျွန်တော့်အတွက်တော့ မလွယ်ဘူး။ ပြီးတော့ တခြားမင်းသမီးဆိုရင် တော်သေးတယ်။ အခု ဆင်အော်မနဲ့ ဖက်ရမှာဆိုတော့ မလွယ်ဘူးလေ။ သူကလည်း ကျွန်တော့်ကိုမုန်းသလို ကျွန်တော်ကလည်း မုန်းနေတာမို့ မလွယ်ရေးချမလွယ်ပဲ ဦးလေးရှ ဟွန်း···'



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးမောင်က အကြောက်အကန်ငြင်းဆန်နေသည်။

'ဒီမယ် ချစ်ဦးမောင်၊ တို့ အနုပညာသမားတွေဆိုတာက အပြင်က ကိုယ်ရေးကိုယ်တာကိစ္စတွေကို ရုပ်ရှင်ရိုက်ကွင်းထဲ ယူမလာရဘူး။ အပြင်မှာ ရန်သူတွေဖြစ်နေပါစေ ရုပ်ရှင်ထဲကျရင် တကယ့်ချစ်သူတွေအဖြစ် သရုပ်ဆောင်ပြနိုင်ရတယ်ကွ။ ဒါမှလည်း တကယ့်အနုပညာသမား ပီသမှာပေါ့။ ဒီတော့ မင်းတို့ရဲ့ အပြင်ဘက်က ကိုယ်ရေးကိုယ်တာကိစ္စတွေကို ဘေးဖယ်ထားပြီး မင်းသမီးကို မင်းက တကယ့်ချစ်သူအဖြစ် ပွေ့ဖက်လိုက်ပေတော့။ ဟုတ်ပြီလား'

'မဟုတ်သေးဘူး ဦးလေးရ၊ သူ့ကို ဘယ်လိုပွေ့ဖက်ရမယ်ဆိုတာ ပထမ ရီဟာဇယ်(လ)လုပ်ပြပါဦး'

'ဟာကွာ… တောက်တီးတောက်တက်တွေ ပြောနေပြန်ပြီ။ လုံ့မွန်ကို ငါ့သမီးလေးလို သဘောထားတာမို့ မင်း ပြောသလို ဖက်မပြနိုင်ဘူး။ မင်းဘာသာ ကြိုးစားပြီးဖက်'

'ဟာ… ဦးလေးကလည်း မဖက်တတ်ဘူးဆိုမှ





ဖက်ပြနိုင်းနေပြန်ပါပြီ။ ကဲ… ကဲ… ဒီလိုလုပ်၊ မင်းသမီးကို ဖက်မပြချင်ရင် ဦးလေးတစ်ယောက်တည်း ဘယ်လိုဖက်ရမယ်ဆိုတာ သင်ပြပေးလေ'

ချစ်ဦးမောင်က ခွတ်ပြောနေသည်။

'ကိုင်း… ဒီလောက်တောင် ဖြစ်လှတာ ဒီမယ် သေသေချာချာကြည့်၊ ဟောဒီလိုပွေ့ပြီး ဖက်ရတယ်ကွ၊ သိလား'

ဒါရိုက်တာကြီး မင်းဘီလူးက တစ်ကိုယ်တော်မင်းသမီးဖက်နည်းကို ပြပေးနေသည်။

'ဟား… ဟား… ဟား… ဟား… ဦးလေးဖက်ပြပုံကြီးကလည်း မနိုပ်လိုက်တာ။ လုံးဝ ကြည့်မကောင်းဘူး။ ဧကန္တ အိမ်က ဦးလေးရဲ့အဘွားကြီးကို အခုလို ဖက်တတ်တယ်ထင်တယ်။ ဟုတ်တယ်မဟုတ်လား'

'အေး… ဟုတ်… တယ် ကမြင်းခေါင်းလေး၊ မဖက်တတ်ဘူးဆိုလို့လည်း ပြရသေးတယ်။ အကဲ့ရဲ့လည်း ခံရတယ်။ တော်ပြီ… မင်းဘာသာ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ပြီး မင်းသမီးကို ဖက်ပေတော့'

'နောက်ထပ် ဘာဆင်ခြေမှ ငါမကြားချင်ဘူး။ ခတ်ပုံဆရာ အသင့်ပြင်ဟေ့'

ဒါရိုက်တာကြီး မင်းဘီလူးက အပြတ်ပြောချလိုက်၍ ချစ်ဦးမောင်မှာ စောဒကမတက်နိုင်တော့ပေ။

'ကိုင်း… မင်းသားက မင်းသမီးကို တအားပွေ့ဖက်ထား'

ဒါရိုက်တာကြီး မင်းဘီလူးက အမိန့်ပေးလိုက်သည်။

ချစ်ဦးမောင်မှာ မင်းသမီးမြတ်ဝင်းလဲ့မွန်ကို ပြုံးဖြီးဖြီးနှင့်ကြည့်ရင်း လှမ်းပြောသည်။

'ကဲ… ဆင်အော်မရေ၊ ဒါရိုက်တာရဲ့ အမိန့်အတိုင်း ကျွန်တော်ကတော့ ဖက်ရတော့မယ်။ ဘုရားတရားသာ အောက်မေ့ပေတော့နော်၊ အဟီး…'

ချစ်ဦးမောင်သည် ပြောရင်း လဲ့မွန်ကိုဖက်ရန် ပြင်သည်။ လဲ့မွန်က အဖက်မခံဘဲ တစ်ဖက်သို့ ရှောင်တိမ်းလိုက်သည်။

'ဟဲ့… ဟဲ့… ဒါက ဘယ်လိုဖြစ်ရတာလဲ မင်းသမီးရဲ့။ ဘာဖြစ်လို့ အဖက်မခံဘဲ ရှောင်ပြေးလိုက်ရတာလဲလို့'

ဒါရိုက်တာကြီး မင်းဘီလူးက စိတ်ရှုပ်သံနှင့် လှမ်းမေးနေသည်။

'ရှောင်ပြေးဆို ဆရာမင်းသားပြောပုံက မင်းသားဟန်မပေါ်ဘဲ ဖွားသတ်မယ့်ယောက်ျားပုံပေါက်နေလို့ သမီးလည်း လန့်ပြီး ထပြေးမိတာပေါ့ ဆရာရဲ့'

မင်းသမီး မြတ်ဝင်းလဲ့မွန်စကားကြောင့် အနီးတွင်ရှိနေသူများမှာ တဝါးဝါးဖြစ်ကုန်ကြသည်။

'ဟယ်… သမီးရယ်၊ ဒီသူငယ်က အခုလိုပဲ ပေါက်တတ်ကရက သိပ်ပြောတာ။ ဒီတော့ မလန့်ပါနဲ့။ သူဖက်တာကို ခံလိုက်ပါ'

ဒါရိုက်တာကြီး မင်းဘီလူး၏စကားအဆုံးတွင် ချစ်ဦးမောင်ကလည်း ပြန်ပြောနေသည်။

'အဟဲ… ခင်ဗျားကို သတ္တိကောင်းမယ် ထင်နေတာမို့ ကျွန်တော် ထခြောက်လိုက်တာပါ။ ကဲ… ကဲ… လန့်မနေပါနဲ့။ ခင်ဗျားကို အသာဖက်ပြီး နှစ်ဖြာ့…က်






www.burmeseclassic.com

www.burmeseclassic.com



ကာ သဒ္ဒါဖက်ရအောင် မဆလာနဲ့ပက်ပြီး မွှေးမွှေး

ပေးလိုက်မယ်။ ဟဲ… ဟဲ'

'ဘာ မွှေးမွှေးပါပေးမှာလဲ၊ သတ္တိရှိရင် မွှေးကြည့်

ပါးကို ရှစ်စိတ်ကွဲသွားမယ် သိလား၊ ဟွင်း…'

မြတ်ဝင်းလှဲ့မွန်က ဒေါသတကြီးနှင့် ပြန်ပြော

သည်။

'ဟာကွာ… ဒါကိ ဘာ့ဖြစ်ကြရပြန်တာလဲ။ မင်းတို့

နှစ်ယောက်ကိုတော့ ငါ ထိုင်ပြီးဦးချချင်စိတ် ပေါက်

လာပြီနော်။ စိတ်ညစ်လိုက်တာ'

ဒါရိုက်တာကြီး မင်းဘီလူးက ခြုညံပါအောင် ညည်း

ညူပြနေသည်။

ချစ်ဦးမောင်ကလည်း လှဲ့မွန်ကို လှမ်းပြောသည်။

'ခင်ဗျားကလည်း အဖြစ်သည်းလိုက်တာ၊ ကျွန်တော်

က တမင်စတဲ့ဟာ။ စိတ်ချ၊ ခင်ဗျားက ခွင့်ပြုတော်

ဒီကောင်က မမွှေးသေးဘူး။ ဒါထက် ခင်ဗျားကိုယ်

က အနံ့ကောင်းပါတယ်နော်။ တချို့ အမျိုးသမီး

တွေလို လက်ပတ်စော်နံသလား၊ အဟီး…'





ချစ်ဦးမောင်စကားကြောင့် လှဲ့မွန်မှာ ဒေါကန်သွားခဲ့

ပြန်သည်။

'ရှင်နော်… လူကို မခံချင်အောင် လာစွမနေနဲ့။

ကျွန်မဟာ စိတ်ထားဖြူစင်တဲ့လူမို့ ဘာအနံ့ဆိုးမှ

မရှိဘူး။ နောက်ပိတ်ဆုံး ကျွန်မ လေလည်ရင်တောင်

မှ မွှေးမွှေးကလေး အနံ့ထွက်တာရှင့်။ ရှင့်လို ဆိတ်

သိုးစော်နံမနေပါဘူး။ သိပြီလား'

လှဲ့မွန်က ချစ်ဦးမောင်ကို အမြင်ကတ်ကတ်နှင့်

အထက်ပါအတိုင်း ရွဲ့၍ပြောနေသည်။

ချစ်ဦးမောင်ကတော့ တဟားဟား အော်ရယ်နေ

သည်။

'ဟော… ရယ်နေကြပြန်ပြီ။ မင်းတို့ ဘယ်လိုဖြစ်နေ

ကြတာလဲ။ အချိန်တွေလည်း ပုပ်လှပြီကွာ။ ရုပ်

သေရိုက်ဖို့ လုပ်ကြပါတော့'

ဒါရိုက်တာကြီး မင်းဘီလူးက ရှုံ့မဲ့သောမျက်နှာထား

ကြီးနှင့်ပြောမှ သူတို့နှစ်ဦးလည်း ငြိမ်သွားခဲ့ကြသည်။

ဒါရိုက်တာကြီး မင်းဘီလူးကိုလည်း အားနာသွားကြ



www.burmeseclassic.com

www.burmeseclassic.com



ဟန်နှင့် နောက်ထပ် ရန်မဖြစ်ကြတော့ဘဲ သည်းခံကာ ထိုနေ့က ရိုက်ရန်ရှိသော စတီလ် ခေါ် ရုပ်သေပုံများကို တစ်နေကုန် ရှောရှောရှူရှူ ရိုက်ပေးခဲ့ကြသည်။

ထိုအခါကျမှ ဒါရိုက်တာကြီး မင်းဘီလူးလည်း စိတ်ချမ်းသာသွားခဲ့ရတော့သည်။

❁ ❁ ❁

## အခန်း(၈)

### အစသန့်သူနှင့် ဒေါသထန်သူ

ဒါရိုက်တာကြီး မင်းဘီလူးရိုက်ကူးနေသော 'ချစ်ကြိုးပျော့ပျော့' ဇာတ်ကားကြီးမှာ ယနေ့ပါနှင့်ဆိုလျှင် ရိုက်ရက်(၇)ရက်ခန့် ရှိသွားလေပြီ။

ထိုရက်အတွင်း မင်းသား ချစ်ဦးမောင်နှင့် မင်းသမီး မြတ်ဝင်းလှဲ့မွန်တို့မှာ သုံးကြိမ်ခန့်အထိ စကားများ ရန်ဖြစ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ဒါရိုက်တာကြီး မင်းဘီလူး၏ ဖျန်ဖြေမှုကြောင့် ရုပ်ရှင်ရိုက်ကူးမှုကို ထိခိုက်ခြင်းတော့ မရှိပေ။

ထိုနေ့ နေ့လယ်အချိန် ခေတ္တနားချိန်တွင် မင်းသမီး မြတ်ဝင်းလဲ့မွန်က သူမ၏အဖော် အမျိုးသမီးကလေးနှင့် စကားထိုင်ပြောနေသည်။

ထိုစဉ်မှာပင် ချစ်ဦးမောင်က မြတ်ဝင်းလဲ့မွန်နှင့် မနီးမဝေးတွင် ရပ်ကာ အသံကျယ်ကျယ်နှင့် 'ဟတ်ချိုး' ဟူ၍ ချေပြလိုက်သည်။

ရိုးရိုးချေဆတ်ခြင်းမှာ ပြဿနာမဖြစ်သော်လည်း ချစ်ဦးမောင်၏ နောက်ဆက်တွဲ စကားတွေကြောင့် မြတ်ဝင်းလဲ့မွန်နှင့် ပြဿနာတက်ခဲ့ကြတော့သည်။

ဖြစ်ပုံကတော့ ချစ်ဦးမောင်မှာ ဟတ်ချိုး… ဟူ၍ ချေလိုက်ပြီးနောက် 'အနိစ္စ ဒုက္ခ အနတ္တ ရုပ်ချော ဥစ္စာပေါ အကာယ်ဒမီရွှေမင်းသမီးနဲ့ရ၊ နိပ်သဟ' ဟူ၍ ပြောချလိုက်သည်။

ပထမအကြိမ်တွင်တော့ မင်းသမီး မြတ်ဝင်းလဲ့မွန်မှာ သဲသဲကွဲကွဲ မကြားလိုက်ရ၍ မည်သည့်ပြဿနာမှ မဖြစ်သေးပေ။





သို့သော် နောက်တစ်ကြိမ် အထက်ပါအတိုင်း ချစ်ဦးမောင်က ချေဆတ်ပြရင်း ပြောလိုက်တော့မှ မင်းသမီး မြတ်ဝင်းလဲ့မွန်မှာ ဒေါကန်ကာသွားခဲ့တော့သည်။

သို့ဖြစ်၍ မင်းသမီး မြတ်ဝင်းလဲ့မွန်မှာ ဒေါသထွက်နေသော မျက်နှာနှင့် ထိုင်ရာမှထကာ ချစ်ဦးမောင်ထံ လျှောက်သွားပြီး မာဆတ်ဆတ်အသံနှင့် မေးနေတော့သည်။

'ရှင်. . အခု ဘာလုပ်နေတာလဲ၊ ပြောစမ်း'

'ဗျာ… ဘာလုပ်ရမှာလဲ၊ နှာမွန်လာလို့၊ ဟတ်ချိုး ဆိုပြီး ချေတာပေါ့။ အဲဒါ ဘာဖြစ်လို့လဲ'

'ရှင် နှာမွန်လို့ ချေရင် ရိုးရိုးချေပါလား'

'ဗျာ… ကျုပ်က ရိုးရိုးမချေလို့ ကင်းမြီးကောက်လို ခြေနှစ်ဖက် မိုးပေါ်ထောင်ပြီး ချေနေလို့လားဗျ'

'အဲဒီလို ချေရင် ကျွန်မအနေနဲ့ ဘာမှပြောစရာမလိုပေမယ့် ရှင်ချေပြီး နောက်ဆက်တွဲမှာ ပါလာခဲ့တဲ့ စကားတွေကို မကြိုက်လို့ပေါ့'

'ဟောဗျာ… ကျုပ်က ချေရင် အခုလိုပဲ ချေတတ်တာဗျ'



www.burmeseclassic.com

www.burmeseclassic.com



'သွားစမ်းပါ… ရှင် ကျွန်မကို စောင်းပြီးပြောတဲ့ စကားတွေကို ပြောနေတာ'

'အဲဗျ… ကျုပ်က ဘယ်လိုချေပြီး ပြောလို့လဲ'

'ဟတ်ချိုး ဆိုပြီး အနိစ္စ ဒုက္ခ အနတ္တ ဥစ္စာပေါ ရုပ်ချော အကာယ်ဒမီရွှေမင်းသမီးနဲ့ရ၊ နိပ်သပဟာဆိုတာ ကျွန်မကို စောင်းပြောနေတာ မဟုတ်လား'

'အဲဒါကတော့ သက်သက်မဲ့ ခင်ဗျား အထင်မှားနေတာပါ။ အကာယ်ဒမီမင်းသမီးဆိုတာ ဒီနိုင်ငံမှာ ခင်ဗျားတစ်ဦးတစ်ယောက်တည်း အကာယ်ဒမီ မင်းသမီးရှိတာမှ မဟုတ်ဘဲ။ အများကြီးရှိနေတာပဲ ဟာပဲ… ဟာပဲ'

ချစ်ဦးမောင် ရွှတ်နောက်နောက်နှင့် ပြန်ပြောနေသည်။ မြတ်ဝင်းလဲ့မွန်ကတော့ သူ့ကို ရွံမုန်းသောမျက်နှာနှင့် ကြည့်ရင်း ဆက်ပြောသည်။

'သိတယ်… အကာယ်ဒမီမင်းသမီးတွေ ကျွန်မအပြင် အများကြီးရှိနေတယ်ဆိုတာ'

'အဲဒီလို သိရဲ့သားနဲ့ ခင်ဗျားက ဘာဖြစ်လို့ ကျွန်တော့်ကို ရန်ရှာနေရတာလဲ'

'ရန်ရှာဆို… ရှင် ခုနင်က ချေရင်း ပြောနေတဲ့စကားတွေဟာ ကျွန်မကို တမင်စောင်းပြောနေမှန်း သိလို့ပေါ့'

'အဟဲ… ဒါကတော့ ခင်ဗျားကိုယ်ခင်ဗျား အထင်ကြီးနေတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က နှာမွန်လို့ ချေတဲ့အခါတိုင်း လူပျိုပေါက်အရွယ်ကတည်းက အခုလိုပဲ ချေလေ့ရှိတယ်ဗျ။ ရှင်းပြီလား'

'မရှင်းပါဘူး။ စကားဆိုတာ အမျိုးမျိုးလှည့်ပြောလို့ရတာပဲ။ အခုမှ ဆင်ခြေတွေပေးပြီး အပြစ်ကင်းအောင် ပြောမနေနဲ့'

'ကျုပ်က အပြစ်ကင်းအောင် ပြောနေတာမဟုတ်ဘူး။ အရှိကိုအရှိအတိုင်း အမှန်အတိုင်း ပြောနေတာ။ ဒါကို မယုံရင် ချေးပုံနင်းကြည့်လိုက်ပေါ့ဗျာ။ ဟား… ဟား… ဟား…'

'ဘာ… ဘာ… ချေးပုံနင်းကြည့်လဲ၊ ရှင်… ရှင်… နော်၊ စကားကို ရိုင်းရိုင်းစိုင်းစိုင်းမပြောနဲ့'



www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ဦး၏ ဆူညံညံအသံတွေကြောင့် ဒါရိုက်တာကြီး မင်းဘီလူးမှာ သူတို့အနီးသို့ အပြေးအလွှားရောက်လာကာ မေးမြန်းနေတော့သည်။

'ဟော့… ဟော့… မင်းတို့ ဘာဖြစ်ကြတာလဲလို့'

'ရေပက်ကြတာပဲဗျို့'

ချစ်ဦးမောင်က ပြန်၍နောက်နေသည်။

'တယ်… ဒီအကောင် နောက်ဖို့ ပြောင်ဖို့ပဲတတ်တယ်။ ကဲ… ပြောစမ်း၊ အခု မင်းတို့နှစ်ယောက် ဘာပြဿနာ ဖြစ်နေပြန်ပြီလဲ'

'အဟဲ… ပြဿနာရဲ့ဇစ်မြစ်ကို သိချင်ရင် ဆင်အော်ကိုသာမေး၊ သူ ဖြေလိမ့်မယ်'

'ဒီမယ် ကိုဗရုတ်သုတ်ခ၊ ကျွန်မကို ဆင်အော်မလို့ မခေါ်နဲ့။ ကျွန်မနာမည်ကိုခေါ်ပါ'

မြတ်ဝင်းလဲ့မွန်က သဘောမကျသံနှင့် ပြောသည်။

'ခင်ဗျားကလည်း ကျုပ်နာမည်ကို ခေါ်ပေါ့ဗျ။ ဒါ တရားမျှတရာ ရောက်မှာပေါ့'





'မခေါ်နိုင်ပါဘူး… ရှင့်နာမည်ခေါ်ရတာ အမျိုးသမီးတွေအတွက် အရမ်းသိက္ခာကျတယ်၊ သိလား'

'ဟာ… ဘာဆိုင်လို့လဲ၊ ကျုပ်နာမည် ချစ်ဦးမောင်ဆိုတာ မိဘနှစ်ပါးက ကျုပ်ကို မွေးစကတည်းက ပေးထား ကြတဲ့ဟာ'

'ရှင့်မိဘတွေက ပေးထားခဲ့ပေမယ့် ကျွန်မကတော့ မခေါ်ချင်ဘူး။ ရှင့်နာမည် အပြည့်အစုံခေါ်လိုက်ရင် ကျွန်မဟာ အလိုလိုနေရင်း ရှင့်ချစ်သူဖြစ်သွားမှာ စိုးလို့'

'မဆိုင်လိုက်တာဗျာ၊ ကဲ… ဒီလိုဆိုရင် ကျွန်တော် ပြောမယ်။ ကျွန်တော့်နာမည်ကို ချစ်ဦးမောင်လို့ အပြည့်အစုံ မခေါ်ချင်ရင် နောက်ဆုံး အလုံးဖြစ်တဲ့ မောင်လို့ ခေါ်လိုက်ပေါ့ဗျာ။ ဟား… ဟား… ဟား… ဟား'

'အို… ဘာလို့ခေါ်ရမှာလဲ၊ ဒါက ပိုတောင်ဆိုးသေးတယ်'

'ဒါဖြင့်ရင်လည်း ကျွန်တော့်နာမည် အစဖြစ်တဲ့ ချစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယူပြီး အချစ်လို့ခေါ်ပါလား။ ဟဲ… ဟဲ'

'အောင်မာ… ဘာဖြစ်လို့ခေါ်ရမှာလဲ။ ဒီမယ် ရှ

ကို နာမည်ခေါ်ရရင် အလယ်မှာရှိတဲ့ ဦးစာ

ကိုယူပြီး ရှင့်ကို ဦးလို့ခေါ်မယ်၊ ကျေနပ်ပြီလား'

'ဟာဗျာ… ဒီလိုကြီးကတော့ မနိပ်ပါဘူး'

'ဘာဖြစ်လို့'

'ခင်ဗျား စဉ်းစားကြည့်လေ၊ မင်းသမီးက မင်းသာ

ကို ဦးလို့ခေါ်လိုက်ရင် ကျွန်တော့်ကို အဘိုးကြီး

ပရိသတ်တွေက ထင်သွားမှာပေါ့။ ပြီးတော့ ခင်ဗျား

ကျွန်တော်ကလည်း အသက်က သိပ်ကွာတာ

မဟုတ်ဘဲ၊ ခင်ဗျားထက်-ကျွန်တော့်အသက်က ကြီး

ရင် သုံးလေးနှစ်လောက်ပဲ ကြီးမယ့်ဟာ။ ဒီတော့

ဦးလို့တော့ မခေါ်နဲ့ဗျာ'

ချစ်ဦးမောင်၏ စကားကြောင့် မြတ်ဝင်းလဲ့မွန်မှာ ဣန္ဒြေမဆည်နိုင်ဘဲ ခစ်ခနဲရယ်လိုက်မိသည်။

မြတ်ဝင်းလဲ့မွန်အဖို့ ချစ်ဦးမောင်၏ရှေ့တွင် ယခုလို ရယ်မိခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်တော့သည်။



ဒါရိုက်တာကြီး မင်းဘီလူးမှာလည်း ချစ်ဦးမောင်၏ တွင် မရယ်စဖူး အရယ်ထူးသော သူ၏မင်းသမီး မြတ်ဝင်း မွန်ကိုကြည့်ကာ အံ့သြသံနှင့် လှမ်းပြောနေသည်။

'အလို… အခုတော့လည်း မင်းတို့နှစ်ဦးဟာ ရယ်လား မောလားဖြစ်နေကြပါကလား။ စောစောက တော့ သတ်ကြပုတ်ကြတော့မယ့်အတိုင်း ပြဿနာ တက်နေလိုက်ကြတာ။ အင်း… မင်းတို့ရဲ့အဖြစ်က ဘာနဲ့သဏ္ဌာန်တူသလဲဆိုတော့ အီရန်နိုင်ငံကဲ အနုမြူ ပြဿနာမျိုးနဲ့ တူနေပါကလား။ ဟဲ… ဟဲ…'

ထိုစကားကို ချစ်ဦးမောင်က နားမလည်ဟန်နှင့် ပြန် မေးနေသည်။

'ဘယ်လို… အီရန်နိုင်ငံကဲ အနုမြူပြဿနာနဲ့ ကျွန် တော်တို့က တူနေတာလဲ ဦးလေးရ။ ရှင်းပြစမ်းပါဦး'

'ဒီလိုလေကွာ… အီရန်နိုင်ငံမှာ အခုတည်ဆောက် နေတဲ့ အနုမြူဓာတ်ပေါင်းဖိုကြောင့် ကမ္ဘာ့ကုလသမဂ္ဂ နဲ့ အီရန်နိုင်ငံဟာ အကြီးအကျယ် ပြဿနာတက် လိုက်၊ ပြေလည်တော့မလိုဖြစ်လိုက်နဲ့ ဂျာအေး သူ့

www.burmeseclassic.com

www.burmeseclassic.com



အမေရိက်သလို ချာလပတ်လည်နေသလို မင်းတို့နှ
ဦးကလည်း ပြဿနာတွေ ဖြစ်နေရာက ပြေလည်
တော့မလိုဖြစ်လိုက်နဲ့မို့ ငါက အိရှန်နိုင်ငံက အနုမြ
ဓာတ်ပေါင်းဖိုနဲ့ တူတယ်လို့ ပြောတာပေါ့။ အေ
လေ… အခုအတိုင်းပဲ မင်းတို့ ခင်ခင်မင်မင်နဲ့ နေ
သွားကြရင်လည်း ငါကတော့ အရှမ်းကို ကျေနပ်
ဝမ်းသာရတာပေါ့ကွာ။ အဟဲ'

ဒါရိုက်တာကြီး မင်းဘီလူး ပြောနေခိုက်မှာပင် ချစ်
ဦးမောင်က ချေဆက်ပြလိုက်သည်။

'ဟတ်ချိုး… အနိစ္စ ဒုက္ခ အနတ္တ ရုပ်ချော ဥစ္စာပေါ
အကာယ်ဒမီ ရွှေမင်းသမီးနဲ့ရ၊ နိပ်သဟ'

'ဟော… တွေ့လားဆရာ၊ သူ ချေနေတာ'

မြတ်ဝင်းလဲ့မွန်က ဒါရိုက်တာကြီး မင်းဘီလူးကို တိုး
ပြောသည်။

'ဟေ… ကြားသားပဲ၊ ဟတ်ချိုးဆိုပြီး သူချေတာ
သူ နှာမွန်နေလို့ဖြစ်မှာပေါ့'

'ဟာ… ဆရာကလည်း နှာမွန်ပြီးချေတာလို့ ပြော





တာမဟုတ်ဘူး။ ချေပြီး နောက်ဆက်တွဲပေါ်လာတဲ့
စကားတွေကို ပြောနေတာပါ'

'ဟ… ဘာစကားတွေလဲ၊ ငါ သတိမထားလိုက်
မိဘူး'

'ဒါဆို သူ့ကို ပြန်ချေခိုင်းလေ။ ဆရာ သိရမှာပေါ့'

'မချေပြနိုင်ပါဘူး။ ခင်ဗျားဘာသာ ခင်ဗျား ချေပြ
လိုက်ပေါ့'

ချစ်ဦးမောင်က ပြန်ကာတ်နေသည်။

'ဟုတ်သားပဲ… ငါ့တူမက သူ နှာချေပြီး ပြောသလို
လုပ်ပြလေ'

ဒါရိုက်တာကြီး မင်းဘီလူးစကားကြောင့် မြတ်ဝင်း
လဲ့မွန်မှာ ချစ်ဦးမောင်ဘက်သို့ မျက်စောင်းတစ်ချက် လှမ်း
ထိုးပြီး အောက်ပါအတိုင်း ချေပြနေသည်။

''ဟတ်ချိုး… အနိစ္စ ဒုက္ခ အနတ္တ ရုပ်ချော ဥစ္စာပေါ
အကာယ်ဒမီ ရွှေမင်းသမီးနဲ့ရ၊ နိပ်သဟ'တဲ့ ဆရာ'

မြတ်ဝင်းလဲ့မွန်၏ စကားအဆုံးတွင် ဒါရိုက်တာကြီး
မင်းဘီလူးမှာ တဟားဟားနှင့် အော်ရယ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'အို… ဆရာကလည်း ဘာဖြစ်လို့ရယ်ရတာလဲ။ ဒါဟာ ရယ်စရာမဟုတ်ဘူးလေ။ သမီးကို သူက စော်ကားပြုနေတာကို တိုင်နေတာ ဆရာရဲ့'

မြတ်ဝင်းလဲ့မွန်က မကျေနပ်သံနှင့် ပြောနေသည်။

'ဟ… တူမကြီးကို စော်ကားတဲ့စကား ဘယ်မှာပါလို့လဲ။ သူ့ဟာသူ နှာမွန်လို့ ချေပြီးပြောတဲ့ဟာ'

ဒါရိုက်တာကြီး မင်းဘီလူးမှာ သဘောမပေါက်ဟန်နှင့် မြတ်ဝင်းလဲ့မွန်ကို ပြန်ပြောနေသည်။

'အဲဒါပဲကြည့်တော့ ဦးလေးရေ၊ မင်းသမီးကတော့ ကျွန်တော် ဘာလုပ်လုပ် အပြစ်ပဲမြင်နေတာခင်ဗျ။ အဟီး…'

ချစ်ဦးမောင်က သူတော်ကောင်းလေသံနှင့် ပြောပြနေသည်။

'ဟုတ်သားပဲ တူမရယ်၊ သူက တူမကြီးကို စော်ကားမော်ကားပြောနေတာမှ မဟုတ်ဘဲ။ အကယ်ဒမီ ရွှေမင်းသမီးဆိုတာက တခြားမင်းသမီးတွေကို ဆိုလိုတာဖြစ်မှာပါလေ'



'ဟင့်အင်း…. သမီးကတော့ ဒီလိုမထင်ဘူး။ သမီးနားမှာလာပြီး တစ်ခါမကဘူး။ နှစ်ခါတောင် ဟတ်ချိုးဆိုပြီး ဟောတော့…'

မြတ်ဝင်းလဲ့မွန်မှာ ချစ်ဦးမောင်ချေသလို ပြန်၍ချေပြရာမှ အချေလွန်ကာ သူ့နှာခေါင်းတွင်းမှ နှပ်တွေပါ အပြင်သို့ ထွက်ကျလာခဲ့သည်။

ထိုမြင်ကွင်းကြောင့် အနီးမှာရှိနေကြသော လူများမှာ တဝါးဝါးနှင့် ပွဲကျကုန်ကြတော့သည်။

'ဟောကြည့်… သူတော်ကောင်းကို ပြစ်မှားလို့ ချက်ချင်းပဲ ဘုရားက ရိုက်လိုက်တာလေ။ အင်း… ဒီအရွယ်ထိအောင် နှပ်ချေးက မထိန်းနိုင်သေးဘဲကိုး။ ဟား… ဟား… ဟား… ဟား'

ချစ်ဦးမောင်က ပြောပြီး ရယ်နေသည်။

'ရှင်… ရှင်နော်… လူကိုလာပြီး မခဲချင်အောင် ပြောမနေနဲ့။ ကျွန်မ အရမ်းဒေါသထွက်လာပြီနော်။ ဟွန်း…'

ဒါရိုက်တာကြီး မင်းဘီလူးက ကြားမှ ဖျန်ဖြေရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'စိတ်မဆိုးပါနဲ့ တူမကြီးရယ်၊ သူက ချစ်လို့စတဲ့ဟာကို'

'ဘာ ချစ်လို့စတာလဲ။ သမီးကမှ သူ့ကိုမချစ်တာ အရမ်းကို မုန်းတာ သိလား'

'ဟော… ခုနင်က သင့်မြတ်ကြမလို့နဲ့ ဖြစ်နေရာက အခု ရန်ဖြစ်ကြပြန်ပြီ။ ကဲ… ကဲ… ဒီတော့ စကားတွေ ရှေ့မဆက်ကြနဲ့တော့။ အချိန်မကုန်ခင် ကျန်တဲ့ အခန်းတွေကို ရိုက်လိုက်ကြရအောင်လား'

ဒါရိုက်တာကြီး မင်းဘီလူး၏စကားများကြောင့် နှစ်ဦးသားမှာ ရန်ပွဲမှာ ဟတ်ပတိုင်းနှင့် ရပ်ဆိုင်းလိုက်ကြသည်။

❋ ❋ ❋



## အခန်း(၉)

Big Matchmaker ဝါ အောင်သွယ်တော်ကြီး

ဒါရိုက်တာကြီး မင်းဘီလူး၏ 'ချစ်ကြစို့ပျော်ပျော်' ရုပ်ရှင်ကားကြီးမှာ ပြီးဆုံးသွားပြီဖြစ်သည်။

ရုပ်ရှင်ကားကြီး ပြီးစီးသွားသော်လည်း ဒါရိုက်တာကြီး မင်းဘီလူးအတွက် မပြီးဆုံးသေးသော ကိစ္စတစ်ရပ်မှာ ကျန်ရှိနေသေးသည်။

ဒါကတော့ အခြားမဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သူတင်ခဲ့သော မင်းသား ချစ်ဦးမောင်နှင့် မင်းသမီး မြတ်ဝင်းလဲ့မွန်တို့ကိစ္စပင်။

သူတို့နှစ်ဦးကို အမုန်းကြီးမုန်းနေကြရာမှ သင့်မြတ်သွားစေချင်သည်။

သင့်မြတ်သွားစေရုံသာမကသေး။ တစ်ဦးနှင့်တစ်ဦး ချစ်ကြိုက်ကာ ရာသက်ပန်ဇနီးမောင်နှံဘဝသို့ ရောက်စေလိုသော ဆန္ဒပါ သူ့မှာ ရှိနေသည်။

အဘယ်ကြောင့် ဒါရိုက်တာကြီး မင်းဘီလူးတွင် ချစ်ဦးမောင်နှင့် မြတ်ဝင်းလဲ့မွန်တို့ ယခုလိုဆန္ဒမျိုး ရှိနေကြသနည်း။ အခြားကြောင့်မဟုတ်ပေ။

သူတင်ခဲ့သော မင်းသားချစ်ဦးမောင်နှင့် မင်းသမီး မြတ်ဝင်းလဲ့မွန်တို့ ကိစ္စပင်။

သူတို့နှစ်ဦးကို အမုန်းကြီးမုန်းနေကြရာမှ သင့်မြတ်သွားစေချင်သည်။

သင့်မြတ်သွားစေရုံသာမကသေး။ တစ်ဦးနှင့်တစ်ဦး ချစ်ကြိုက်ကာ ရာသက်ပန်ဇနီးမောင်နှံ ဘဝသို့ ရောက်စေလိုသော ဆန္ဒပါ သူ့မှာ ရှိနေသည်။





အဘယ်ကြောင့် ဒါရိုက်တာကြီး မင်းဘီလူးတွင် ချစ်ဦးမောင်နှင့် မြတ်ဝင်းလဲ့မွန်တို့ ယခုလိုဆန္ဒမျိုးရှိနေကြသနည်း။

အခြားကြောင့် မဟုတ်ပေ။

သူပွဲထုတ်ခဲ့သော ချစ်ဦးမောင်မှာ သူရိုက်ကူးခဲ့သော 'ချစ်ကြစို့ပျော်ပျော်' ဇာတ်ကားကြီးတွင် သရုပ်ဆောင်ခဲ့ရာတွင် အလွန်ကောင်းမွန်သောကြောင့်ပင်။

ထိုကားတစ်ကားတည်းနှင့်ပင် ချစ်ဦးမောင်မှာ အောင်မြင်ကျော်ကြားသော မင်းသားဖြစ်သွားမည်ကို သူ ကြိုနိုးသေသိနေ၍ပင်။

ကောင်းပြီ… ချစ်ဦးမောင်မှာ ပထမဆုံးပွဲဦးထွက်တစ်ကားတည်းနှင့် ကျော်ကြားရုံနှင့် မင်းသမီး မြတ်ဝင်းလဲ့မွန်၏ ချစ်သူဘဝသို့ရောက်အောင် မည်သည့်အကြောင်းကြောင့် ဖြစ်ပေါ်စေရသနည်း။

ဒါကလည်း ရှင်းပါသည်။

ချစ်ဦးမောင်မှာ အသောက်အစားနှင့် လောင်းကစားကင်းဝေးရုံမျှမက အလွန်ရိုးသားသူလည်းဖြစ်သည်။

သူ့အတွက် ချစ်ဦးမောင်မှာ တူသားတစ်ဦးလိုလည်း

www.burmeseclassic.com



ဖြစ်နေသည်။

တစ်ဖန် မြတ်ဝင်းလဲ့မွန်ကလည်း သူ၏သမီးကလေး လို ချစ်ခင်နေရသူဖြစ်သည်။

နာမည်ကြီး ရွှေမင်းသမီးဖြစ်နေစေကာမူ မြတ်ဝင်းလဲ့မွန်မှာ အနေအထိုင် အလွန်ပိရိသူကလေးမို့ အပြင်တွင် မည်သည့်အပုပ်နံ့သတင်းမှ ထွက်ရှိသူမဟုတ်ပေ။

သူမတွင် မိဘနှစ်ပါးလည်း မရှိရှာပေ။

သူ့ထံသို့ မြတ်ဝင်းလဲ့မွန်၏အဒေါ်က စောင့်ရှောက်ပေးရန် ပန်ကြားထားခဲ့သည်။

ထိုသို့သော အကြောင်းများကြောင့် မြတ်ဝင်းလဲ့မွန်ကို သူ ယုံကြည်စိတ်ချရရုံမျှမက မကြာမီ ရှန်းရှန်းတောက် မင်းသားအဖြစ် ကျော်ကြားလာတော့မည့် ချစ်ဦးမောင်နှင့် ပေးစားလိုစိတ်တွေ ဖြစ်ပေါ်နေခြင်းပင်။

သည်လိုဖြစ်အောင် သူက သူတို့ နှစ်ဦးအတွက် "Matchmaker" ဝါ အောင်သွယ်တော် လုပ်ပေးရတော့မည်။

'ဟုတ်တယ်… ဒီအကြံကောင်းတယ်။ ချစ်ဦးမောင် နဲ့ လဲ့မွန်တို့ နီးစပ်သွားအောင် ငါက ကြားကနေ





အောင်သွယ်ပေးမှ ဖြစ်တော့မယ်။ ဟဲ… ဟဲ'

ဒါရိုက်တာကြီး မင်းဘီလူးမှာ အထက်ပါအတိုင်း တွေးပြီး သူ့ဘာသာသူ တစ်ဦးတည်း ရေရွတ်နေမိသည်။

'အင်း… ဒီနှစ်ယောက်ကို သင့်မြတ်အောင် လုပ်ပေးဖို့က အစွရေးနဲ့ ဟာမတ်(ခ)အဖွဲ့ကို သင့်မြတ်အောင် လုပ်ပေး ရမှာထက်များ ခက်ခဲမလားမသိဘူး။ ဒီနှစ်ယောက်ကလည်း တွေ့လိုက်ကြတာနဲ့ သူဘု ငါ ဘောက်ဖြစ်နေကြတဲ့ဟာတွေလေ။ ဟွန်း… လွယ်တော့မလွယ်ဘူး။ ဒါပေမဲ့ မလွယ်ဘူးဆိုပြီး လက်လျှော့ထားလို့တော့ မဖြစ်ဘူးလေ။ အစွမ်းကုန်ကြိုးစားကြည့်ရမှာပဲ'

ဒါရိုက်တာကြီး မင်းဘီလူးမှာ အထက်ပါအတိုင်း တွေးရင်း ချစ်ဦးမောင်နှင့် လဲ့မွန်တို့ကို မည်သည့်နည်းနှင့် အောင်သွယ်လုပ်ပေးရမည်ကို အမျိုးမျိုး စဉ်းစားနေတော့သည်။

ချစ်ဦးမောင် ပထမဆုံးအကြိမ် ပါဝင်သော ချစ်ကြစို့ ပျော်ပျော်ကားကြီးမှာ ဒါရိုက်တာကြီး မင်းဘီလူး ထင်ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည့်အတိုင်း ပေါက်သွားခဲ့သည်။

မင်းသားသစ် ချစ်ဦးမောင်မှာလည်း ထိုတစ်ကားတည်းနှင့် စုပါမင်းသားဘဝသို့ ပရိုမိုးရှင်း တက်ကသွားတော့သည်။ သူတင်သော မင်းသား ချစ်ဦးမောင်ပါ တဟုန်ထိုး ကျော်ကြားမှုကြောင့် ဝမ်းသာမဆုံး ဖြစ်နေသည်။

သို့ဖြစ်၍ ဒါရိုက်တာကြီး မင်းဘီလူးမှာ ချစ်ဦးမောင် နေထိုင်ရာအိမ်သို့ ဖုန်းလှမ်းဆက်နေတော့သည်။

'ဟဲလို... ချစ်ဦးမောင်လား'

'ဟုတ်ပါတယ်၊ ဦးလေးဆက်နေတာလား'

'အေး... ဟုတ်တယ်'

'ဘာကိစ္စရှိလို့လဲ၊ ဦးလေး'

'ဘာကိစ္စမှ မရှိဘူး။ ငါ့ကားပေါက်သွားတာကို ပြောမလို့'

'ဗျာ... ဦးလေးကား ပေါက်တယ်'

'အေး... ဟုတ်တယ်၊ ငါ့ကားပေါက်သွားပြီကွ၊ ဟဲ... ဟဲ'

'ဦးလေးကတော့ ဖြစ်ရမယ်၊ ကားကိုသာစီးပြီး ကား





ဘီးတွေ ဘာတွေမှ မစစ်ဘဲကိုး။ ဦးလေးကား ဘယ်နားမှာ ပေါက်သွားတာလဲ။ ကျွန်တော်လာခဲ့ရမလား'

ချစ်ဦးမောင်မှာ ဒါရိုက်တာကြီး မင်းဘီလူးပြောသော စကားကို နားမလည်၍ ယခုလိုပြောနေခြင်းပင်။

'တယ်... ဒီအကောင်နဲ့တော့ ခက်နေပါပြီ။ ငါပြောတဲ့ ပေါက်တယ်ဆိုတာ ကားဘီးပေါက်တာကို ပြောနေတာ မဟုတ်ဘူး။ မင်း ပထမဆုံးပါတဲ့ဇာတ်ကား ပေါက်သွားလို့ ပြောတာ။ တို့ရုပ်ရှင်နယ်မှာ ပေါက်တယ်ဆိုတဲ့စကားဟာ အောင်မြင်တယ်လို့ ပြောကြတာကွ။ နားလည်ပြီလား'

'ဪ... ဒီလိုလား၊ ကျွန်တော်က လူသစ်ဆိုတော့ ဒီစကားအဓိပ္ပာယ်ကို နားမလည်ဘူးလေ။ ကားချည့်ပဲ ပေါက်သလား၊ ဦးလေးကော မပေါက်ဘူးလား၊ ဟဲ... ဟဲ...'

'ဟေ... မင်းစကားက ဘာစကားလဲ။ ငါက ဘာဆိုင်လို့ ပေါက်ရမှာလဲ'

'တခြားမဟုတ်ပါဘူး ဦးလေးရဲ့။ အသွားကြီးက



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကို အချစ်စမ်းတဲ့အနေနဲ့ ငရုတ်ကျည်ပွေ့နဲ့ ထုလိုက်လို့ ပေါက်သလားလို့ မေးမိတာပါ။ ဟား… ဟား… ဟား'

'တယ်… သေနာလေး၊ ဘာဆိုင်လို့ ငါ့မိန်းမက ငရုတ်ကျည်ပွေ့နဲ့ ထုရမှာလဲ။ မင်းကိုသာ လှဲ့မွှန်က ထုချင် ထုမှာပေါ့'

'အဲ… အဲ… လှဲ့မွှန်ဆိုလို့ သူကော ဦးလေးဇာတ်ကားအောင်မြင်တာ သိသွားပြီလား'

'ဒါတော့ ငါလည်းမပြောတတ်ဘူး။ မင်းပဲ သူ့ဆီကို ဖုန်းဆက်ပြီးမေးပါလား။ သူ့ဟဲန်းဒ်ဖုန်းနံပါတ်ကို မင်းအသိ သားပဲဟာ'

'သိပေမယ့် မဆက်ချင်ပါဘူး ဦးလေးရယ်။ သူနဲ့ ကျွန်တော်က သင့်မြတ်ကြတာမှ မဟုတ်ဘဲ။ ခွေးနဲ့ ကြောင်လို ကိုက်နေကြတဲ့ဟာ။ အဲ… အဲ… ကျွန်တော်က ကြောင်နော်။ ဟား… ဟား… ဟား'

'ဟော… လုပ်လိုက်ပြန်ပြီ။ မင်း အခုလို ရွှတ်နောက်နောက်လုပ်နေလို့ လှဲ့မွှန်နဲ့ မတည့်တာပေါ့။ ဒီတော့





မင်းက သဘောထားကြီးကြီးထားပြီး သူ့ဆီကိုသာ ဆက်လိုက်ကွာ။ ဆက်ရင်လည်း တည်တည်တံ့တံ့ ပြောပြီးဆက်။ ရွှတ်နောက်နောက်တွေတော့ မလုပ်နဲ့နော်။ ငါပြောချင်တာ ဒါပဲ'

ဒါရိုက်တာကြီး မင်းဘီလူးမှာ ပြောပြောဆိုဆိုနှင့် ဖုန်းကိုချသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

## အဝါကတ်နှင့် အနီကတ်ဟူသည်

'အဲ··· ဟုတ်သားပဲ။ ဦးလေး မင်းဘီလူးပြောမှ ငါလည်း ဆင်အော်မကို သတိရတယ်။ သူနဲ့ငါက ရုပ်ရှင်ရိုက်ပြီးကတည်းက မတွေ့ကြရတာ ကြာလှပြီပဲ။ သူနဲ့မတွေ့ကြရတော့ ရန်မဖြစ်ရတာလည်း ကြာတာပေါ့။ ဒီတော့ အပျင်းပြေ ဆင်အော်မ ဒေါကန်အောင် စလိုက်ဦးမှပဲ။ ဟား··· ဟား··· ဟား····'



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးမောင်မှာ မြတ်ဝင်းလှဲ့မွန်ကို သတိရသွားဟန်နှင့် အထက်ပါအတိုင်း ပြောကာ ရယ်နေသည်။

ပြီးတော့ သူသည် မြတ်ဝင်းလှဲ့မွန်၏ ဟဲန်းဒ်ဖုန်းနံပါတ်ကိုလှည့်ကာ သူ့အိမ်ကဖုန်းနှင့် ဆက်နေသည်။

'ဟဲလို… ပါပီမအိမ်ကလားခင်ဗျာ'

မြတ်ဝင်းလှဲ့မွန်၏ ဟဲန်းဒ်ဖုန်းကို ဆက်၍ရလျှင်ရချင်း ချစ်ဦးမောင်က ဗွေဆော်ဦး စတင်၍ နောက်လိုက်သည်။

'ဘာ ပါပီမလဲ၊ ရှင် ဘယ်သူလဲ'

မြတ်ဝင်းလှဲ့မွန်က ချစ်ဦးမောင်၏အသံကို မမှတ်မိ၍ အထက်ပါအတိုင်း ခပ်ထန်ထန် ပြန်မေးသည်။

'အဲ… အဲ… ဟုတ်ပါဘူး။ မှားလို့… မှားလို့… ဟို… ဟို… အကာယ်ဒမီကြေးချွတ်ဆေးဆိုင်များလားလို့ပါ။ အဟီး…'

'လာပြန်ပြီတစ်မျိုး၊ ဘယ်က အကာယ်ဒမီကြေးချွတ်ဆေးဆိုင်ကို ဆက်နေတာလဲ။ ဖုန်းမှားနေပြီ'

မြတ်ဝင်းလှဲ့မွန် ဒေါပွကာ ဟဲန်းဒ်ဖုန်းကို ပိတ်ရန်ပြင်သည်။





'ဟိုး… ဟိုး… ဆပ်ဘွတ်ကရိုး… ဖုန်းမပိတ်လိုက်ပါနဲ့ဦး ဆင်အော်မရယ်။ ကျုပ်က တမင်စလိုက်တာပါ။ ဟား… ဟား… ဟား…'

ထိုအခါကျမှ မြတ်ဝင်းလှဲ့မွန်မှာ ချစ်ဦးမောင်မှန်း သိသွားသည်။ ဒေါလည်းကန်သွားတော့သည်။

'သြော်… လက်စသတ်တော့ ကိုဇရက်သုတ်ခကြီးကိုး။ ဘာကိစ္စ ကျွန်မဆီကို ဖုန်းမဆက်စဖူး ဆက်လိုက်တာလဲ'

'ဆက်ဆို ခင်ဗျားကို မတွေ့ရတာကြာလို့ စိတ်ထဲမှာ လွမ်းသလိုလိုဆွေးသလိုလိုကြီးဖြစ်ပြီး အောက်မေ့လို့ပေါ့။ နေကောင်းတယ်နော်။ ကြက်ငှက်တုပ်ကွေးရောဂါတွေ ခင်ဗျား မဖြစ်သေးဘူး မဟုတ်လား။ ဟား… ဟား… ဟား… ဟား…'

ချစ်ဦးမောင်က စ,နေတော့သည်။

'ဘာ… ကြက်ငှက်တုပ်ကွေးရောဂါလဲ၊ ရှင်သာ အဲဒီရောဂါဖြစ်ပြီး မြန်မြန်သေမှာ၊ သိလား'

'ဟာဗျာ… ခင်ဗျားကလည်း ဒေါချည့်ပဲ။ ကျုပ်တော်



www.burmeseclassic.com

www.burmeseclassic.com



က စိုးရိမ်လို့ မေးကြည့်တဲ့ဟာ။ အခုတလော ကမ္ဘာပေါ်မှာ Bird Flu လို့ခေါ်တဲ့ ကြက်ငှက်တုပ်ကွေး ရောဂါတွေက ဖြစ်နေလို့ ကျွန်တော်က စိုးရိမ်ပြီး မေးတဲ့ဟာပဲ… ဟာပဲ… ဟဲ… ဟဲ…'

'တော်စမ်းပါ… စောစောစီးစီး သူများ မင်္ဂလာယူနေတဲ့အချိန်မှာ ရှင်က အမင်္ဂလာစကားတွေ လာပြောမနေနဲ့။ ကျွန်မ နားမထောင်ချင်ဘူး။ တခြား ပြောစရာစကားတွေမရှိရင် ကျွန်မ ဖုန်းချလိုက်တော့မယ်'

'အာ… အာ… ဖုန်းမချလိုက်ပါနဲ့ဦး။ ခင်ဗျားကို ပြောချင်တဲ့စကားတွေ ရှိနေလို့ သည်းခံပြီး နားထောင်ပါဦး'

'ပြောချင်ရင် တည်တည်တံ့တံ့ပြောပါ။ ရွှတ်တီး ရွှတ်တတ်တွေပြောရင် ဖုန်းပိတ်ပစ်မယ် သိလား'

'အိုကေ… အိုကေ… ကောင်းကောင်းပြောပါ့မယ်။ ဒီလိုဗျ… စောစောက ဒါရိုက်တာကြီး မင်းသရဲ အဲလေ… ယောင်လို့၊ မင်းဘီလူးက ဖုန်းဆက်တယ်ဗျ'





'သူက ဘာအတွက် ဆက်ရတာလဲ'

'တခြားတော့ မဟုတ်ပါဘူး။ ခင်ဗျားနဲ့ ကျွန်တော် ဘယ်နေ့ လက်ထပ်ကြမလဲတဲ့။ ဟား… ဟား… ဟား… ဟား…'

ချစ်ဦးမောင်စကားကြောင့် မြတ်ဝင်းလဲ့မွန်မှာ ဒေါပွသွားသည်။

'ရှင်နော်…. မဟုတ်တာတွေ လာပြောမနေနဲ့။ ဖုန်းကို ပိတ်ပစ်လိုက်ရမလား'

'ဟဲ… ဟဲ… ကျွန်တော်က အလကားနောက်နေတာပါဗျ'

'ဒါဖြင့် ကောင်းကောင်းပြောစမ်း၊ ဆရာမင်းဘီလူးက ဘာတွေပြောခဲ့သလဲ'

မြတ်ဝင်းလဲ့မွန်က စိတ်ဝင်စားသံနှင့် ပြန်မေးနေသည်။

'ဩော်… ဒီလိုပါ၊ ကျွန်တော်တို့ရဲ့ ပထမကား ချစ်ကြစို့ပျော်ပျော်ဓာတ်ကားကြီးဟာ ပျောက်သွားတယ်တဲ့။ အဲ… ဟုတ်ပါဘူး၊ ပေါက်သွားတယ်တဲ့ ခင်ဗျ။ ခင်ဗျား ဝမ်းမသာဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'သာပါတယ်လေ၊ ရှင်တစ်ယောက်တည်း ပါခဲ့တဲ့ ဇာတ်ကားမှ မဟုတ်ဘဲ။ ကျွန်မလည်းပါတော့ ဝမ်းသာရမှာပေါ့။ နောက်ကော ဘာပြောသေးသလဲ'

'အင်း… နောက်ဆက်တွဲ သူပြောတာက သူပြောတာက ဟဲ… ဟဲ… ခင်ဗျားကိုပြောလို့ မသင့်ဘူး ထင်တယ်'

'အောင်မယ်… အိုက်တင်ခံနေလိုက်တာ။ ဘာစကားမျိုးမို့လဲ၊ ပြောစမ်း'

'ဟုတ်ကဲ့… အရမ်းသိချင်ရင်လည်း ပြောပြပါ့မယ်။ သူက အဲဒီကားမှာ ခင်ဗျားထက် ကျွန်တော် သရုပ်ဆောင်တာက ပိုပြီးပီပြင်သတဲ့ခင်ဗျ။ အဟီး…'

'သွားစမ်းပါ… ဆရာကတော့ ဒီလိုပြောမယ် မထင်ပါဘူး။ ရှင့်ဘာသာ ကိုယ့်ဘက်ကိုယ်ယက်ပြီး အသားယူလိုက်တာပါ။ ကျွန်မတော့ မယုံရေးချ မယုံထဲကပဲ'

'မယုံမရှိနဲ့ လုံတမိရေ၊ ဦးလေးက အကုန်သိလို့ ပြောနေတာ။ ပြီးတော့ ဒီစကားဟာ ဒါရိုက်တာရဲ့အမြင်နဲ့ ပြောနေတာမဟုတ်ဘူး။ ပွဲကြည့်ပရိသတ်တွေရဲ့ ဝေဖန်ချက်တွေတဲ့ ခင်ဗျ။ အဲ… ပြီးတော့ ခင်ဗျားနဲ့ ကျွန်တော် ချစ်သူတွေအဖြစ် သရုပ်ဆောင်တဲ့နေရာမှာလည်း ဥပမာ်စာတို့၊ အွန်စာတို့ သရုပ်ဆောင်တာထက် ပိုပြီးတော်ကြတယ်တဲ့။ အထူးသဖြင့် ခင်ဗျားနဲ့ ကျွန်တော် တစ်ဦးကိုတစ်ဦး ပွေ့ဖက်ထားကြပုံကလည်း ရုပ်ရှင်ထဲမှာ သရုပ်ဆောင်တာနဲ့မတူဘဲ အပြင်မှာ တကယ့်ချစ်သူတွေလို အရမ်းသဘာဝကျတယ်ဆိုပဲ။ ဟဲ… ဟဲ… ဟဲ…'



ချစ်ဦးမောင်မှာ အစွမ်းကုန်ဖြီးဖြန်း၍ အသားယူကာ ပြောနေသည်။

မြတ်ဝင်းလဲ့မွန်ကတော့ ချစ်ဦးမောင်ပြောနေသော စကားများကို နားထောင်ရင်း ယုံရအခက် မယုံရအခက်ဖြစ်နေသည်။

'ရှင် အခုပြောနေတာတွေဟာ အမှန်တွေလား၊ ဒါမှမဟုတ် မဟုတ်မဟတ် လုပ်ဇာတ်တွေလား'

'အယိုယို… ဘယ်ကလာ မဟုတ်မဟတ် လုပ်ဇာတ်

www.burmeseclassic.com

www.burmeseclassic.com



ရမှာလဲ၊ ဦးလေးပြောခဲ့တာတွေကို ကြားရတဲ့အတိုင်း တစ်ဆင့် ပြန်ပြောပြနေတာ။ အင်္ဂလိပ်စကားနဲ့ဆိုတော့ **ရီတိုး** လုပ်နေတာပေါ့ဗျာ။ အဲဒါကို မယုံဘူးဆိုရင် ဒါရိုက်တာကြီးကို မေးကြည့်ပေါ့'

'စိတ်ချ… ဆရာနဲ့တွေ့ရင် မေးကို မေးကြည့်မယ်။ ဟုတ်ရင်ဟုတ်။ မဟုတ်ရင်တော့ ရှင်နာပြီသာမှတ်'

'ကောင်းပြီလေ … ကျွန်တော် အခုပြောနေတာ မဟုတ်ဘူးဆိုရင် ကြိုက်သလိုလုပ်။ အဲ… ဟုတ်တယ်ဆိုရင်တော့ ကျွန်တော့်ကို လက်ထပ်ပြီး ယူရမယ်နော်။ ဟား…'ဟား… ဟား…'

ချစ်ဦးမောင်၏ စကားများကြောင့် မြတ်ဝင်းလဲ့မှာ ဒေါပွခဲ့ရပြန်သည်။

'ဒါက ဘာစကားလဲ၊ ရှင့်လိုလူကို ယူဖို့ဖယ်ထား၊ ချစ်ဖို့တောင် စိတ်ကူးမရှိသေးဘူး။ အမုန်းတွေသာ ရှင့်အပေါ်မှာ ကမ္ဘာလောင်စာဆီစျေးနှုန်းတွေလို တစ်နေ့တခြား ကြီးထွားပြီး အမုန်းပွားနေတာရှင့်။ ဒီတော့ စိတ်ကူးယဉ်အိပ်မက်တွေ မက်မနေနဲ့။ သိလား'





'ခင်ဗျား မုန်းတယ်ဆိုတာ ဘယ်လိုအမုန်းမျိုးလဲ။ ပြောစမ်း'

'အိုး… မုန်းတယ်ဆိုမှတော့ မုန်းတာပဲပေါ့။ မုန်းတာတွေကို အမျိုးအစားခွဲပြဖို့ လိုသေးလို့လား'

'လိုတာပေါ့… ကျွန်တော်သိချင်တာက ကျွန်တော့်ကိုခင်ဗျား မုန်းတယ်ဆိုတာ **အဝါကတ်ပြပြီး မုန်းတာလား**၊ ဒါမှမဟုတ် **အနီကတ်ပြပြီး မုန်းတာလား** ဆိုတာပဲ'

'အလို… ရှင်ပြောတဲ့စကားတွေ ကျွန်မ နားမလည်ဘူး။ အဲဒါတွေက ဘာတွေလဲ။ အဝါကတ်တွေရော၊ အနီကတ်တွေရော ရှုပ်နေတာပဲ။ ရှင်ပြောတဲ့စကားတွေကိုရော ရှင်ကိုယ်တိုင်နားလည်ရဲ့လား၊ ဟွင်း…'

'လည်ပါတယ်ဗျာ။ အဲဒါတွေက ဘောလုံးပွဲစကားတွေလေ။ ခင်ဗျားအနေနဲ့ ဘောလုံးပွဲမကြည့်ဖူးပေမယ့် ဒီစကားတွေကိုတော့ ကြားဖူးမှာပါ။ ဟုတ်တယ်မဟုတ်လား'

'ကြားဖူးပေမယ့် ရှင်ပြောတာကို နားမလည်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ရှင်ပဲ ရှင်းပြစမ်းပါ’

‘ကောင်းပြီ… ပြောပြမယ်။ ဘောလုံးပွဲကစားကြတဲ့အခါ ဘောသမားတစ်ဦးဟာ တခြားကစားနေတဲ့တစ်ဦးကို ကြမ်းတမ်းစွာ ကစားမိရင် သူ့ကို ကွင်းလယ်ဒိုင်လူကြီးက ပထမအကြိမ် သတိပေးတဲ့အနေနဲ့ အဝါကတ်ကို ထုတ်ပြလိုက်တယ်။ အဲ… ဒီဘောသမားဟာ ဒုတိယအကြိမ် အပြစ်ကို ကျူးလွန်ဦးမယ်ဆိုရင်တော့ သူ့ကို နောက်တစ်ကြိမ် အဝါကတ်ပြရင်း တဆက်တည်းမှာ အနီကတ်ကိုပါထုတ်ပြပြီး သူ့ကို ဆက်ကစားခွင့်မပြုတော့ဘဲ ကွင်းထဲက ထုတ်ပစ်လိုက်တယ်။ အဲဒီ ဘောပွဲစည်းကမ်းဥပဒေအတိုင်း အခုလည်း ခင်ဗျားက ကျွန်တော့်ကိုမှန်းတယ်ဆိုတာ ကွင်းလယ်ဒိုင်လူကြီးက ဘောသမားကို အဝါကတ်တစ်ကြိမ် ထုတ်ပြသလို မှန်းတာလား၊ အဲဒီလို မှန်းတာမျိုးဆိုရင် ခင်ဗျားရဲ့ အချစ်ကိုရဖို့ ဆက်ပြီး ကြိုးစားနိုင်သေးတယ်။ အဝါကတ်နှစ်ကြိမ် ဒါမှမဟုတ် တိုက်ရိုက်အနီကတ်အပြခံရမယ်ဆိုရင်တော့ ဘောလုံးသမားဟာ ကစားခွင့်ကိုမရတော့ဘဲ ကွင်းထဲကထွက်သွားခဲ့ရသလို ကျွန်တော့်မှာလည်း ခင်ဗျားရဲ့အချစ်ကို ဆက်ပြီးကြိုးစားခွင့်မရတော့ဘဲ **Hopeless** နဲ့ နှုတ်ဆက်ကာ ထွက်သွားရမှာပဲ။ အဲဒါကြောင့် ခင်ဗျားရဲ့အမုန်းဟာ အဝါကတ်တစ်ကြိမ်သာပြတဲ့ အမုန်းလား၊ နှစ်ဝါတစ်နီနဲ့ပြတဲ့ အမုန်းလားလို့ သိချင်လို့ပါ။ ရှင်းပြီလား။ ဟဲ… ဟဲ…’

‘ဩော်… ဒီလိုအဓိပ္ပာယ်နဲ့ မေးနေတာလား’

‘ဟုတ်တယ်’

‘အင်း… ရှင့်အမေးကို ဖြေရမယ်ဆိုရင် ရှင့်ကို တွေ့စကဆို အနီကတ်ကို တိုက်ရိုက်ထုတ်ပြမိမှာပဲ။ ဒါပေမဲ့ အခုတော့ ရှင်နဲ့ ရုပ်ရှင်ကို နှစ်လကျော်လောက် အတူတွဲရိုက်လာခဲ့ရတော့ ရှင့်သဘောကို နည်းနည်းပါးပါး သိလာတယ်’

‘ဘယ်လိုသိလာတာလဲဗျာ’

‘ဒီလိုလေ… ရှင်ဟာ စကားပြောပုံဆိုပုံတွေက ထောင့်မကျိုးပေမယ့် စိတ်သဘောထားကတော့ မဆိုး







www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုတာရယ်၊ စကားပြောရင် ရှက်နောက်နောက် ပြောတတ်ပေမယ့် ရှင်ဟာ အသောက်အစား လောင်း ကစားကင်းပြီး ရိုးရိုးသားသားနေတတ်တယ် ဆိုတာ ကို သိရလို့ အနီကတ်အစား အဝါကတ်တစ်ကြိမ်ပဲ ပြလိုက်ပါ့မယ်ရှင်။ ကျေနပ်ပြီလား။ ခစ်... ခစ်'

'ဟာ... ဒီစကားကြားရတာ ဝမ်းသာလိုက်တာဗျာ။ ဒါဆိုရင် ကျွန်တော်က ကွင်းထဲက ထွက်မသွားရ သေးဘဲ ခင်ဗျားကို ဆက်ပြီးကန်ခွင့်ရှိတာပေါ့နော်'

'ဘာပြောတယ်ရှင့်'

'အဲ... အဲ... ဆောရီး၊ ဘောလုံးနဲ့ ရောသွားလို့ပါ။ ခင်ဗျားရဲ့ မေတ္တာကိုရအောင် ဆက်ပြီး ကြိုးစားခွင့် ရှိတာပေါ့ နော်... နော်...'

'နော်မနေနဲ့၊ တော်တော့'

မြတ်ဝင်းလဲ့မွန်မှာ ပြောပြောဆိုဆိုနှင့် သူမ၏လက် မှ ဟဲန်းဒ်ဖုန်းကို ပိတ်ပစ်လိုက်တော့သည်။

'ဟောဗျ... စကားတောင် ပြောလို့မပြီးသေးဘူး။ ဖုန်းကို ပိတ်ပစ်လိုက်ပြီကိုး'

❖ ❖ ❖



## အခန်း(၁၀)

ချစ်ခြင်းအစ ခေါင်းကွဲခြင်းကသော

တစ်လခန့်အကြာတွင် ချစ်ဦးမောင်မှာ မြတ်ဝင်းလဲ့မွန် နှင့်ပင် ဒါရိုက်တာကြီး မင်းဘိုလူး၏ ရုပ်ရှင်ကားကြီးကို ရိုက်ကြရန် ပြင်သည်။

ပထမ တစ်ပတ်ခန့်တွင်တော့ သူတို့၏ စတူဒီယိုခြံထဲ တွင်မရိုက်ကြဘဲ ဇာတ်လမ်းအရ On Location ခေါ် နယ်သို့ ထွက်ရိုက်ခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးမောင်နှင့် မြတ်ဝင်းလှဲမွှန်တို့မှာလည်း ပထမ ရိုက်ကူးခဲ့သော ရုပ်ရှင်ကားကလို တစ်ဦးနှင့်တစ်ဦး ဘုဘောက် မကျတော့ပေ။

သို့သော် ချစ်ခင်သင့်မြတ်သွားခြင်းတော့ မရှိသေးပါ။ နယ်သို့ တစ်ပတ်ခန့်သွားရိုက်ခဲ့ကြပြီး ကျန်ဇာတ်ဝင်ခန်းများအတွက် သူတို့၏ စတူဒီယိုခြံကြီးထဲတွင် ဆက်တင်ဆောက်နေကြသည်။

ထိုဆက်တင်ဆောက်နေရ၍ သုံးရက်ခန့်တော့ ကြာသွားခဲ့သည်။

အမှန်တော့ ဇာတ်ဝင်ခန်းအတွက် ဆက်တင်ကိုဆောက်ရာတွင် တစ်ပတ်ခန့် ကြာနိုင်သည်။

သို့သော် ဒါရိုက်တာကြီး မင်းဘိလှူးက သုံးရက်နှင့်ပြီးစီးအောင် ဆောက်ရမည်ဆို၍ အမြန်ဆောက်ပေးလိုက်ရခြင်းပင်။

ထိုနေ့က ရိုက်ကြသည့် ဇာတ်ဝင်ခန်းမှာ-

မင်းသမီး မြတ်ဝင်းလှဲမွှန်ကို လူဆိုးများက အိမ်ခန်းတစ်ခန်းထဲတွင် ပြန်ပေးဆွဲထားပြီး မင်းသားချစ်ဦးမောင်က





လူဆိုးများနှင့် ဖိုက်ကာ ကယ်ဆယ်ရမည့်အခန်းဖြစ်သည်။

ဇာတ်ကား စရိုက်သောအခါ မင်းသမီး မြတ်ဝင်းလှဲမွှန်ကို တိုင်တစ်တိုင်၌ ကြိုးနှင့် လူဆိုးများက တုပ်ထားကြသည်။

လူဆိုးစုစုပေါင်း လေးဦးရှိသည်။

ချစ်ဦးမောင်က လူဆိုးများရှိရာသို့ ရောက်လာပြီး လူဆိုးများနှင့် ဖိုက်ကြသည်။

တစ်ကြိမ်တွင် ချစ်ဦးမောင်က လူဆိုးတစ်ဦး၏မေးစေ့ကို နော့ခ်ကောက်တ် ချလိုက်သည်။

လူဆိုးကလည်း သရုပ်ပါပါနှင့် နောက်ပြန်လဲကျပြသည်။

သို့သော် လူဆိုးမှာ အရှိန်လွန်ကာ မြတ်ဝင်းလှဲမွှန်ကို ကြိုးချည်ထားခဲ့သောတိုင်နှင့် သွား၍ဆောင့်မိတော့သည်။

ဤတွင် ဆက်တင်ကို အလျင်စလို ဆောက်လုပ်ထားမှုကြောင့် ယခုလို လူဆိုး၏ခေါင်းနှင့် တိုင်ကို ဆောက်မိသောအခါတွင် တိုင်မှာ လှုပ်ယမ်းကာသွားပြီး အပေါ်မှ လေးလက်မ ဝတ်လည် သစ်သားတုတ်ချောင်းကြီးမှာ ပြုတ်ကျ၍လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပြုတ်ကျသွားသော သစ်သားတုတ်ချောင်းကြီးမှာ အောက်တွင်ရှိနေသော မြတ်ဝင်းလှဲ့မွန်၏ ဦးခေါင်းပေါ်သို့ တည့်တည့်မတ်မတ် ကျလာခဲ့သည်။

ဒါကို ချစ်ဦးမောင်က မြင်လိုက်သည်။

သို့ဖြစ်၍ သူသည် 'လှဲ့မွန် သတိထား' ဟူ၍ စိုးရိမ်တကြီးနှင့် အော်ပြောရင်း မြတ်ဝင်းလှဲ့မွန်၏ ဦးခေါင်းကို မထိမိစေရန် သူ၏တစ်ကိုယ်လုံးနှင့် ကာကွယ်ထားလိုက်သည်။

ဤတွင် အပေါ်မှပြုတ်ကျလာသော သစ်သားချောင်းကြီးမှာ ချစ်ဦးမောင်ခေါင်းပေါ်သို့ ဒုတ်ခနဲမြည်အောင် ထိမှန်သွားသည်။

ချစ်ဦးမောင်မှာလည်း အားခနဲ နာကျင်သံနှင့်အတူ မျက်စိထဲတွင် မဟာပထဝီမြေကြီး ချာလည်လည်သလို ခံစားရပြီး သတိမေ့မြောသွားခဲ့သည်။

သူ၏ဦးခေါင်းမှလည်း သွေးတွေမှာ ဖြာခနဲယိုစီး၍ ကျလာခဲ့သည်။

'ဟဲ့… ဟဲ့… လုပ်ကြပါဦး။ ချစ်ဦးမောင်ရဲ့ ခေါင်းပေါ် သစ်သားတန်းကြီး ပြုတ်ကျလာပြီ။ ဒုက္ခပါပဲ'





ဒါရိုက်တာကြီး မင်းဘီလူးမှာ အထက်ပါအတိုင်း စိုးရိမ်တကြီးနှင့် အော်ဟစ်ရင်း သူ့မှာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ လေထဲ၌ တန်းလန်းကြီးဖြစ်နေသည်။

အဲလေ… ယောင်လို့၊ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရှာသည်။

အနီးရှိ ရုပ်ရှင်သမားများက သစ်သားတန်းကြီးကို ဖယ်၍ ချစ်ဦးမောင်ကို ဆွဲပွေ့ခဲ့ကြသည်။

'တူမကြီး… နင်ကော ဘယ်ကို ထိခိုက်သွားသလဲ'

ဒါရိုက်တာကြီး မင်းဘီလူးက မြတ်ဝင်းလှဲ့မွန်ကို စိုးရိမ်စိတ်နှင့် လှမ်းမေးနေသည်။

'သမီး ဘာမှမဖြစ်ပါဘူး။ သမီးကိုယ်စား ကိုချစ်ဦးမောင်က ဝင်ခံလိုက်လို့ လွတ်သွားတာပေါ့။ သူ့ခေါင်းပေါ်ကိုကျတဲ့ သစ်သားတန်းကြီးဟာ တော်တော်ကြီးတယ်။ ဦးနှောက်တွေဘာတွေများ ထိခိုက်သွားမလား မသိဘူး။ သတိကလည်း မေ့နေတယ်။ သွေးတွေကလည်း အရမ်းထွက်နေလို့ ဆေးရုံပို့မှ ဖြစ်မယ်ထင်တယ် ဆရာ'



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဝင်းလှဲ့မွန်က စိုးရိမ်သံကလေးနှင့် ပြောနေသည်။ သူမစိတ်ထဲတွင်လည်း အလွန်ထိခိုက်သွားခဲ့သည်။ အမှန်ဆိုလျှင် ချစ်ဦးမောင်အစား သူမသာ ထိခိုက်ခံရမည်ဖြစ်သည်။

ယခုမူ ချစ်ဦးမောင်က ဖြစ်ပေါ်မည့်အန္တရာယ်ကို အမှုမထားဘဲ အခုလို သူမကိုယ်စား ဝင်ခံခြင်းပင်။

'ဟုတ်တယ်… ဒီကောင့်ဒဏ်ရာက ပြင်းပုံရတယ်။ ကဲ… ကဲ… သူ့ကို ငါ့ကားပေါ်တင်လိုက်ကြ။ ဒီအနားမှာရှိတဲ့ ငါ့မိတ်ဆွေ ဒေါက်တာတိုးဝင်းရဲ့ ဆေးခန်းဆီကို အရင်ပြကြည့်ကြရမယ်'

'ဒါဆို သမီးလည်း ဆရာ့ကားနဲ့ အတူလိုက်ခဲ့မယ်နော်'

မြတ်ဝင်းလှဲ့မွန်ကလည်း ဒါရိုက်တာကြီး မင်းဘီလူးကို လှမ်းပြောနေသည်။

'ငါ့ကားနဲ့ လိုက်မနေပါနဲ့။ သမီးရဲ့ကားနဲ့ပဲ လိုက်ခဲ့ပါလေ'

'ဟာ… ဆရာကလည်း သမီးရဲ့ကိုယ်စား သူဝင်ခံ



လိုက်တာမို့ သူ့ကို သမီးကိုယ်တိုင် ပွေ့ဖက်ထားပြီး ဆေးခန်းကို လိုက်မယ်။ သမီးရဲ့ကားကိုတော့ ဒရိုင်ဘာကပဲ နောက်ကမောင်းပြီး လိုက်ခိုင်းမယ်'

ချစ်ဦးမောင်အပေါ်၌ထားသော မြတ်ဝင်းလှဲ့မွန်၏ စိတ်သဘောထားများကား အပြောင်းလဲကြီး ပြောင်းလဲသွားပြီတကား။

ယခင်က ကြည့်မရအောင် အမုန်းကြီးမုန်းခဲ့မိသော ချစ်ဦးမောင်အား ယခုတော့ သနားကရုဏာတွေ သက်ဝင်ရာမှ မေတ္တာတွေ ပွားသွားပြီလော။

ချစ်ခြင်းအစ မျက်စိကဟူသော စကားအစား ချစ်ခြင်းအစ ခေါင်းကွဲခြင်းကဟု ဆိုရမလို ဖြစ်နေပြီလား။

'ဝါး… ဟား… ဟား… ဟား'

ဒါရိုက်တာကြီး မင်းဘီလူးမှာ သူ့မိတ်ဆွေ ဒေါက်တာတိုးဝင်း၏ ဆေးခန်းသို့အရောက်တွင် သူက အရင်ဆင်းသွားသည်။

ဆေးခန်းထဲတွင် မဂ္ဂဇင်းတစ်အုပ်ကို ဖတ်နေသော သူနာပြုဆရာမကလေးကို တွေ့လျှင် မေးကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာမ… ဒေါက်တာတိုးဝင်း မရှိဘူးလား။ လူနာ ကားပေါ်မှာ ပါလာလို့ပါ'

သူ၏အမေးကို မဂ္ဂဇင်းစာအုပ်ကို ဖတ်နေသော သူနာပြုဆရာမက ပြန်ဖြေသည်။

'အခု ဆရာ မရှိပါဘူးရှင်'

'ဟောဗျ… သူ ဘယ်သွားနေလို့လဲ။ ဘယ်အချိန်လောက် ပြန်လာမှာလဲ ဆရာမ'

'အဲဒါတော့ သမီးလည်း မသိဘူး။ ဆရာတိုးဝင်းဟာ အခုလို ညနေတိုင်း သူ့ဇနီးကို ကန်တော်ကြီးဘက်ကို ခေါ်သွား လေ့ရှိတယ် ဘဘ'

'ဟေ… လင်မယားအဖြစ် ပေါင်းသင်းနေကြတာပဲ နှစ်ပေါင်းကို မနည်းတော့ဘူး။ အခုကျမှ ဘာလို့ ကန်တော်ကြီးကို တခြားသမီးရည်းစားတွေလို သွားကြရတာလဲ။ ဧကန္တ သူငယ်ပြန်ချင်နေကြပြီ ထင်တယ်။ ဟား…ဟား…ဟား…'

'ဟာ… မဟုတ်ဘူး ဘဘ။ ဆရာတိုးဝင်းက သူ့ဇနီးကို ကန်တော်ကြီးခေါ်သွားတာ တခြားကြောင့်





မဟုတ်ပါဘူး။ သူ့ချစ်ဇနီးကလေး လေကောင်းလေသန့်ရှူရအောင် ခေါ်သွားနေတာပါ။ သူငယ်ပြန်ချင်လို့ မဟုတ်ပါဘူး'

'ဟာ… ဒါဆို ဒုက္ခပဲ၊ ငါ့လူနာက အရေးတကြီးဆေးကုဖို့ လိုအပ်နေလို့ အချိန်ကြာနေလို့ မဖြစ်ဘူး။ ဒေါက် တာတိုးဝင်း မရှိရင်တော့ ရန်ကုန်ဆေးရုံကြီးက အရေးပေါ်ဌာနကို အမြန်ခေါ်သွားမှ ဖြစ်တော့မယ်။ တောက်… ဒီဆရာဝန်တိုးဝင်းဟာ ဆေးခန်းကိုပစ်ပြီး သူ့မိန်းမရဲ့ ကျန်းမာရေးကိုသာ ဦးစားပေးနေတာကိုး။ ဩော်…ဤလည်း တစ်ဒုက္ခပါကလား'

ဒါရိုက်တာ မင်းဘီလူးမှာ စိတ်ပျက်သံနှင့်ပြောရင်း ဆေးခန်းမှ လှည့်ထွက်လာခဲ့သည်။

ပြီးတော့ ရန်ကုန်ဆေးရုံကြီးတွင်ရှိ အရေးပေါ်ကုသရေးဌာနသို့ သူ၏ကားနှင့် အမြန်သွားခဲ့ကြသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၂)

## အချစ် ပယ်နယ်တီပေးသူ

ချစ်ဦးမောင်၏ ဒဏ်ရာရခဲ့သော ဦးခေါင်းကို ဓာတ်မှန်ရိုက်ကြည့်ရာတွင် ဦးနှောက်တို့ ထိခိုက်ခြင်းမရှိကြောင်း သိရသည်။

သို့သော် သူ၏ဦးခေါင်းမှ ဒဏ်ရာကိုတော့ ရှစ်ချက်ခန့် ချုပ်ပေးလိုက်ရသည်။

သူ့ကိုလည်း ဆေးရုံကြီးတွင်ရှိ သီးသန့်ခန်းသို့ တင်ထားလိုက်သည်။



www.burmeseclassic.com

'ကဲ… တူမကြီး၊ မောင်ချစ်ဦးမောင်ဒဏ်ရာက မစိုးရိမ်ရတော့ပါဘူးတဲ့။ ဒီတော့ ငါ့တူမ အမြန်ပြန်လို့ရပါပြီကွယ်'

ဒါရိုက်တာကြီး မင်းဘီလူးက မြတ်ဝင်းလဲ့မွန်ကို ပြောနေသည်။

'ကိစ္စမရှိဘူး ဆရာ။ သမီး မပြန်သေးပါဘူး။ ကိုချစ်ဦးမောင် သတိရအောင် စောင့်ကြည့်ဦးမယ်'

မြတ်ဝင်းလဲ့မွန်မှာ ချစ်ဦးမောင်ကို စိတ်မချသေးသဖြင့် ယခုလို ပြန်ပြောနေခြင်းပင်။

ဒါရိုက်တာကြီး မင်းဘီလူးမှာ မြတ်ဝင်းလဲ့မွန်ပြောစကားများကို နားထောင်ပြီး အောက်ပါအတိုင်း ပြောနေတော့သည်။

'အင်း… တူမကြီးတို့နှစ်ယောက်ဟာ မသင့်မြတ်ခင်တုန်းကတော့ မျက်နှာချင်းဆိုင်မိကြတာနဲ့ ထကိုက်ကြတော့မယ့်အတိုင်း၊ အဲ… ဟုတ်ပါဘူး၊ ယောင်လို့၊ ထပြီး ရိုက်ကြတော့မယ့်အတိုင်းပဲ။ ဟော… အခုကျတော့လည်း စိတ်ထားတွေပြောင်းပြီး သင့်မြတ်ခဲ့ရုံ





မကဘူး။ မေတ္တာခက်တွေပါ လက်ရှိကုန်ဈေးနှုန်းတွေအတိုင်း အရှိန်အရှိန်ကို မြင့်တက်နေကြပြီကိုး။ ဟား… ဟား… ဟား… ဟား…'

'ဆရာကတော့ မဟုတ်တာတွေ ပြောနေပြန်ပါပြီ။ သမီးက ဆရာထင်နေသလို မဟုတ်ပါဘူး။ ဒါပေမဲ့ သမီးကိုယ်စား သူကခံခဲ့လို့ သူ့ကို ကျေးဇူးတင်တဲ့အနေနဲ့ သူ သတိရအောင် သူ့ဘေးမှာ စောင့်ကြည့်နေတာပါနော်'

မြတ်ဝင်းလဲ့မွန်က ရှက်သံကလေးနှင့် ပြန်ပြောနေသည်။

'အေးလေ… ဘာပဲဖြစ်ဖြစ် အခုလို တူမကြီးက သူ့အပေါ်မှာ အမုန်းစိတ်မထားတော့ဘဲ မေတ္တာစိတ်တွေထားတာဟာ အလွန်ကောင်းပါတယ်။ အမုန်းတော့ မုန်းတီးမှုဆိုတာ မကောင်းတဲ့ရောဂါဆိုးကြီးတစ်မျိုးပါ။ လူသားအချင်းချင်း အမုန်းမထားဘဲ နှလုံးသားမှာ အပြုံးပွားခြင်းကသာ ကောင်းမြတ်သော မင်္ဂလာတစ်ပါးပေါ့ကွယ်။ တူမကြီးဆီက ဒီ

www.burmeseclassic.com



စကားကြားရတာ ဆရာ ဝမ်းသာပါတယ်ကွယ်။

ဟဲ... ဟဲ...'

ဒါရိုက်တာကြီး မင်းဘီလူးမှာ ကျေနပ်သံကြီးနှင့် ပြောရင်း ဆေးရုံကြီးမှ ပြန်သွားခဲ့သည်။

ချစ်ဦးမောင် တစ်ညလုံး သတိမေ့မြောနေရာ နောက်တစ်နေ့နံနက်ကျမှ သတိရလာခဲ့သည်။

သူ သတိပြန်ရလာသောအချိန်တွင် မြတ်ဝင်းလဲ့မွန်မှာ သူ၏ခုတင်ကို ဦးခေါင်းတင်ကာ ကုလားထိုင်တစ်လုံးနှင့် အိပ်ပျော်နေသည်ကို တွေ့ရသည်။

ချစ်ဦးမောင်မှာ အရမ်းအံ့သြသွားသည်။

အံ့သြလွန်း၍ သူ၏မျက်စိများကိုပင် သံသယဖြစ်အောင် မယုံနိုင်ဖြစ်နေသည်။

သူသည် ခုတင်ထက်တွင် လှဲနေရာက ထရန်ပြင်သည်။

ခေါင်းမှဒဏ်ရာကြောင့် သူ့မှာ မိုက်ခနဲဖြစ်သွားသည်။

သူ မထနိုင်ဘဲ ခေတ္တမျှ ငြိမ်နေလိုက်ရသည်။

အတန်ကြာမှ သူ၏ ဘယ်ဘက်လက်နှင့် သူ့ခုတင်





ပေါ်၌ အိပ်ပျော်နေသော မြတ်ဝင်းလဲ့မွန်၏ ဦးခေါင်းကလေးကို အသာလှမ်းကိုင်နေသည်။

ထိုသို့ အကိုင်ခံလိုက်ရ၍ အိပ်ပျော်နေသော မြတ်ဝင်းလဲ့မွန်မှာ နိုးလာခဲ့သည်။

နိုးလျှင်နိုးချင်း မြတ်ဝင်းလဲ့မွန်က ချစ်ဦးမောင်ရှိရာသို့ လှမ်းကြည့်သည်။

သူ့ကို ပြုံး၍ကြည့်နေသော ချစ်ဦးမောင်ကို မြင်ရသည်။

မြတ်ဝင်းလဲ့မွန် စိတ်ထဲတွင် အရမ်း ဝမ်းသာသွားခဲ့သည်။

'ဟင်... ရှင်... ရှင် သတိရလာပြီနော်။ ဝမ်းသာလိုက်တာရှင်'

မြတ်ဝင်းလဲ့မွန်က ဝမ်းသာအားရသံနှင့် ပြောနေသည်။

'အင်း... သတိရလာပါပြီ။ ဒါထက် ခင်ဗျားက ကျွန်တော့်ခုတင်ဘေးမှာ ဘာကိစ္စလာအိပ်နေရတာလဲ။ အိမ်ပြန် အိပ်ရင် ကြွေးရှင်တွေနဲ့ တိုးမှာစိုးလို့လား။ ဟဲ... ဟဲ'



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးမောင်က မသိဟန်ဆောင်၍ မေးနေသည်။

'ဟောကြည့်… ဒဏ်ရာကလေး နည်းနည်းသက်သာလာတာနဲ့ မဟုတ်တာကို စပြောတော့တာပဲ။ ဟွင်း…'

မြတ်ဝင်းလဲ့မွန်က သဘောမကျဟန်နှင့် နှုတ်ခမ်းကလေးစူပြရင်း ပြန်ပြောသည်။

'အဟဲ… ကိုယ်က ဆင်အော်မ… အဲ… အဲ… ဆောရီး၊ မလဲ့မွန်ကို တခင်နှောက်လိုက်တာပါ။ ကဲ… ပြောစမ်းပါဦး၊ ကိုယ့်ခုတင်ဘေးမှာ အခုလိုပဲ တစ်ညလုံး စောင့်နေသလား'

'အင်းပေါ့… ရှင့်ဒဏ်ရာက ပြင်းထန်နေတော့ လဲ့မွန်လည်း စိုးရိမ်ပြီး အခုလို ညလုံးပေါက် စောင့်နေရတယ်လေ'

'ဟာဗျာ… အားနာစရာကြီး၊ ဘာဖြစ်လို့ ဒုက္ခခံပြီး အခုလို စောင့်နေရတာလဲ။ ဒီဆေးရုံမှာ သူနာပြုဆရာမတွေရော၊ ဆရာဝန်တွေရော ညလုံးပေါက်ရှိနေတဲ့ဟာ'





'ရှိနေပေမယ့် အခု ရှင်ရတဲ့ဒဏ်ရာက ကျွန်မကိုယ်စား ဝင်ခံလို့ ရခဲ့တဲ့ဒဏ်ရာလေ။ ရှင်သာ အပေါ်က ပြုတ်ကျလာတဲ့ သစ်သားတန်းကို ကျွန်မကို မထိအောင် ဝင်မခံပေးရင် အခု ဆေးရုံမှာ ရောက်နေရမယ့်လူက ကျွန်မ ဖြစ်နေမှာပေါ့။ ဒါကြောင့် ရှင့်ကို ကျေးဇူးတင်လွန်းလို့ ရှင် သတိမရမချင်း မခွာနိုင်ဘဲ ညလုံးပေါက် စောင့်နေရတာပေါ့'

'အို့ဟို… သဟာလိုကြောင့်လား၊ ကဲ… ဒီတော့ ပြောပါဦး။ ကိုယ့်ကို ကျေးဇူးပဲတင်တာလား'

'အလို… ကျေးဇူးအပြင် ကိုချစ်ဦးမောင်က ဘာများ ထပ်ပြီး လိုချင်လို့လဲ'

'တခြားဟာတော့ မလိုချင်ပါဘူး။ သိချင်တာကလေးတွေကို သိလိုစိတ်ပေါ်လာလို့ပါ။ မှန်မှန်ဖြေရမယ်နော်'

'အင်းပါ… ရှင်သာ မေးလိုရာမေးပါ။ လဲ့မွန် ဖြေပါ့မယ်'

'အိုကေ… တခြားဟာကို မမေးလိုပါဘူး။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ လွဲမွန်ရဲ့စိတ်ထားဟာ အရင်အတိုင်းပဲ။ အဝါကာတ်တွေ၊ အနီကာတ်တွေပြပြီး မှန်းတုန်းပဲလား။ သို့မဟုတ် မေတ္တာသက်ဝင် ချစ်ခင်လာပြီလားဆိုတာကိုပါ။ အမှန်ကိုသာ မြန်မြန်ဖြေပါတော့။ ဟဲ… ဟဲ…’

‘မေးနေဖို့လိုသေးသလားရှင်။ တစ်ညလုံး ရှင့်အနားက တစ်ဖဝါးမှမခွာဘဲ စောင့်ကြည့်နေမှတော့ မုန်းသေးသလား ဆိုတဲ့စကားကို မေးဖို့မလိုတော့ပါဘူးလေ။ အပွေးမြင် အပင်သိ၊ အသွေးမြင် အသွင်သိ ဆိုတဲ့စကားလို သိဖို့ကောင်းနေပါပြီ’

‘အောင်မယ်လေးလေး… ကြားရ ကြားရ နားဝမှာ မသက်သာလိုက်တာ။ အဲလေ… ယောင်လို့၊ ကြားရတာ နားဝမှာ မင်္ဂလာရှိတာမို့ ခင်ကညာတမိကို ခုတင်မှာဖိပြီး မွေးလိုက်ချင်တော့တာပဲ။ ဟား… ဟား… ဟား’

‘အို…! ဘာစကားတွေ လာပြောနေရတာလဲ။ ရှက်စရာကြီး’





‘မရှက်ပါနဲ့ သက်လျာရယ်၊ ကိုယ့်အနေနဲ့ ဝမ်းသာလွန်းလို့ ကျွမ်းတောင်ထပြီး ထိုးလိုက်ချင်တယ်။ ခေါင်းက ဒဏ်ရာကြောင့် ငြိမ်နေရတာပါ။ ဟဲ… ဟဲ…’

‘တော်ပါ… ကိုပိုကတော့ ပြောရင် ပိုကိုပိုတယ်’

‘ပိုတာမဟုတ်ပါဘူး။ လိုတောင် လိုနေပါသေးတယ်။ ဒါနဲ့ လွဲမွန် မမုန်းဘူးဆိုတာ တကယ်ပြောနေတာနော်။ ကိုယ် ဒဏ်ရာရနေလို့ စိတ်ချမ်းသာအောင် ပြောနေတာ မဟုတ်ဘူးမို့လား’

‘တကယ်ပါရှင်၊ စောစောက လွဲမွန်ပြောခဲ့သလို ရှင့်ကို အဝါကတ်ပြပြီးလည်း မမုန်းသလို အနီကတ်ပြပြီးလည်း မမုန်းဘဲ မေတ္တာအပြည့်ထားပြီး အချစ်ပယ်နယ်တီ ကို ပေးလိုက်မယ်။ ဒါဆို ကျေနပ်ပြီလား’

‘ဟာ… အရမ်းကို ကျေနပ်ဝမ်းသာတာပေါ့။ ဒါပေမဲ့ ပယ်နယ်တီဆိုတာ ပေးတိုင်းကို ဂိုးက မဝင်ဘူးလေ။ ဂိုးစောင့်က ပုတ်တာခံရရင် ခံရ၊ ဒါမှမဟုတ် ဂိုးသွင်းတဲ့သူက ဘောတိုင်၊ အပေါ်ကျော်ထောင်ပြီး ကန်မိလို့



www.burmeseclassic.com

www.burmeseclassic.com



လွှဲသွားတာရှိတတ်တာမို့ လှဲမွန်ပေးမယ့် အချစ်ပယ် နယ်တီကြီး မဝင်ရင် ဘယ်လိုလုပ်မလဲ'

'အဲဒီလောက် အခွင့်အရေးပေးထားတဲ့ အချစ်ပယ် နယ်တီကို ဂိုးဝင်အောင် မသွင်းနိုင်ရင်တော့ လှဲမွန်နဲ့ မောင် ဟာ ဖူးစာကံမပါလို့ဘဲလို့ မှတ်လိုက်ပေတော့'

'ဟော... ဟော... ခု... ခုနင်က လှဲမွန်က ကိုယ့် ကို ဘယ်လိုခေါ်လိုက်တယ်။ ပြန်ပြောစမ်းပါဦး'

ချစ်ဦးမောင်က ဝမ်းသာအားရနှင့် မေးနေသည်။

'ချောင်လို့ ခေါ်လိုက်တာလေ။ ခစ်... ခစ်... ခစ်...'

'ဟာ... ဘယ်ကလာ ချောင်ရမှာလဲ။ ကိုယ့်နားထဲ မှာ ကြားမိလိုက်တာက မောင်ပါ ဟုတ်တယ်မဟုတ် လား'

မြတ်ဝင်းလှဲမွန်က ချစ်စဖွယ်မျက်နှာကလေးနှင့် ပြုံး ပြရင်း ခေါင်းကိုညိတ်ပြသည်။

'အို... အို... ခေါင်းကိုပဲ ညိတ်ပြမနေနဲ့လေ။ အချစ် ရဲ့နှုတ်ဖျားက မောင် ဆိုတဲ့ခေါ်သံကို ကြားချင်လို့ပါ။





ပြန် ခေါ်ပါဦး'

ချစ်ဦးမောင်က အတင်းပင် တိုက်တွန်းနေသည်။

သို့ဖြစ်၍ မြတ်ဝင်းလှဲမွန်က နောက်တစ်ကြိမ် ခေါ်ရ ပြန်သည်။

'မောင်'

'အောင်မယ်လေးလေး... ဒီခေါ်သံကလေး ကြားရ တာ ဗေလုဝတီးတဲ့ နတ်စောင်းသံထက်တောင် သာယာသေးတယ်။ မောင်တော့ ဝမ်းသာလွန်းလို့ ခေါင်းကဒတ်ရာတောင် ဂရုမစိုက်နိုင်ဘဲ ကျွမ်းထိုး လိုက်ချင်ပြီ။ မိုးနတ်မင်းကြီးရေ... ကျွန်တော်မျိုးကို ကျွမ်းထိုးပြနိုင်အောင် ကူညီပါလားဗျာ'

'တော်စမ်းပါ... ကိုသည်းပိုကြီးကတော့ ပိုကိုပို တယ်'

'မပိုပါဘူး အချစ်ရယ်၊ လိုတောင် လိုနေသေးတယ်။ ဒီတော့ အချား အချား မနော့အေးအောင် another (အနားသား) call (ကော)ကလေးနဲ့ တစ်ခါထပ်ခေါ် စမ်းပါဦး'



www.burmeseclassic.com

www.burmeseclassic.com



'အိုကွာ… ခဏခဏခေါ်ခိုင်းနေတာပဲ'

'နှားထောင်လို့ အရသာရှိလွန်းလို့ပါ၊ ခေါ်လိုက်စမ်းပါဦး'

'မောင်…'

ချစ်ဦးမောင်၏ ဆန္ဒအတိုင်း မြတ်ဝင်းလှဲ့မွန်က ခေါ်လိုက်ရပြန်သည်။

'အယိုယို… ကြားရတာ လူတစ်ကိုယ်လုံး ဖိန်းခနဲ ရှိန်းခနဲနဲ့ ခေါင်းက ဒဏ်ရာတောင် ပျောက်သလိုဖြစ်သွားတယ်။ ဒီတော့ ဝမ်းစမိုး ဒါလင်'

'ဟာ… ဒါတော့ လွန်နေပြီ။ မခေါ်ချင်တော့ဘူး'

မြတ်ဝင်းလှဲ့မွန် ဈေးကိုင်နေသည်။

'ဟင့်အင်းကွာ… ခေါ်စမ်းပါဆိုမှ ဒီတစ်ခါ အခုလို အဝေးကြီးကနေ မခေါ်နဲ့။ မောင့်နားနားကို ကပ်ပြီး ခေါ်နော်'

'ခုနကအတိုင်း ခေါ်လည်း ကြားရတဲ့ဟာ။ အနားကပ်ပြီးခေါ်ရဦးမှာလားလို့'

'သြော်… ဒါလင်ကလည်း မောင့်အနားကိုကပ်ပြီး ဟာ



ခေါ်လိုက်တော့ ဒါလင့်ရဲ့နှုတ်မှ ထွက်ပေါ်လာတဲ့ လေနုအေးကလေးပါ မောင့်ကိုထိပြီး အရသာက ပိုရှိမှာမို့ပါ။ နော်… နော်…'

မြတ်ဝင်းလှဲ့မွန်လည်း ကြေးထူမနေတော့ဘဲ ချစ်ဦးမောင်၏မျက်နှာအနီးသို့ကပ်ရန် သူမ၏ကိုယ်ကို ထိုင်နေရာမှ ထလိုက်ရသည်။

ပြီးတော့ ချစ်ဦးမောင်၏မျက်နှာအနီးသို့ တိုးကပ်မည်အပြု အကြံသမား ချစ်ဦးမောင်က ညာဏ်များများနှင့် မြတ်ဝင်းလှဲ့မွန်၏ ကိုယ်ကလေးကို သူ့လက်နှင့် ပွေ့ဖက်ကာ ထားလိုက်သည်။

'အို… အို… ဒါက ဘာလုပ်တာလဲ။ ဒါက ဆေးရုံလေ၊ တခြားလူမမာတွေရှိတာကို သတိထားဦး။ သိပ်မကဲနဲ့'

'သိပ်ကဲတာ မဟုတ်ပါဘူးကွယ်။ အချစ်ရဲ့တစ်ကိုယ်လုံးကို မပွေ့ဖူးလို့ ပွေ့ချင်လို့ပါ'

'ဘာလို့ မပွေ့ဖူးရမှာလဲ။ ရုပ်ရှင်ရိုက်တုန်းက ချစ်ခန်း ကြိုက်ခန်းတွေမှာ လှဲ့မွန်ကို ပွေ့ဖူးတဲ့ဟာ

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… အဲဒါက ရုပ်ရှင်ရိုက်နေလို့ သရုပ်ဆောင်ပြတာလေ။ ပြီးတော့ မောင်နဲ့ အချစ်ကလည်း အဲဒီတုန်းက တစ်ဦးနဲ့တစ်ဦး ကြည့်မရအောင် မုန်းနေကြတာမို့ ဖီလင်မတက်ဘူး။ ဟော…အခုကျမှ တကယ့်ချစ်သူတွေ ဖြစ်သွားလို့ ဖီလင်အပြည့်နဲ့ ပွေ့ဖက်ချင်တာပါ။ ဟဲ… ဟဲ… ဟဲ…'

'မောင်တို့ယောကျ်ားတွေက ဒီအတိုင်းပဲ။ အခွင့်အရေးရရင် ရသလို အပိုင်ယူလိုက်ကြတာပဲ'

'ဟုတ်တယ်လေ… အခွင့်အရေးဆိုတာ ရတုန်းယူရတာပဲ။ နို့မို့ ဆုံးရှုံးမှုနဲ့ ကြုံရမှာပေါ့'

ချစ်ဦးမောင် ပြောရင်း မြတ်ဝင်းလဲ့မွန်၏ ပါးကလေးကို တအားမွှေးပစ်လိုက်သည်။

'ရွတ်…'

'အို… ဒါက ဘာလုပ်တာလဲ။ တခြားလူတွေဝင်လာရင် ဘယ်လိုလုပ်မလဲ'

'မဝင်ပါဘူး အချစ်ရယ်၊ ဒီအခန်းက မောင့်အတွက် ကားဥ္ သီးသန့်ခန်းပဲ။ မောင်နဲ့ အချစ်ပဲရှိတဲ့ဟာ'





ချစ်ဦးမောင်မှာ စကားအဆုံးတွင် နောက်တစ်ကြိမ် မြတ်ဝင်းလဲ့မွန်၏ ပါးကလေးဖွေးဖွေးကို တအားမွှေးပြန်သည်။

'ဟိုး… ဆရာ ဟိုး… ဆပ်ဘွတ်ကရီး၊ တော်ရုံပဲကောင်းတယ်။ မောင့်ခေါင်းက ဒဏ်ရာကိုလည်း သတိရဦး။ ရှစ်ချက်တိတိ ချုပ်ထားရတာနော်။ သိပ်ကဲမနေနဲ့၊ ဟွင်း…'

'နေပေ့စေ… ရှစ်ချက်မကလို့ နှစ်ဆယ့်လေးချက်ပဲ ချုပ်ထားရ ချုပ်ထားရ နှုတ်ခမ်းနဲ့ အဲဟုတ်မကြွားဘဲ ထုတ် ကြွားရရင် ကျုပ် မယားရတော့မှာမို့ပေါ့။ ဒီတော့ အချစ်ရေ'

'ဘာလဲ မောင်'

'ကိုယ်တို့တစ်တွေ ဖားပြုတ်သား စားကြပါစို့။ ဟား… ဟား… ဟား…'

'အို… မောင်ကတော့ နောက်ပြီ၊ ခစ်… ခစ်… ခစ်…'

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

### မင်္ဂလာဦး ညည့်ခံပွဲ

ချစ်ဦးမောင်၏ ဦးခေါင်းမှ ဒဏ်ရာမှာ နှစ်လခန့်အကြာတွင် ရှင်းရှင်းလင်းလင်း ပျောက်ကင်းသွားခဲ့သည်။ သူနှင့် မြတ်ဝင်းလဲ့မွန်တို့၏ မင်္ဂလာပွဲကိုလည်း ခြောက်လခန့်အကြာတွင် ခမ်းနားစွာ ကျင်းပခဲ့ကြသည်။

နာမည်ကြီး မင်းသားနှင့် မင်းသမီးဖြစ်ရုံမျှမက အတိတ်က ရန်စရှိခဲ့ကြသူနှစ်ဦး၏ မင်္ဂလာပွဲမို့ ဧည့်သည်များကလည်း ... သင်္ဂဟတွေရော၊ ရုပ်ရှင်လောကမှ အနုပညာသည်ရော၊ စာ



နယ်ဖင်းမှ သတင်းထောက်တွေပါ ဝက်ဝက်ကွဲမျှ စည်ကားလှသည်။

ထိုပရိသတ်ကြီးထဲတွင် အပျော်ရွှင်ဆုံး ပုဂ္ဂိုလ်ကြီးကတော့ ဒါရိုက်တာကြီး မင်းဘီလူးပင်။

သူ တကယ် ဝမ်းမြောက်နေသည်။ အဟုတ်ဝမ်းမြောက်နေသည်။

အရမ်း အရမ်းကို ဝမ်းမြောက်နေရှာသည်။

အကြောင်းကတော့ ချစ်ဦးမောင်ရော၊ မြတ်ဝင်းလဲ့မွန်ပါ သူ့ရုပ်ရှင်သွေးများပမာ သဘောထားခဲ့၍ပင်။

ထိုသို့ သဘောထားခဲ့၍လည်း ယခုလို အမုန်းကြီးမုန်းတီးကြရာမှ တစ်ဦးနှင့်တစ်ဦး အမုန်းတွေပျောက်ပြီး အကြင်လင်မယားဘဝသို့ပါ ရောက်လာကြ၍ပင်။

သို့ဖြစ်၍ ဒါရိုက်တာကြီး မင်းဘီလူးက မင်္ဂလာစကားကို အောက်ပါအတိုင်း ပြောကြားခဲ့သည်။

'မင်္ဂလာပွဲကို ကြွရောက်လာခဲ့ကြတဲ့ ဧည့်ပရိသတ်ကြီးများခင်ဗျား။ အခုလို သတို့သား မောင်ချစ်ဦးမောင်နဲ့ သတို့သမီး မြတ်ဝင်းလဲ့မွန်တို့ရဲ့ ကျက်သရေ

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ ဒီမင်္ဂလာပွဲမှာ စကားပြောခွင့်ရလို့ အထူးပဲ ဝမ်းမြောက်ဂုဏ်ယူပါတယ်…

'အားလုံးသိကြတဲ့အတိုင်းပဲ သူတို့နှစ်ဦးဟာ မျက်နှာချင်းဆိုင်လို့မရအောင် မုန်းတီးခဲ့ကြသူတွေပါ။ ဒါကြောင့် သူတို့ ပါဝင်ရိုက်ကူးခဲ့ကြတဲ့ ပထမကားတုန်းက ဒါရိုက်တာဖြစ်တဲ့ ကျွန်တော့်အတွက် အလွန်ပဲ စိတ်ညစ်ခဲ့ရပါတယ်။ ဒါပေမဲ့လည်း ဇာတ်ကားထွက်ပေါ်လာတဲ့အခါ နှစ်ဦးစလုံး အောင်မြင်ခဲ့ကြပြီး မောင်ချစ်ဦးမောင်ဆိုရင်လည်း အဲဒီကားတစ်ကားတည်းနဲ့ ရုပ်ရှင်စာရင်းဝင် မင်းသားကြီးဖြစ်သွားတာ ယခု ကြွရောက်လာခဲ့ကြတဲ့ ပရိသတ်ကြီးအသိပါ…

'အင်း… ဒါပေမဲ့ ဖူးစာက်တရားက သူတို့အတွက် အကြောင်းပါဖို့ ဖန်လာခဲ့ကြတော့ အခုလို ဇနီးမောင်နှံဘဝကို ရောက်ခဲ့ကြတာပါပဲ…

'အဲဒီလို ရောက်ခဲ့ကြတဲ့အတွက် အရင်တုန်းက မြတ်ဝင်းလဲ့မွန်ဟာ မောင်ချစ်ဦးမောင်ကို ဘောလုံးစကားနဲ့





ပြောရရင် အဝါကတ်တွေ၊ အနီကတ်တွေပြပြီး မုန်းတီးခဲ့ရာက အခုတော့ မြတ်ဝင်းလဲ့မွန်ဟာ အမုန်းကြွေးတွေ ဆပ်တဲ့အနေနဲ့ အချစ်ပယ်နယ်တီပေးပြီး သူမရဲ့ အမုန်းကြွေးတွေကို နိဂုံးချုပ်ခဲ့ပါတယ်…

'အခုဆိုရင် ကြွရောက်လာခဲ့ကြတဲ့ ပရိသတ်ကြီးများ မြင်ကြတဲ့အတိုင်း သတို့သားနဲ့ သတို့သမီး ဖြစ်ခဲ့ကြပါပြီ…

'အဲဒါကြောင့် ကျွန်တော်က သူတို့တစ်တွေကို ဇနီးမောင်နှံအဖြစ်နဲ့ ရာသက်ပန် ချစ်ချစ်ခင်ခင်နှင့် ပေါင်းဖက်သွားနိုင်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။ ထို့အတူပဲ သူတို့ကို ဆုတောင်းမေတ္တာပို့ပေးကြပါလို့ ပန်ကြားရင်းနဲ့ ကျွန်တော့်ရဲ့ မင်္ဂလာစကားကို နိဂုံးချုပ်လိုက်ပါတယ် ခင်ဗျား'

ဒါရိုက်တာကြီးမင်းဘီလူး၏စကားအဆုံးတွင် မင်္ဂလာပွဲလာ ဧည့်ပရိသတ်ကြီးထံမှ ဩဘာလက်ခုပ်သံများမှာ နားကွဲမတတ် ထွက်ပေါ်လာခဲ့ကြသည်။

ချစ်ဦးမောင်နှင့် မြတ်ဝင်းလဲ့မွန်တို့ကတော့ ပီတိပွမ်း



www.burmeseclassic.com

www.burmeseclassic.com



သော အပြုံးများနှင့် တစ်ဦးကိုတစ်ဦး ကြည်နူးစွာ ကြည့်နေကြသည်။

ကျွန်တော် ကြူမွေးကလည်း ဤဝတ္ထုကို အပြုံးပန်းနှင့် ပြီးဆုံးခန်းသို့ ပို့ဆောင်လိုက်ရပါသတည်း။

ချစ်စွာသော စာဖတ်သူများ အမုန်းစိတ်များကင်းဝေးပြီး ရွှင်လန်းပျော်မြူးနိုင်ကြပါစေသော်ဝ်။

ကြူမွေး

BURMESE CLASSIC .com
www.burmeseclassic.com